
www.burmeseclassic.com
မင်းသက်ရှာ စာပေ
BURMESE CLASSIC
ကာမနှင့်ပတ်သက်သော
ဖြစ်ရပ်မှန်ဇာတ်လမ်းများ
သတိုးဝိရ
www.burmeseclassic.com

www.burmeseclassic.com

## ✱ ပုံနှိပ်မှတ်တမ်း ✱

ပထမအကြိမ် ✱ ၂၀၁၄-ဩဂုတ်လ

အုပ်ရေ ✱ ၅၀၀

မျက်နှာဖုံး ဒီဇိုင်း ✱ နေသွေး ၀၉၄၂၀၀၅၈၄၃၆

အတွင်းဖလင် ✱ ကိုအေးလွင်

တန်ဖိုး ✱

ထုတ်ဝေသူ ✱ ဦးချစ်ညွန့် (ဇင်ရတနာစာေပ စာပေ)
၂၀၅ (က/ခ) မြို့သစ်၊ အင်းစိန်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ✱ ဦးအောင်မြင့်သိန်း
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်/၁၅၀-၄၇လမ်း
ဗိုလ်တထောင်မြို့နယ်

ထုတ်ဝေသည့်ကတ်တလောက်အညွှန်း ( CIP )

သတိုးဝီရ ၈၀၈.၈၁
ထာဝနှင့်ပတ်သက်သော သတိုးဝီရ ရန်ကုန်
ဇင်ရတနာစာေပ စာပေ-၂၀၁၄
စာမျက်နှာ-၂၇၀၊ ၁၀.၅ စင်တီ x၁၆.၅ စင်တီ
(၁) ထာဝနှင့်ပတ်သော...

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ အမှာစကား
၂။ မာယာအရင်းအနှီး
၃။ ဆွယ်ရာနောက်သို့လိုက်သူ
၄။ တိမ်တွေနေတဲ့အရပ်
၅။ မင်းသားဘဝမှ သူတောင်းစားဘဝသို့
၆။ ဆိတ်ကွယ်ရာက အမှားများ
၇။ ညအလင်္ကာ
၈။ မိန်းမနှင့်ယောကျာ်းတို့အပြန်အလှန်နှောင်ဖွဲ့မှု(၈)မျိုး
၉။ ခြားနားချက်
၁၀။ တဏှာမင်းသမီးတောင်းသောဆုမြတ်
၁၁။ ရွေးချယ်ခွင့်ရဲ့ အခြားတစ်ဖက်
၁၂။ ပဥ္စပါပီဂတ္ထု
၁၃။ အန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါစို့
၁၄။ ချစ်သောညီမလေး သိပါစေ
၁၅။ သူတောင်းစားနှင့်မိဖုရား
၁၆။ ဗိုလ်ချုပ်အောင်ဆန်း၏ကိုယ်တိုင်ရေး
ကိုယ်ကျင့်တရား
၁၇။ အပျို၊ အပျိုစစ်နှင့် အပျိုစင်
၁၈။ ကာမရဲ့ ဆွဲအား
၁၉။ လက်မထပ်ဘဲ အတူနေခြင်းနှင့်ပတ်သက်၍
၂၀။ ကာမေသုမိစ္ဆာစာရကံအဖွင့်


www.burmeseclassic.com

www.burmeseclassic.com



## ကာမနှင့်ပတ်သက်သောအမှာ . . .

လူရယ်လို့ဖြစ်လာတာနှင့် တစ်ပြိုင်နက်ထဲ 'အာရုံ'တွေကို ဆာလောင်တတ်တာ သဘာဝပါ။

မျက်စိက လှတာကိုမြင်ချင်တယ်။

နားက ချိုသာတဲ့ စကားကို ကြားချင်တယ်။

လျှာက အရသာရှိတာကို နှစ်သက်တယ်။

စသည် စသည်အားဖြင့် ဘယ်သူမဆို အာရုံတွေနောက်ကသာ ပျော်ပါးယစ်မူးချင်တာ သဘာဝပါ။

အဲဒီထဲမှာ 'အထိအတွေ့' ဆိုတဲ့ အာရုံကတော့ အပြင်းထန်ဆုံးနှင့် ဆွဲအား အကောင်းဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


ဥပမာအားဖြင့်

ကြမ်းပြင်ပေါ်မှာ အိပ်တာထက်၊ ဖဲမွေ့ရာပေါ်မှာ အိပ်ချင်တယ်၊ လိုင်းကားတိုးစီးရမှာထက် ဇိမ်ခံကားကို စီးချင်တယ်။ ၁၀ပေ ပတ်လည်အခန်းထက် အိမ်အကျယ်ကြီးမှာ နေချင်တယ် . . .

စသည်အားဖြင့် လူဟာအကောင်းဆုံး အထိအတွေ့ကို မျှော်လင့်တာ သဘာဝပါ။

သို့သော် . . .

အထက်ပါကဲ့သို့ 'အထိအတွေ့' ဆိုတာ ဘာမှထူးခြားမှု မရှိတဲ့၊ အသေးအမွှား အထိအတွေ့ပါ။

ဟောဒီလောကကြီးမှာ အကြီးမားဆုံး၊ အပူလောင်ဆုံး၊ အကျယ်ပြန့်ဆုံး၊ အပြင်းထန်ဆုံး၊ အခိုင်အခန့်ဆုံး 'အာရုံ' (သို့မဟုတ်) အထိအတွေ့ဆိုတာ တစ်ခုပဲရှိတယ်။

အဲဒါကတော့ ယောကျ်ားလေးတွေအတွက် မိန်းကလေးများရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဖြစ်ပြီး၊ မိန်းကလေးတွေအတွက် ယောကျ်ားလေးများရဲ့အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိပါပဲ။

(အံပါ၊၁–၅၁)


www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်အတွက် မိန်းကလေးကလွဲပြီး၊ မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားလေးကလွဲပြီး ပြင်းထန်သော အတွေ့အထိဆိုတာ လုံးဝမရှိလို့ပါဘဲ။

ဒါကိုပင် ကာမဂုဏ်
ဒါကိုပင် ကိလေသာ
ဒါကိုပင် အိမ်ထောင်ရေး
ဒါကိုပင် ကာမေသု
ဒါကိုပင် အချစ် . . . ဟု ခေါ်လိုက်တယ်။

□□□

မင်းလေကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင် အမည်နာမတွေ တပ်ပါစေ(ကာမ)ဟု ဆိုလိုက်ပါက ပြီးပြည့်စုံပါပြီ။

သို့သော် . . .

အဲဒီကာမဆိုတာ. . .လူကိုကောင်းကျိုးပေးတာထက် ဆိုးကျိုးကို ပိုပိုပြီး ပေးဆောင်ပါတယ်။ တရားသဘောဆိုတဲ့ အရာတွေကို ခဏထားပြီး 'ပစ္စုပ္ပန်ဘေးထက် ဆိုးကျိုးရှုထောင့်' တစ်ခုနဲ့ တိုင်းတာကြည့်ရင်ပင် မကောင်းတဲ့ အရာတွေက ထုထည်ကြီးမားနဲ့တယ်။

တချို့က ကာမနဲ့ပတ်သက်ပြီး လက်ရှိဘဝမှာလည်း ပျက်စီးဆုံးရှုံးမှုများစွာနဲ့ ကြုံတွေ့သလို တချို့ကတော့ နောင်ဘဝအထိပါ မကောင်းတဲ့ အကုသိုလ်ဆိုးကျိုးတွေကို သယ်ဆောင်သွားတယ်။

အပြင်းထန်ဆုံးသော 'အတွေ့အထိ' ဆိုတော့လည်း သာမန်လူတစ်ယောက်အနေဖြင့် အဲဒီကွန်ယက်ကနေ ရုန်းထွက်ဖို့ဆိုတာ လွယ်ကူသောအရာတစ်ခုမဟုတ်ပေ။

ဒါပေမဲ့

အဲဒီ'အတွေ့အထိ' နဲ့ပတ်သက်ပြီး လူဟာ အဆိုးဆုံးအခြေအနေမရောက်အောင်တော့ (ဒီဘဝမှာလည်း အမည်ပျက်၊ ထောင်ကျ၊ ရောဂါရ၊ စည်းစိမ်ကုန်၊ မိသားစုဘဝတွေ ပြိုကွဲ၊ နောင်ဘဝမှာ ငရဲကျ၊ အပြစ်များ) 'အသိပညာ'ဦးစီးပြီးတော့ တွန်းလှန်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com


အကြီးမားဆုံးအရာတစ်ခုကို တွန်းလှန်ဖို့ဆိုပါက အကောင်းဆုံး အတွေ့အကြုံရှိရပါမယ်။

ဒီလိုဆိုပါက ယောကျ်ားလေး၊ မိန်းကလေး အချင်းချင်း စပ်ယှက်ရှုပ်ထွေးပြီးမှ အတွေ့အကြုံယူရမှာ မဟုတ်ပေ။ သူတစ်ပါးတို့ရဲ့ အပြစ်အပျက်များကို သင်ခန်းစာယူပြီး မိမိ မဖြစ်အောင် ဖယ်ရှားရမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်စေဖို့ အဓိကရည်ရွယ်ပြီး ဒီစာအုပ်ကို ရေးပါတယ်။

□□□


www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ကို ရေးတဲ့အခါမှာ မိမိအနေဖြင့် ယောကျ်ား၊ မိန်းမနှစ်ဦးစလုံးဟာ 'အထိအတွေ့'မှာ သာယာပြီးမှား"တတ် ကြတာကို သဘောပေါက် လက်ခံထားပါတယ်။

ဒီအတွက်

စာအုပ်မှာပါတဲ့ အကြောင်းအရာများကို မိန်းမ၊ ယောကျ်ား (၅၀%)စီဖြစ်အောင် တင်ပြမယ်ဟု အကြမ်းဖျင်း စီစဉ်ခဲ့ပေမယ့်လည်း (ကာမနှင့် ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်များ)ကို အဓိကထားတင်ပြခြင်းနှင့် ဖြစ်ရပ်မှန်ကို ဦးစားပေးချင်သော အကြောင်းနှစ်ချက်အောက်မှာ (ဒီစာအုပ်အတွက်)ရာခိုင်နှုန်း ညီမျှဖို့ မလွယ်ကူပေ။

ရှင်းပြပါရစေ။

၁။ပထမ(ကာမနှင့်ပတ်သက်သော ဇာတ်လမ်း)၊(စာပေလာနှင့်ပစ္စုပ္ပန်ဘဝဇာတ်လမ်း)များကိုသာ ရေးဖို့ ဦးတည်ခဲ့ပေမယ့်လည်း 'ကာမနှင့်ပတ်သက်၍ သိသင့် သိထိုက်များ သိစေဖို့အတွက် (မုဒိမ်းနှင့်ပတ်သက်မှု ကာမမေသုအဖွင့်များ) စသည်ကြောင့် ကျား/မ မညီမျှခြင်း။

၂။ဒုတိယ(ဖြစ်ရပ်မှန်)ဟုဆိုရာနဲ့ ပတ်သက်ပြီးတော့ ဇာတ်လမ်းပေါင်းများစွာကို နားထောင်ခဲ့ရပေမယ့် မိမိအနေဖြင့် ခိုင်လုံသော အနေအထား ရေးသားခဲ့သည့်အတွက် ကျား/မ မညီမျှခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင် မညီမျှမှုတွေဖြစ်နေပါစေ 'နှစ်ဦးစလုံး ဖောက်ပြန်တတ်ကြတယ်' ဟု ခံယူထားခြင်းကြောင့် . . .

"မိန်းကလေးတွေက ပိုပြီးတော့ ဖောက်ပြန်တတ်တယ်" ဟု မှတ်ချက်ပြုပါကလည်း (မိန်းကလေး ပရိသတ်များ) နားလည်လက်ခံမည်ဟု ယူဆနေပါတယ်။

ဒီစာအုပ်ကို ရေးတဲ့အခါ 'ဖြစ်ရပ်မှန်'များကို အကြောင်းအရာပိုင်းအရ ဖြစ်ရပ်နှင့် အနီးဆုံးဖြစ်အောင် အားထုတ်ခဲ့ပါတယ်။ (နာမည်၊ အရပ်ဒေသတွေကတော့ လွှဲထားပါတယ်) ဒီအတွက် တိုက်ဆိုင်မှုတချို့ ရှိသွားနိုင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ တချို့ဖြစ်ရပ်တွေက 'လတ်ဆတ်နေလို့ပါ'

ကာမနှင့်ပတ်သက်ပြီး 'ကာကွယ်ခြင်း'ကို ပြုနိုင်ပါစေဟု ဆန္ဒကိုရှေ့တန်းတင်ပြီး ရေးသားတဲ့ပစ္စုပ္ပန်ခေတ်လမ်း၊ ပိဋကတ်တော်လာ ခေတ်လမ်းများအပြင် ကာမဓေသုနှင့် ပတ်သက်သောအရာများကိုပါ ဖော်ပြခဲ့ပါတယ်။ အဲဒီအတွက် အောက်ပါစာအုပ်သုံးအုပ်ကို အဓိကလက်ကိုင်ထားရေးခဲ့ပါတယ်။

၁။ကာမဟူသည် (တည်တောဆရာတော်)

၂။အပြင်းထန်ဆုံး ဆွဲအားများ (အရှင်ကောဏ္ဍည၊ ဖောင်းပြင်)



www.burmeseclassic.com

www.burmeseclassic.com



၃။ဗုဒ္ဓဘာသာဝါဂုဏ်ရည် (မွှာစရိယဦးအေးနိုင်)
ဒီအတွက် . . .
မူရင်းစာရေးသူများကို အလေးအနက်ထားလျှက်. . .

သတိုးဝိရ

ဗင်းလတ်ရာတော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


"ရဟန်းတို့ ထိုမှတစ်ပါးလည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့်သာလျှင် မကောင်းအကျင့်ကို ကိုယ်၊ နှုတ်၊ စိတ် တို့ဖြင့် ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာပျက်စီး၍ ငြိရောက်ရာငရဲသို့ ရောက်ကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမလျှင်တည်ရာ၊ ကာမတို့ကြောင့်သာလျှင် ဖြစ်သည့်တမလွန်ဆင်းရဲ အစုဖြစ်သော ကာမတို့၏ အဖြစ်တည်း"

မင်းလေးကိုရှားမာရေ
www.burmeseclassic.com

www.burmeseclassic.com



မာယာအရင်းအနှီး

"မလေးရှားကို လိုက်မယ်၊ ကလေးကလည်း ကျောင်းနေပြီဆိုတော့ ကလေးကို အမေတို့နဲ့ ထားခဲ့မယ်၊ နှစ်ယောက်ဆိုတော့ ပိုပြီးတော့ စုဆောင်းမိတာပေါ့"

မခိုင်ရဲ့ ပြောစကားက ယုတ္တိရှိတယ်။

ကိုကျော်နိုင်နဲ့ မခိုင် မင်္ဂလာဆောင်ပြီး တစ်နှစ်ကျော်တော့ ယောကျ်ားဖြစ်သူက မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်တယ်။ မြန်မာနိုင်ငံမှာက ဘွဲ့ရတစ်ယောက်အတွက် တစ်လ တစ်သိန်းဆိုတဲ့ ဝင်ငွေရဖို့ ဆိုတာ ဖြစ်နိုင်ချေနည်းပါးတဲ့ အခွင့်အလမ်းကိုး။

မလေးရှားနိုင်ငံမှာဆိုရင် (၂)သိန်းကျော်ရမယ်။

ဒီတော့

အစစအရာရာ အဆင်ပြေစေဖို့ဆိုပြီး မလေးရှားနိုင်ငံကို ယောကျ်ားဖြစ်သူ အလုပ်သွားလုပ်ဖို့ကိစ္စကို မခိုင်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com


ပင် ကလေးငယ်နှင့် လုပ်ပေးလိုက်တယ်။ ငွေကြေးအဆင် ပြေတော့ အဒေါ်တစ်ယောက်ထံက (၈)ကျပ်တိုးနဲ့ ငွေဆယ် သိန်း ချေးပေးလိုက်ရ၏။

ကိုကျော်နိုင်က မလေးရှားရောက်ပြီး သုံးလလောက် အထိ 'အစစအရာရာ အဆင်ပြေပါတယ်' ဆိုတဲ့ စကားက လွဲပြီး ငွေကြေးတစ်ကျပ်မှ မပို့နိုင်ခဲ့။

နောက်ပိုင်းလတွေမှာတော့ (၁)သိန်း၊ (၂)သိန်း အဆင် ပြေသလို ပို့နိုင်ခဲ့တယ်။ ဒါပေမယ့် မလေးရှားထွက်စဉ်က ယူထားတဲ့အတိုး၊ အိမ်စားစရိတ်၊ ကလေးစရိတ်တွေကြောင့် ငွေ ကျေးဖြစ်သူသာ မလေးရှားနိုင်ငံမှာ တစ်နှစ်ကျော်ကြာ တယ် အကြွေးက မကျေခဲ့။

ဒီလိုနဲ့

ကလေးကမူကြိုအရွယ်ရောက်လာတယ်။

အကြွေးတချို့ ကျေပြီး၊ ဆွဲကြိုးငါးမူးသား တစ်ကုံး လူ အထင်မသေးအောင် ဆွဲထားတာကလွဲပြီး ထူးထူးခြားခြား တိုးတက်မှုက သူမတို့ဘဝထဲကို ရောက်မလာဘူး။

မြန်မာနိုင်ငံမှာက မိန်းကလေးတစ်ယောက်ရဲ့ဝင်ငွေက ခုနစ်သောင်းဝန်းကျင်ရဖို့တောင် သေရေးရှင်ရေးဖြစ်နေတော့ မလေးရှားနိုင်ငံက စက်ရုံကို မိန်းကလေးတွေကလည်း သွား လာကြတာကိုတွေ့တော့ မခိုင်တစ်ယောက် စဉ်းစားရပြီး။


www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံးအလုပ်လုပ်၊ တစ်ယောက်လစာကို စု၊ တစ်ယောက်လစာကို ကလေးစရိတ်လည်းထောက်ပံ့၊ မလေးရှားမှာလည်းသုံး ဆိုရင် တစ်လ (၂)သိန်းနဲ့ အနည်းဆုံးထား တွက် တစ်နှစ် (၂၄)သိန်း၊ သုံးနှစ်ဆိုရင်"

သူ့စိတ်ကူးကို မလေးရှားမှာရှိတဲ့ ယောကျ်ားဖြစ်သူကို ပြောပြတော့၊ နကိုအေးပြီး၊ မိန်းမဖြစ်သူက ပြောပြတာက သဘာဝကျပြီး သူတို့ရှေ့ရေးအတွက် အဆင်ပြေတော့ အဲဒီ စိတ်ကူးကို အကောင်အထည်ဖော်တယ်။

မလေးရှားမှာ အလုပ်သွားလုပ်ဖို့ မခိုင် ပထမဆုံးလုပ် တာက ပတ်(စ်)ဖို့စာအုပ်၊ ဒုတိယလုပ်တာက ခါ´ ်ဖြောင့် ပြီး ဆေးဆိုးတာ။

အရင်က ကလေးတစ်ဖက်နဲ့ အလှအပအတွက် ပြုပြင် မှုတွေ အားနည်းခဲ့တဲ့ မခိုင်တစ်ယောက်၊ ကလေးကို မိဘ အိမ်ပို့ပြီး တစ်ကိုယ်ရေအလှတွေ ပြင်ဆင်လိုက်တော့ မလေး ရှားမသွားခင်မှာဘဲမခိုင်ရဲ့အလှအပတွေ ဖွံ့ဖြိုးတိုးတက်လို့

"မခိုင်က လန်းတယ်ဟေ့"

ဆိုတဲ့ စကားမတွင်ကျယ်လာစဉ်မှာ မခိုင်တစ်ယောက် မလေးရှားနိုင်ငံကို ထွက်သွားတယ်။

ဒီအထိ

ဘာမှထူးဆန်းမှုမရှိဘူး။

စင်းလက်မြားစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာ ဒီလိုအဖြစ်အပျက်တွေက သိပ်သည်းလွန်းတာကိုး။

ဒါပေမယ့် . . .

□□□

မင်းလတ်ပုံနှိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မခိုင် မလေးရှားနိုင်ငံကို ထွက်သွားပြီး (၁၀)လအကျော်မှာ သူ့မိဘတွေက (၄၂)နဲ့စတဲ့ (၂)သိန်းဖုန်းတစ်လုံးဝယ်တယ်၊ ဖလပ် TV ဝယ်တယ်။ မခိုင် အဒေါ်မကြီးက . . .

"သမီးကော၊ သမက်ပါ အဆင်ပြေတယ်"

"ဒီကိုလဲ ပို့တယ်၊ ဟိုမှာလဲ စုတယ်"

"သူ့သားနဲ့ ဖုန်းခဏ ခဏ ပို့တယ်"

စသည်ဖြင့် 'မလေးရှား၊ မြန်မာ' စကားတွေကို ရပ်ကွက်အနှံ့ကြဲပတ်တယ်။ တချို့ကလည်း . . .

"တောင်ဥက္ကလာမှာ ခြံကွက်ဝယ်ထားတယ်"

ဆိုပြီး ပြောကြတယ်။

ဒီလိုနဲ့

(၂)နှစ်ကျော် အချိန်လေးမှာ မခိုင်ရပ်ကွက်လေးကို ပြန်ရောက်လာတယ်။ ပိုပြီးတော့ ခေတ်ဆန်စွာ ဝတ်တာ၊ စားတာကို သတိပြုမိကြတယ်။ ယောကျ်ားတော့ ပြန်မလာ . . .

"ပြန်သွားမှာ"

"အခြေအနေအရပဲ"

ဆိုတဲ့ စကားတွေနဲ့ ရပ်ကွက်အတွင်းမှာ ပြန့်ဝေတယ်။

မလေးရှားပြန်ရောက်တော့ အမေဖြစ်သူဝယ်ထားတဲ့ ဖုန်းကို မလေးရှားကပြန်လာတဲ့ ဟာမ်းဆက်အသစ်လေး


www.burmeseclassic.com

www.burmeseclassic.com


ထည့်ပြီး ညနေခင်းတွေမှာ ဖုန်းနဲ့ အကြာကြီးပြောနေတတ်တယ်။

ရပ်ကွက်ထဲက လူတွေနဲ့လဲ သိပ်ပြီးတော့ စကားတွေ မပြောတော့၊ ဒါကို တချို့က 'ငွေချေးရမှာ ကြောက်လို့ မာနကြီးတာပါဟ' နောက်ကွယ်မှာ မှတ်ချက်ပြုကြတယ်။

ဒီလိုနဲ့

ဘယ်လိုဖြစ်တယ်မသိပါဘူး၊ မခိုင်ရပ်ကွက်လေးအတွင်းသို့ ပြန်ရောက်ပြီး (၂)လမရှိခင်မှာပဲ သူတို့ရပ်ကွက်လေးအတွင်းကနေ မိသားစုလိုက်ပြောင်းသွားတယ်။

ဘယ်ကိုပြောင်းသွားတယ်ဆိုတာကို ဘယ်သူမှကောင်းကောင်းမသိကြဘူး၊ သာကေတလိုလို၊ မြောက်ဥက္ကလာလိုလို၊ ဘယ်သူမှ အတိအကျမသိသလို ဘယ်သူကမှလည်း စိတ်ဝင်စားမရှိကြဘူး။

သို့သော်

မခိုင်တို့မိသားစုပြောင်းသွားပြီး တစ်လလောက်အကြာမှာတော့ အဲဒီရပ်ကွက်လေးကို လူစိမ်းတစ်ယောက် ရောက်လာတယ်။

သူလာတဲ့အိမ်က မခိုင်မိဘတွေ ငှားနေသွားတဲ့အိမ်။

□□□


www.burmeseclassic.com

www.burmeseclassic.com


သူ့နာမည်က ကျော်ကျော်၊ ဇာတိက ညောင်လေးပင် မရောက်ခင် မြို့တစ်မြို့ကပဲ။ မလေးရှားကပြန်လာတာ ရက်ပိုင်းပဲရှိသေးတယ်။ လာရင်းကိစ္စက မခိုင်ကို လာမေးတာ။

"ပြောင်းသွားပြီ'

"ဘယ်ကိုလဲ"

"အဲဒါတော့ မသိဘူး"

ဆိုတော့ သူပြန်သွားတယ်။

နောက်ရက်တွေမှာ သူငယ်ချင်းဖြစ်သူထင်ပုံရတဲ့ လူတစ်ယောက်နဲ့ ထပ်ရောက်လာတယ်။

"မခိုင်တို့နဲ့ ခင်မင်ရင်းနှီးပြီး အဆက်အသွယ်ရှိတဲ့ အိမ် မရှိဘူးလား"

ဆိုတဲ့ မေးခွန်းအသစ်နဲ့ ရောက်လာတယ်။

မခိုင်မိဘတွေနဲ့ ရင်းနှီးသောအိမ်တချို့ကို လိုက်ပြပေးပေမယ့်လည်း သေချာသော သတင်းအစအနကို မရ။

"မခိုင်ဖုန်းကို မဆက်ကြည့်ဘူးလား"

"ဆက်ကြည့်ပြီးသွားပြီး၊ တာမွေက ဆိုင်တစ်ဆိုင်ကို ရောင်းသွားတာတဲ့"

"အရေးကြီးလို့လား"

"ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"အဆက်အသွယ်ရရင် ပြောလိုက်မယ်လေ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

နောက်တစ်ပတ်ခန့်နေတော့ မခိုင်တို့အိမ်ဟောင်းကို ကျော်ကျော်တစ်ယောက် ပြန်ရောက်လာတယ်။ ဒီတစ်ခါမှာတော့ အိမ်ငှားအသစ်ကောင်လေးနဲ့ ရင်းနှီးစပြုလာတော့ . . .

"လာ အစ်ကိုရာ ဘီယာဆိုင်လိုက်ခဲ့ပါ၊ ကျွန်တော်မေးစရာနဲ့ ပြောစရာရှိသေးတယ်"

ဟုခေါ်သွားတယ်။

အဲဒီနေ့က ဘီယာဆိုင်ကနေ ကျော်ကျော်တစ်ယောက် မခိုင်အကြောင်းတွေကို မေး၊ သူ့အကြောင်းတွေကို ပြောပြပြီးနောက်ပိုင်းမှာတော့ အဲဒီညှို့သည် အဲဒီရပ်ကွက်ထဲကို လုံးဝရောက်မလာတော့ပါဘူး။

ရပ်ကွက်လေးမှာတော့

မခိုင်သတင်းက ပျောက်နယူးဘဲ။

ဒီလိုဗျ။

□□□

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . မခိုင်မှာ ယောကျ်ားနဲ့ ကလေးရှိတယ်ဟုတ်လား၊ ဟာဗျာ"

"....................."

"ကျွန်တော်တို့က မလေးရှားမှာ စက်ရုံအတူလုပ်ရင်းတွေ့ကြတာ. . . နောက်တော့ ချစ်သူဖြစ်သွားတယ်၊ လူများနိုင်ငံဆိုတော့ လွတ်လပ်တော့လည်း ကျွန်တော်တို့ အချင်းချင်း ကျူးလွန်မိကြတယ်ဗျ။ မခိုင်အပျိုဆိုတော့ ကျွန်တော်က မြန်မာပြည်ရောက်ရင် မင်္ဂလာဆောင်မယ်လို့ပြောတယ်"

"..............."

"နှစ်ယောက်တစ်ဘဝယှဉ်ထောင်ကြမယ်ဆိုပြီး ကျွန်တော်နဲ့လာအိပ်တယ်၊ ယူပြီးရင် ရိုးသွားမှာကြောက်လို့ဆိုပြီးခဏခဏတော့ မနေဖြစ်ဘူးဗျ"

"..............."

"နှစ်ယောက်တစ်ဘဝထူထောင်မယ်ဆိုပြီး ကျွန်တော်လစာတွေ သူ့ကိုအပ်ထားတာ။ မြန်မာပြည်ကို သူကအရင်ပြန်ပြီး မိဘတွေကို မင်္ဂလာပွဲ ကြိုတင်စီစဉ်မယ်လို့ဆိုပြီးပြန်လွှတ်လိုက်တာ . . . အခုတော့ . . ."

"..............."

"တနင်္ဂနွေနေ့တွေကြရင် သူ့အစ်မနဲ့ သူငယ်ချင်းတွေဆီသွားအိပ်မယ်ဆိုပြီး သွားတာ သူ့ယောကျ်ားနဲ့ သွားအိပ်တာ



www.burmeseclassic.com

www.burmeseclassic.com


နေမယ်"

ဝန်ခံချက် = သုဝဏ္ဏမြို့သစ်မှ အဖြစ်အပျက်တစ်ခုကို ပြန်လည်ပုံဖော်သည်။

□□□

မင်းလေကိုရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


"ကာမတို့ကြောင့်သာလျှင်
သန်လျက်နှင့် ကာကို ကိုင်စွဲ၍
ရေလးနှင့်မြားတောင့်ကို လွယ်လျက်
မြားလုံ့တို့ကို ပစ်လွှတ်နေကြစဉ်ပင်
နှစ်ဖက်ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ တိုးဝင်ကုန်၏။
သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။
ထိုသူတို့သည်
စစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကုန်၏။
သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏"

ပင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



## ဆွယ်ရာနောက်ကို လိုက်သူ

တစ်ခါက ဗာရာဏသီပြည်မှာ 'တိဿ'ဆိုတဲ့လူငယ် တစ်ယောက်ရှိခဲ့ဖူးတယ်။ တိဿရဲ့မိဘတွေက ချမ်းသာတဲ့ မိဘတွေဖြစ်တဲ့အတွက် တစ်ဦးတည်းသောသားလေးကို လိုအပ်တာမရှိအောင်ထားပါတယ်။

ဒါပေမယ့်

တိဿကတော့ ပြည့်စုံမှုတွေ မတပ်မက်ပါဘူး။

ဒီလိုနဲ့

တစ်နေ့မှာတော့ 'တိဿ'ဟာ ဝေဠုဝန်ကျောင်းကို တရားသွားနာရာကနေ ပြန်လာတော့ လူ့ဘဝကို ငြီးငွေ့လာတာနဲ့ သူ့မိဘတွေကို ရဟန်းဘဝနဲ့ နေဖို့ပြောပါတယ်။

သူ့မိဘတွေက ခွင့်မပြုပါဘူး။

ဘာကြောင့်လည်းဆိုတော့ သူတို့မှာက သားလေးတစ် ယောက်တည်း ချစ်စရာရှိတော့ ဒီသားလေးနဲ့ ခွဲခွာပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ရက်တောင် မဖြတ်သန်းချင်ပါဘူး။ နောက်ပြီး သူတို့ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေကို သူ့သားလေး သုံးဖြုန်းစေချင်ပါတယ်။

ရဟန်းဘာဆိုတာက ဆင်းရဲပါတယ်။

အချိုစားချင်ပေမယ့်လည်း အခါးရချင်ရတယ်။ အငန်စားချင်ပေမယ့်လည်း အပေါ့ရတယ်။ စား၊ ဝတ်၊ နေရေး ဘယ်ရှုထောင့်က တွေးတွေး အဆင်မပြေပါဘူး။

ဒီတော့

သူ့သားကို ရဟန်းပြုခွင့် မပေးပါဘူး။

ဒါပေမယ့်

တိဿက ခေါင်းမာတယ်။

ရဟန်းပြုခွင့်မရရင် အစားအသောက်တွေ မစားတော့ ဘူးဆိုပြီး တစ်ကိုယ်ရေ အိမ်တွင်းဆန္ဒပြပွဲကို နေ့စဉ်ရက် ဆက် ကျင်းပပါတော့တယ်။ ဒီအနေအထားကို မြင်တော့ သူ့မိဘတွေက

"မဖြစ်ဘူး၊ ကြာရင် သေသွားလိမ့်မယ်"

ဆိုတဲ့ စိုးရိမ်ကြောင့်ကျစိတ်နဲ့ ရဟန်းဝတ်ခွင့်ပြုလိုက်ရ ပေမယ့် သူတို့စိတ်ထဲမှာတော့

"အနေဆင်းရဲ၊ အစားဆင်းရဲပြီး လောကီစည်းစိမ်ဥစ္စာ တွေကို ခံစားခွင့်မရှိတဲ့ဘဝမှာ အကြာကြီး မနေနိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ပြန်ပြီး လူ့ဘွက်လာလိမ့်မယ်"

ဟု မျှော်လင့်နေကြတယ်။

လောကီပြည်းဆိမ်ဥစ္စာတွေနဲ့ ဖြတ်သန်းလို့ရတဲ့ လူငယ်တစ်ယောက်ဘဝကနေ လောကုတ္တရာလမ်းခရီးကို ရွေးချယ်ခဲ့တယ်ဆိုတာ တကယ်တမ်းအားဖြင့် သံသရာကို ကြောက်လို့ ဘဝကို တွယ်တာတဲ့စိတ် ကင်းမဲ့လို့ပါဘဲ။

တိဿဟာ မရှိလို့ ဝတ်တာမဟုတ်။

မသိလို့ ဝတ်လာတာပါ။

(တချို့က စားဝတ်နေရေး အဆင်မပြေလို့ လူ့ဘဝမှာ လုပ်စားရမှာ ကြောက်ပြီး သဒ္ဓါတရားလုံးဝမရှိဘဲရဟန်းဘဝကိုဝတ်ကြတယ်။ တချို့ကတော့ သံသရာဝဋ်ဆင်းရဲကို ကြောက်ပြီး နိဗ္ဗာန်ကို ရောက်စေမယ့် အကျင့်တရားတွေကို မသိသေးလို့ ဝတ်လာတာပါ။)

လုပ်ရပ်မှန်ကန်ရင်

ရလဒ်ကလည်း ကောင်းမွန်ရမှာပေါ့။

ဒါပေမယ့် . . .။

□□□

မင်းလတ်ရာမစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုလ်မြို့မှာ ရဟန်းဝတ်ခဲ့တဲ့ 'တိဿ' ခင်မင်ရင်းနှီးတဲ့ ဆွေမျိုးမိတ်ဆွေတွေ ပေါများတဲ့ ဇာတိမှာနေရင် ညှိသည်တွေကြောင့် တရားအားထုတ်ရာမှာ အချိန်တွေ အနှောက်အယှက်ဖြစ်မယ်ဟု တွေးမိတာနဲ့ ရဟန်းဝတ်ပြီးတာနဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို လိုက်သွားတယ်။

ရဟန်းတရားကို ပြည့်ပြည့်ဝဝအားထုတ်တယ်။

သာမန်အနေအထားတစ်ရပ်ကနေ ရဟန်းဝတ်လာသူတစ်ပါးအနေဖြင့် သာမန်အနေအထားတစ်ရပ်အတိုင်း ရဟန်းဘဝကို ပုံမှန်ဖြတ်သန်းပါက မဂ်ဖိုလ်နိဗ္ဗာန်ကို ဒီဘဝ ဒီခန္ဓာဖြင့် မျက်မှောက်ပြုဖို့ဆိုတာ ဖြစ်နိုင်ခြေ အလွန်နည်းပါးလှပါတယ်။

အမြင့်မြတ်ဆုံးနေရာဆိုတာ

ပြင်းထန်သော ဖွဲလုံ့လရှိမှ ရောက်တာကို။

ဒါပေမယ့်

'တိဿ'ရဟန်းဘဝကို ရောက်လာတာဟာ သာမန်အနေအထားတစ်ရပ်ကနေ ခွဲထွက်လာတာပါ။ ရဟန်းဘဝကို ရောက်ဖို့ သူ့ဟာမိဘတွေနဲ့ အပြင်းအထန်တိုက်ပွဲဝင်ခဲ့ရတယ်။ လူ့အများစုမျှော်လင့်တောင့်တပြီး ခံစားချင်တဲ့ လောကီစည်းစိမ်တွေကို စွန့်လွှတ်ခဲ့ပြီးမှ ဝင်ခဲ့တာပါ။

ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



တိဿရဟန်းဟာ ရဟန်းဘဝမှာ အပြင်းထန်ဆုံးအကျင့်ဆိုတဲ့ 'ဓူတင်' တစ်ဆယ့်သုံးပါးလုံးကို သူကဆောက်တည်တယ်။ ဓူတင်(၁၃)ပါးဆိုတော့။

(၁)ပံသကူဓူတင်။

(လှူဒါန်းသော သင်္ကန်းကို ပယ်၍ ပံသကူကို သင်္ကန်းဖြင့် သာ၁နေသော၁အကျင့်။)

(၂)တိစီဝရိတ်ဓူတင်။

(လေးထည်မြောက်သင်္ကန်းကို ပယ်၍ တိစီဝရိတ်အင်္ဂါကိုဆောက်တည်ခြင်း။)

(၃)ပိဏ္ဍပါတ်ဓူတင်။

(ဘောဇဉ်ထက်လွန်သော လာဘ်ကိုပယ်၍ ပိဏ္ဍပါတ်အင်္ဂါကို ဆောက်တည်ခြင်း။)

(၄)သပဒါနဓူတင်

(တဏှာဖြစ်မှုကို ပယ်၍ ရွာစဉ်၊ အိမ်စဉ် မပြတ်ခံယူခြင်း အင်္ဂါတည်ဆောက်ခြင်း)

(၅)ဧကာသနိတ်ဓူတင်

(လူ့ရိယာပုတ်အမျိုးမျိုး၌ စားသောက်ခြင်းကို ပယ်၍ တစ်ထိုင်တည်း စားသောက်ခြင်းအင်္ဂါကို ဆောက်တည်ခြင်း)

(၆)ပတ္တပိဏ်ဓူတင်



www.burmeseclassic.com

www.burmeseclassic.com



(နှစ်ခုမြောက်သောဇဥ်ထည့်ခွက်ကို ပယ်၍ သပိတ်ဖြင့်သာ ခံယူသုံးဆောင်သော ပတ္တပိဏ္ဍိကအင်္ဂါကို ဆောက်တည်ခြင်း၊)

(၇)ခလုပစ္ဆာဘတ္တိကဓုတင်

(နောက်မှရသဖြင့် ဝိနည်းကံအလျောက် အထိရိုက်ဖြစ်ပြီးသော ဆွမ်းကိုပယ်၍ နောက်မှရသော ပစ္ဆာဘတ်အား မစားသုံးခြင်းအင်္ဂါကို ဆောက်တည်ခြင်း၊)

(၈)အရညကဓုတင်

(ဥပစာရနှင့်တကွ ရွာကျောင်းကို ပယ်၍ တောသို့အရဏ်တက်စေခြင်းအင်္ဂါကို ဆောက်တည်ခြင်း၊)

(၉)ရုက္ခမူလဓုတင်

(အမိုးငါးပါးကြောင့်ဖြစ်သော အရိပ်ကိုပယ်၍ သစ်ပင်ရင်း၌သာနေသော အင်္ဂါကို ဆောက်တည်ခြင်း၊)

(၁၀)အဗ္ဘောကာသိဓုတင်

(အမိုးနှင့် သစ်ပင်ရိပ်ကိုပယ်၍ လွင်ပြင်ဖြစ်သော ကောင်းကင်ရိပ်၌နေခြင်းအင်္ဂါကို ဆောက်တည်ခြင်း၊)

(၁၁)သုသာန်ဓုတင်

(သုသာန်လက္ခဏာ မရှိသော နေရာအရပ်ကိုပယ်၍ သုသာန်လက္ခဏာရှိသော နေရာ၌နေခြင်းကို ဆောက်တည်ခြင်း၊)

www.burmeseclassic.com

www.burmeseclassic.com



(၁၂)ယထာသန္တတိရှုတင်

(ရဟန်းတစ်ပါးကိုထစေခြင်း၊ တိုးဇော့၍ အိပ်ခြင်းကို ပယ်၍ ယထာသန္တတိအင်္ဂါကို ဆောက်တည်ခြင်း)

(၁၃)နိသဇ္ဇရှုတင်

(အိပ်ခြင်းကို ပယ်၍ နိပတ်အင်္ဂါကိုဆောက်တည်ခြင်း)

တိဿရဟန်းဟာ အထက်ပါရှုတင်(၁၃)ပါးကို ပြကျင့်ခဲ့သူဖြစ်လေတော့ ပြောရလျှင် တကယ့်ရဟန်းပါ။ မြတ်ဗုဒ္ဓအလိုတော်ကျရှုတင် အကျင့်ဖြင့် ဆောက်တည်သူကိုပြပါဆိုလျှင် 'တိဿရဟန်း'ကို ညွှန်ပြရပါမယ်။

တစ်နည်း

မဂ်ဖိုလ်ကို မျက်မှောက်ပြုဖို့ အနီးစပ်ဆုံးအနေအထားကို ရောက်နေတဲ့ ဘာသာရေးခေါင်းဆောင်တစ်ဦးရဲ့ဘဝ လက်ကျန်ရက်တွေ တန်ဖိုးရှိရှိ အသုံးချနေတဲ့ သူတစ်ဦး။

အဲဒီလို အနေအထားတစ်ခုဟာ။

တစ်နေ့မှာတော့ . . .

□□□

မင်းလတ်ရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com


'နက္ခတ်ပွဲသဘင်ကြီး'

ရာဇဂြိုလ်မြို့မှာတော့ နက္ခတ်ပွဲသဘင်ဟာ အစည်ကားဆုံးနှင့် ပျော်ရွှင်စရာအကောင်းဆုံး ရိုးရာပွဲတော်ကြီးတစ်ခု ဖြစ်တယ်။

ရာဇဂြိုလ်မြို့ပေါ်က လူငယ်တွေ နက္ခတ်ပွဲအတွင်းမှာ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ပြီးတော့ မြို့အနှံ့ လျှောက်သွားကြတယ်။

ဒီတော့

နက္ခတ်ပွဲသဘင် ရောက်မလာခင်ကတည်းက မြို့ပေါ်က လူငယ်တွေက ကြိုတင်ပြင်ဆင်နေကျပုံက နှင်းမကွဲသေးတဲ့ နံနက်ခင်းတစ်ခုကို မြင်တွေ့ရသလို သိပ်သိပ်သည်းသည်း ရှိလှတယ်။

ဒီအနေအထားကို မြင်တွေ့တော့ တိဿရဲ့ မိဘနှစ်ပါးဟာ "ငါတို့သားလေးရှိရင် သိပ်ကောင်းမှာပဲ"

ဆိုတဲ့ ဖြစ်နိုင်ချေနည်းပါးတဲ့ စိတ်ကူးကို တွေးကာ ဝမ်းနည်းငိုကြွေးနေကြတယ်။ တိဿလူ့ဘဝမှာ ရှိစဉ်က ဒီလို နက္ခတ်ပွဲသဘင်တွေမှာ လျှောက်သွားတာကို တွေးမိတော့ အလွမ်းက ရင်ဝကိုလာဆောင့်တယ်။ တမင်တကာ တိုက်ဆိုင်အောင် တွေးယူထားတဲ့ သတိရခြင်းက မျက်ရည်အဖြစ် အသွင်ပြောင်းတယ်။


www.burmeseclassic.com

www.burmeseclassic.com



"သတိရလိုက်တာ"

ဆိုတဲ့ အာမေဋိတ်သံက ကြားရသူ့ရဲ့ နှလုံးသားကို ညှိုးနွမ်းစေတယ်။

နေ့စဉ်ရက်ဆက် မျက်ရည်နှင့်အသားကျနေတဲ့ သူတို့ဘဝထဲကို 'ဝဏ္ဏဒါသီ' ဆိုတဲ့ မိန်းမလှလေးတစ်ဦးရောက်လာတယ်။ ခါး၊ ရင်၊ တင် ဘယ်အပိုင်းကို ကြည့်ကြည့် ကျွမ်းကျင်တဲ့ ပန်းပုဆရာတစ်ယောက်ရဲ့ ဂန္ထဝင်မြောက် အနုပညာတစ်ခုလို လှနေပုံက မြင်ရသူကို ရင်သက်ရှုမောစေတယ်။

ဒါပေမယ့်

သူမက ဆင်းရဲနွမ်းပါးသူတစ်ယောက်။

အိန္ဒိယနိုင်ငံရဲ့ လူတန်းစားခွဲခြားသော စနစ်ကြောင့် ဘယ်လောက်ပင် ချောမောလှပပါစေ။ သူမလို ဆင်းရဲသားတစ်ယောက်ကို အမျိုးဇာတ်မတူတဲ့ ချမ်းသာတဲ့ လူငယ်တစ်ယောက်ရဲ့ ဇနီးမယားဖြစ်ခွင့် အိပ်မက်ကို ဘယ်လိုနည်းနဲ့မှ မက်ခွင့်မရှိဘူး။

ဒီတော့

သူမရဲ့ နတ်သားအိပ်မက်နှင့် သူဌေးကတော်ဖြစ်ခွင့် အနေအထားဆိုတာ ဆောင်းအိပ်မက်လို ဘဝတစ်ခုမှ မရေရာဘူး။ ဒါကို သူမက တွန်းလှန်ချင်တယ်။ အဲဒီအတွက် ထွက်ပေါက်က တစ်ခုပဲ။

မင်းလက်ရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တိဿမိဘတွေထံသွားတယ်။

"အဖေတို့ အမေတို့ ဘာလို့ ငိုနေကြတာလဲ"

သူမရဲ့အသံက မစောင်းကို ငုံပြီးပြောလိုက်သလို လှပပြီး နူးညံ့တဲ့ အသံထွက်ကျလာတယ်။

"ငါ့သားကို သတိရလို့"

ဆိုပြီး တိဿရဲ့မိဘတွေက တိဿရဟန်းဘာမရောက်ခင် အနေအထားကနေ လက်ရှိအခြေအနေအထိ သူတို့သားကို အောက်မေ့အမှတ်ရတဲ့အကြောင်းကို စာလုံးတွေပေါင်းပြတယ်။

"ဒါဆိုရင် တစ်ခုပြောကြည့်မယ်နော်"

"ပြောပါ"

"အမေ့သားကို လူထွက်လာအောင် ကျွန်မက သွေးဆောင်ပေးမယ်။ တကယ်လို့လူထွက်လာရင် ကျွန်မနဲ့ လက်ထပ်ပြီး ပစ္စည်းတွေ ခွဲပေးမှာလား"

ဝဏ္ဏဒါသီ ရဲ့ တောင်းဆိုချက်ဟာ ပြင်းထန်တယ်လို့ ထင်ရပေမယ့်လည်း မီးစာကုန် ဆီခမ်းအနေအထားမှာ ပိုင်ဆိုင်ထားတဲ့ ပစ္စည်းတွေကို သားဖြစ်သူကိုသာလွှဲပေးဖို့ စိတ်ကူးရှိပြီးသားမို့. . .

"သားဆိုလို့ ဒီတစ်ယောက်တည်းရှိတဲ့ ငါတို့အတွက် နင်သာစွမ်းဆောင်နိုင်ရင် အားလုံးဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အပေးအယူက တည့်နေပြီ။

"ကျွန်မအတတ်နိုင်ဆုံး ကြိုးစားမယ်။ ဒါပေမယ့် အမေ့သားရဲ့ ကြိုက်တတ်တဲ့အရာတွေကို ပြောပြပါဦး"

ဆိုတော့ 'တိဿ'ဟာ ဘယ်အာရုံကိုမှ သိပ်ပြီးတပ်မက်လွန်းအားကြီးတာ မရှိပေ။

သို့သော်

ရဿာရုံ ဟုဆိုအပ်သော အစားအသောက်ကိုတော့ တပ်မက်တယ်ဆိုတာကို သူမကို ပြောပြလိုက်တယ်။ တိဿ ကြိုက်တတ်သော ဟင်း၊ မကြိုက်တတ်သော ဟင်းများကို တော့ အသေအချာ စိစစ်ပြတယ်။

"ဟုတ်ပြီး အဲဒီကစကြမယ်"

□□□



www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိပြည်။

သာဝတ္ထိပြည်ကြီးဟာ မင်းနေပြည်တော်ရုံးစိုက်တဲ့အတွက် အထူးစည်ကားလှပါတယ်။ သာဝတ္ထိမြို့ရဲ့ စည်ကားခြင်း၊ သာယာခြင်းကို သူမက စိတ်မဝင်စားချ။ သူမစိတ်ဝင်စားတာက 'တိဿ'ရဟန်းရဲ့ ဆွမ်းခံလမ်းခရီး။

ရှုတင်အကျင့်ကို ကျင့်သုံးတဲ့အတွက် တိဿမထေရ်ရဲ့ ဆွမ်းခံလမ်းကြောင်းဟာ တစ်ဖြောင့်တည်း။ မညီသညီအိမ်ရှေ့ကိုမှ အကြာကြီးမရပ်သလို မညီသညီအိမ်ခြံထဲကိုမှ ဝင်ရောက်ပြီး ဆွမ်းခံလေ့မရှိ။ လမ်းထွက်ပြီး လောင်းလှူမှ အလှူခံပြီး ဝမ်းရေးကို ဖြေရှင်းတယ်။

ဒါကို သူမက အလေးအနက်မှတ်သားတယ်။

ဒါက သူမအတွက် အရေးကြီးတဲ့ 'ဒေတာဖိုင်'။

တိဿရဟန်းရဲ့ ဆွမ်းခံလမ်းကြောင်းမှတ်စုကို ရတာနဲ့ သူမအရင်ဆုံးလုပ်တာက တိဿရဟန်းဆွမ်းခံရာလမ်းမှာ အိမ်တစ်လုံးငှားတယ်။ တိဿရဟန်းဆွမ်းခံကြွတော့ ကြိုက်နှစ်သက်တဲ့ ဆွမ်းဟင်းကို ပြင်ဆင်ထားတယ်။

ဆွမ်းခံချိန်ရောက်ပြီ။

နတ်သမီးတစ်ပါးလို ပြင်ဆင်ပြီး ဆွမ်းလောင်းတယ်။

တရားသဖြင့် အချိန်တွေကို ဖြတ်သန်းတော့ သူမရဲ့ အလှ၊ ဘာ၊ အစားအသောက် ဘာတစ်ခုမှ အာရုံကို မငြိကပ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်။

နှစ်ရက်။

နေ့ရက်တစ်ချို့ဖြတ်သန်းလာတော့ 'တိဿရဟန်း' တစ်ပါး အရသာရှိတဲ့ အစားအသောက်လေးတွေကို တပ်မက်လာတယ်။ ဖြစ်သလိုစားသောက်နေရတဲ့အချိန်တွေမှာ 'လျှာ'က ထူးခြားမှုမရှိပေမယ့် အစားအသောက်ကောင်းလေးတွေ နေ့စဉ်စားရတော့ ဆွမ်းခံကြွဖို့ကို တက်ကြွနေတယ်။

အာရုံတွေက မငြိမ်တော့။

မငြိမ်တော့ လှုပ်ပြီ။

ဒီလိုနဲ့

တစ်နေ့မှာ သူမက ဆွမ်းထွက်မလောင်းဘူး။

"အကြောင့်ဆွမ်းထွက်မလောင်းလည်း"ဆိုတဲ့ မေးခွန်းကို ရဟန်းတစ်ပါးအနေဖြင့် မမေးရဲ။ ဒါကို 'ဝဏ္ဏဒါသီ'က ကြိုတင်ပြင်ဆင်ခဲ့တယ်။

"နေမကောင်းလို့ ဆွမ်းထွက်မလောင်းနိုင်ဘူး၊ ဖြစ်နိုင်ရင် မနက်ဖြန်ကျရင် အိမ်ထဲကို ကြွပေးပါဘုရား"

တိဿရဟန်း နှုတ်ကဆွံ့အနေတယ်။ ဒါဟာ ဝန်ခံခြင်း တစ်မျိုးဖြစ်တယ်လို့လည်း သူ့အသာသိလိုက်တယ်။

နောက်ရက်တွေမှာတော့ 'ဝဏ္ဏဒါသီ'အိမ်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



'တိဿရဟန်း'ဆွမ်းစားဆွမ်းခံပြုတာကို တွေ့ရတယ်။

ရှုတင်တွေ ကြိုးပေါက်ကုန်တယ်။

ဖြစ်ပြီးရင် ပျက်တယ်ဆိုတဲ့ တရားသဘောတို့နေရာမှာ 'သူမနဲ့သာဆိုရင်'ဆိုတဲ့ အတွေးများက စိတ်လွတ်ကိုယ်လွတ် ဝန်ခံလိုက်တယ်။

အလွမ်းဆိုတာ

အာရုံကိုချည်နှောင်တဲ့ အကောင်းဆုံးကြိုး။

□□□

www.burmeseclassic.com

www.burmeseclassic.com



မနေ့က နေသိပ်မကောင်းဘူးဆိုပြီး အခန်းတွင်းမှာ ပုန်းနေတဲ့ 'ဝဏ္ဏဒါသီ'ကို မတွေ့မမြင်ရဘဲပြန်လာခဲ့ရပေမယ့် တိဿရဟန်းရဲ့ နှလုံးသားထဲမှာတော့

"ဘာများဖြစ်တာလဲ"

ဆိုတဲ့ အပူအစတွေက ရှိပြီးသားတရားတွေ ပျောက်ကုန် တယ်။

နှစ်ပေါင်းများစွာ ဗုဒ္ဓရဲ့ဓမ္မတွေကို နှလုံးသားဦး ခေါင်းထဲမှာ စနစ်တကျ သိမ်းဆည်းထားပေမယ့် သူမ အဆင်း၊ အသံ၊ အနံ့တွေကို သာယာမိတော့ 'ဗိုင်းရစ်' ဝင်သွားတဲ့ 'မန်မိုရီကဒ်'တစ်ခုလို ဘာတစ်ခုမှ အလုပ် မလုပ် တော့။

ဟုတ်ပါတယ်။

တိဿရဟန်း သူမကို သတိရနေတတ်ပြီ။

နောက်တစ်နေ့မှာတော့ သာမန်ဆွမ်းခံချိန်ထက် စော လျှင်စွာ ကြွသွားခဲ့တယ်။ အိမ်ရောက်တော့ သူမကို မတွေ့

"အခန်းထဲမှာ ဘုရား၊ အရှင်ဘုရားကို တွေ့ချင်လို့တဲ့"

အိမ်ဖော်လေးရဲ့ လျှောက်တင်ချက်ကို ဖြစ်သင့်လား၊ ဖြစ်နိုင်လား လုံးဝမစဉ်းစားဘဲသူမအခန်းတွင်းကို ဝင်သွား တယ်။

ပြီးတော့

လှပတဲ့ သူမနဖူးလေးကို လက်တင် . . .။

□□□



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကြိုလ်ရဲ့ နက္ခတ်ပွဲက စည်ကားလို့။

လူငယ်တွေကလည်း ပျော်ရွှင်လို့။

အဲဒီများစွာသော လူတွေကြားမှာ 'တိဿနဲ့ ဝဏ္ဏဒါသီ' တို့လင်မယားကလည်း ပျော်ရွှင်နေလိုက်ပုံများ လက်လက်ကိုထလို့ . . .။

ဝန်ခံချက်။ ။ ကေနိပါတ်၊ ဝါထမိဂဇာတ် နိဒါန်းကို အခြေခံ၍ ရေးဖွဲ့ပါတယ်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားတို့၏ မာယာ(၉)သွယ်

(၁) အမျိုးဂုဏ်ကိုပြတင်ခြင်း။

(၂) ပညာဂုဏ်ကိုပြတင်ခြင်း။

(၃) ပစ္စည်းဂုဏ်ကိုပြတင်ခြင်း။

(၄) ဝမ်းသာ ဝမ်းနည်းပြုတတ်ခြင်း။

(၅) အစဥ်မပြတ် နောက်ယောင်ခံခြင်း။

(၆) အစားအသောက် လက်ဆောင်များပေးတတ်ခြင်း။

(၇) မြှောက်ပင့်ချီးမွမ်းတတ်ခြင်း။

(၈) အဝတ်အစားပြောင်းလဲ ဝတ်တတ်ခြင်း။

(၉) ကိုယ်ကာယတောင့်တင်းကျန်းမာခြင်းကိုပြတတ်ခြင်း။

ခင်းလေတံခါးစာပေ

www.burmeseclassic.com

www.burmeseclassic.com



**တိမ်တွေနေတဲ့အရပ်**

'မိန်းမမာယာ သဲကိုးဖြာ' ဆိုတဲ့ စကားရဲ့ မူရင်းအဓိပ္ပါယ်ဖွင့်ဆိုချက်ကို တိတိပပ နားမလည်ပေမယ့် သာမန်အားဖြင့် နားလည်ထားတာကတော့ မိန်းမတွေဟာ မာယာများတယ်ပေါ့။

ဒါဆိုလျှင်

ယောကျ်ားတွေမှာတော့ မာယာမရှိဘူးလား?

□□□

မင်းလေတ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com


"Hi"

"ဟိုင်း"

"ဘယ်သူလဲ"

"ကိုယ်ပါ"

"ခေါင်းမပါဘူးလား"

"ပြောတတ်တယ်နော်"

"ပါးစပ်ပါတာကိုး"

"နာမည်ဘယ်လိုခေါ်လဲ"

"မသိဘူး"

"နာမည်ကြီးက မသိဘူး ဟုတ်လား၊ ဒီနာမည်မျိုး လူ့ဘာရလာကတည်းက ဒီတစ်ကြိမ်ပဲ ကြားဖူးသေးတယ်"

"မကြားဖူးရင် သေသေချာချာမှတ်"

"မှတ်ထားပါ့မယ်"

□□□

မင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသစင်။

နာမည်လေးလို အေးဆေးတည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက်။ သူမရဲ့ မိဘတွေက ငွေကြေးအသင့်အတင့် ရှိပြီး တစ်ဦးတည်းသောသမီးဖြစ်လေတော့ အရာရာကို စည်းကမ်းဖြင့် အလိုလိုက်ကာ၊ သမီးဖြစ်သူကိုလည်း ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်စေချင်တယ်။

ဒီတော့

ငယ်စဉ်ကစပြီး မိခင်ဖြစ်သူက အနီးကပ်ဆုံးမထားတော့ ပုံသွင်းခံထားရတဲ့ ဖယောင်းရုပ်လို့ အရာရာပေ... အချိုးစားညီနေတယ်။

အပေါင်းအသင်းဆိုပါကလည်း ဘယ်သူနှင့်ပေါင်း၊ ဘယ်သူ့ကိုရှောင်ဆိုတဲ့အတွက် 'ဆောင်းသစင်' မှာ မိတ်ဆွေအပေါင်းအသင်း ရှားပါးတဲ့အတွက် အိမ်နှင့်ကျောင်းကလွဲပြီး အပြင်ဗဟုသုတဆိုတာ ရှားပါးခဲ့တယ်။

အေးဆေးပြီး ဉာဏ်ရည်က အသင့်အတင့်သာရှိတော့ ပညာရေးမှာလည်း သိပ်ပြီးမထူးချွန်ပေမယ့် သူတို့ကျောင်းမှာတော့ တစ်ခါတစ်လေ one to ten အတွင်းကို ရောက်တဲ့အခါ ရှိတယ်။ ၉-တန်းအထိ မအောင်မရှိ ပညာရေးစနစ်နဲ့ ကျူရှင် အဓိကထားတဲ့ မြန်မာ့ပညာရေးလောကမှာ သူမ (၁၀)တန်းရောက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ တက္ကသိုလ်ဝင်တန်းတက်တော့ မြန်မာနိုင်ငံမှာ Ph တွေကခေတ်စားနေပြီ။ ကမ္ဘာပေါ်မှာ Ph ဆိုတာ လူတိုင်းကိုင်တွယ်လို့ရတဲ့အရာဆိုတာကို မြန်မာနိုင်ငံကလည်း ပြောဖို့နောက်ဆုံးလက်ကျန်နိုင်ငံ။

ပြောရလျှင်

Ph နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသားတွေအဖို့ အထူးအဆန်းဖြစ်နေဆဲကာလ။ (ကမ္ဘာပေါ်မှာတော့ Ph ကို စိတ်ဝင်စားမှုမရှိတော့တဲ့ကာလ)

ဒီလိုအချိန်ဆိုတော့ လူငယ်တွေကော လူကြီးတွေပါ Ph။

မြန်မာနိုင်ငံသားတွေအဖို့ Ph ဆိုတာ စကားပြောဖို့တစ်ခုတည်းရတာမဟုတ်ဘူး။ F.b သုံးလို့ရတယ်။ အင်တာနက်ကြည့်လို့ရတယ်လို့ ခံယူထားတဲ့ ရှားရှားပါးပါး ကမ္ဘာ့လက်ကျန်မျိုးနွယ်စု။

အထူးသဖြင့် လူငယ်တွေက F.b နဲ့ 'ချက်' ကြတယ်။ Ph တစ်လုံးနဲ့ သူငယ်ချင်းတွေတိုး၊ ချစ်သူတွေဖြစ်၊ ဆဲဆို၊ ရန်ဖြစ် စတဲ့ ခံစားချက်အသစ် (မြန်မာနိုင်ငံအတွက်) တွေကို စိတ်ဝင်စားကြတယ်။

လမ်းပေါ်မှာကြည့်မလား၊ အိမ်ထဲမှာကြည့်မလား၊ ကားပေါ်မှာကြည့်မလား ကြိုက်တဲ့နေရာကို ကြည့်လိုက် တရှပ်ကထုတ်တဲ့ 'ဟမ်းဆက်' နဲ့ အလုပ်တွေရှုပ်နေကြတယ်။ (တကယ်တမ်းအားဖြင့် အရှုပ်တွေ လုပ်နေကြတာပါ)



www.burmeseclassic.com

www.burmeseclassic.com


ဒါကို . . .ဆောင်းသဇင်က စိတ်ဝင်စားတယ်။

သူမလည်း လူငယ်တစ်ယောက်ကို။

ဒါပေမယ့်

သူမရဲ့မိဘတွေက စွင့်မပြုဘူး၊ စာမလုပ်ဖြစ်မှာကို ကြောက်လို့တဲ့၊ အကြောင်းပြချက်ကတော့ Ph ဝယ်ပြီး 'ဂိမ်း' ဆော့မှာကို ကြောက်တာကိုး။ သူတို့တောင်မှ 'ကီးပတ်' တွေပဲ အသုံးပြုတာကို။

သို့သော်

တက္ကသိုလ်ဝင်တန်းဖြေပြီးရင်တော့ ဝယ်ပေးမယ်လို့ ကတိပြုထားတယ်။ ဒီကြားထဲ စာကြိုးစားဆိုပြီး သူမနဲ့ အပေးအယူလုပ်တယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေတယ်။

ဒီလိုနဲ့

တက္ကသိုလ်ဝင်တန်း စာမေးပွဲပြီးတော့ ' HUAWEI ' ဟမ်းဆက်အကြီးတစ်လုံးနှင့် ဆင်းကဒ်ဝယ်ပေးလိုက်တယ်။

"အပြင်ကို မထွက်တော့ဘူး"

ဆိုပြီး မိဘတွေက သဘောကျတယ်။ ဆောင်းသဇင်က လည်းအရှိန်ပြည့် Ph တစ်လုံးနဲ့မို့ မိဘတွေက

"ဂိမ်းကြီးပဲ ဆော့မနေနဲ့ မျက်လုံးတွေထိခိုက်ဦးမယ်"

ဟုပင် တားယူရသည့်အထိ။

သူမ 'ဂိမ်း'ဆော့နေတယ်ပေါ့။

□□□

မင်းလတ်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com


who"

"ဆောင်းသခင်ပါ"

"မနောက်ပါနဲ့"

"မနောက်ပါဘူး"

"b or g"

"ဘာကိုပြောတာလဲ"

"မိန်းကလေးလား၊ ယောကျာ်းလေးလား အသေအချာ ပြောပါ၊ တို့က ယောကျာ်းလေး"

"ပုံတင်ထားတယ်လေ"

"အဲဒါအမှန်လား"

"အမှန်ပေါ့ရှင့်"

"ဘယ်ကလဲ"

"မုံရွာက"

"အား အဝေးကြီးပဲ၊ တို့က ရန်ကုန်က သူငယ်ချင်း အဖြစ် ခင်လို့ရလား"

"မသိဘူးလေ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်ဖို့လည်း"

"မှတ်ပုံတင်လုပ်ပေးဖို့"

"တကယ်လား"


www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ပုံပြင်မှတ်"

"လျှောက်ပြောတယ်"

"လျှောက်မပြောပါဘူး၊ ထိုင်ပြီးပြောတာပါ"

□□□

ပင်းလက်ရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အေးထွန်း

အသက်က(၂၇)နှစ်၊ ဆယ်တန်းနှစ်ခါကျပြီးတည်းက ပညာရေးကိစ္စကို အပြီးတိုင်လမ်းခွဲခဲ့သူတစ်ယောက်။

အာလုံးပွဲလောင်းတယ်။ အရက်သောက်တယ်၊ ရည်းစားထားတယ်။ အလုပ်အကိုင်အတည်အကျမရှိဘူး။ စကားပြောကောင်းပြီး၊ ရုပ်ချောတယ်။

မြန်မာနိုင်ငံမှာ Ph တွေ ခေတ်မစားခင်ကတည်းက အင်တာနက်ဆိုင်မှာ 'ချက်တင်' ထိုင်ပြီး 'နက်ထဲကဖား' ရှာသူတစ်ယောက်။

ပြောရလျှင်

ကိုယ်ကျင့်တရားမကောင်းတဲ့သူ။

ဒါပေမယ့်

မိန်းကလေးအများစုက သူ့ကိုသဘောကျတယ်။

သို့သော်

အေးထွန်းက မိန်းကလေးတိုင်းကို စိတ်မဝင်စားဘူး၊ သူ့အတွက် ငွေရေးကြေးရေး အဆင်ပြေမှ စိတ်ဝင်စားတာ။

တစ်နေ့တော့ မုံရွာဘက်က သူငယ်ချင်းတစ်ယောက်က Ph လေးဝယ်ထားလို့ 'ဖွား'စရာ မိန်းခလေးသူငယ်ချင်း'Ph' နံပါတ်တွေ လှမ်းတောင်းတော့ သူကပေးလိုက်တယ်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အနုလေးတွေ မရှိဘူးလား"

"တစ်ယောက်တော့ရှိတယ်"

"သေချာလား"

"သေချာတယ်၊ သူ့နာမည်က ဆောင်းသစင်တဲ့"

"သူနဲ့ပတ်သက်တဲ့ ဒေတာတွေ ရသလောက်လိုချင်တယ်"

သူငယ်ချင်းဖြစ်သူက သဘောရိုးဖြင့် ဆောင်းသစင်ရဲ့ 'ဒိုင်အိုဂရက်ဖီ' အကျဉ်းကို ဖွင့်ပြတယ်။

'ကောင်းပြီလေ ငါလှုပ်ရှားကြည့်မယ်၊ မင်းနဲ့ကောသိလား'

'ငါနဲ့ မသိဘူး၊ ငါကိုယ်လဲ သူများပြောတာ'

ဒီလိုနဲ့

မြင့်မြတ်ခြင်း၊

ရဲရင့်ခြင်း၊

တည်ကြည်ခြင်း၊

သည်းခံနိုင်ခြင်း၊

ဝေဖန်ပိုင်းခြားတတ်ခြင်း၊

ဦးဆောင်စီမံခန့်ခွဲတတ်ခြင်းဟူသော ယောကျ်ားကောင်းတစ်ယောက်မှာရှိသင့်သော အရည်အချင်းတွေ ချို့တဲ့နေသူ အေးတွန်းနှင့် အညာသူဖလားဆောင်းသစင်တို့ရဲ့ ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



က စတင်ခဲ့တယ်။

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ရင် ကြည့်လို့ကောင်းနိုင်ပေမယ့် သမင်နဲ့ကျားတွေ့တာကတော့ ဘယ်လိုမှကြည့်မကောင်းဘူး။

ဒီလိုဗျ။

□□□

www.burmeseclassic.com

www.burmeseclassic.com



"အပြင်မှာ တွေ့ချင်တယ် ညီမလေးရာ"

"သမီးမှ ရန်ကုန်ကို မလာခင်တာ"

"ကိုယ် မုံရွာကို လာခဲ့ရမလား"

"လာခဲ့လေ"

"လာတာက ဟုတ်တယ်၊ မုံရွာမှာက အသိတစ်ယောက်မှ မရှိဘူး၊ ပြီးတော့ တစ်ခါမှလည်း မရောက်ဖူးဘူး၊ ဟိုရောက်လို့ ညီမလေးက စိမ်းကားရင် ဘယ်လိုလုပ်မလဲ"

"ညီမလေးဘက်က စိတ်ချပါ"

"သေချာလား"

"သေချာတာပေါ့၊ ကိုယ်သာ ညီမကို တွေ့လို့ရုပ်ဆိုးမဆိုပြီး နောက်မခေါ်တော့မှာကိုပဲ ကြောက်တာ"

"ညီမလေး ဘယ်လောက်ပဲ ရုပ်ဆိုးပါစေ၊ ကိုကတော့ တစ်သက်မှာ တစ်ယောက်ဆိုတော့ လုံးဝမေ့လို့ရမှာ မဟုတ်ဘူး"

"ညီမလည်း ကိုယ့်လိုပါပဲ"

"ဒါနဲ့ ညီမလေး ကိုယ်လာရင် တည်းခိုခန်းမှာပဲ တည်းရမှာ၊ ညီမလေးနဲ့လည်း အဆင်ပြေအောင်၊ လူရှင်းတဲ့ တည်းခိုခန်းရှိလား"

"ဘယ်လို"

"ဒီလိုလေ . . . မုံရွာမှာက ကိုယ့်ကိုသိတဲ့လူက အသိသူမှ

မင်းလေဘာရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ညီမလေးကိုတော့ တစ်ချို့ကသိတယ်၊ ဒီတော့ ကိုယ်နဲ့လာတွေ့ရင် ညီမလေးပတ်ဝန်းကျင်က လူတွေ မတွေ့နိုင်ဘဲ တည်းခိုခန်းရှိလားလို့"

"အဲဒါတွေတော့ မသိဘူး၊ ဒါပေမယ့် မနက်ဖြန်ကျရင် ဆိုင်ကယ်နဲ့ လိုက်ကြည့်ထားမယ်လေ"

"ကောင်းတယ်"

"ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

□□□



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးက ကိုယ်တွေးကြည့်ထားတာထက်တောင် ပိုလှသေးတယ်"

"ဟုတ်"

ဆောင်းသဇင် တစ်ယောက် သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် ပထမဆုံး အခန်းတစ်ခုအတွင်းမှာ တွေ့ရတဲ့အတွက် ရင်ခုန်သံတွေ အရမ်းမြင့်မားနေလို့ စကားသံတွေက တိတ်ဆိတ်နေတယ်။

"စကားပြောဦးလေ"

"ဘာပြောရမှာလည်း"

သူမအသံက တိုးလျလွန်းတယ်။

တည်းခိုခန်းထဲက အခန်းအတွင်းမှာ ဆိုပေမယ့်လည်း အေးထွန်းရဲ့လက်ခြေတွေက တည်ငြိမ်လွန်းပါတယ်။ ဒါဟာ ငါးကြော်ကို မကြိုက်တဲ့ကြောင်တော့ မဟုတ်၊ ရှေ့ကို ပြေးဖို့ နောက်ဆုတ်နေတဲ့ ခြေလှမ်းတွေဆိုတာကိုတော့ ဆောင်းသဇင် မသိ။

"ကိုယ်နဲ့ တွေ့ရတာ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ်"

ဖုံးထဲမှာသာ ရင်းနှီးပြီး အပြင်မှာ မတွေ့ဖူးတဲ့အတွက် တွေ့တွေ့ခြင်း စိုးရိမ်နေတာကို သိနေတဲ့ အေးထွန်းကလည်း ဆောင်းသဇင် စိတ်လက်ပေါ့ပါးစေမဲ့ စကားလုံး တစ်ခုနဲ့ အစားထိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို တွေ့ချင်စိတ်တစ်ခုနဲ့ လာခဲ့ရတာ ခရီးကတော့ ပင်ပန်းသား"

"ဒါဆို အနားယူလေ"

"မနက်ဖြန် လာခဲ့ဦးမလား"

"ဟုတ်"

"လာခါနီး ဖုန်းဆက်နော်"

သူမခေါင်းကို အသာအယာညိတ်ပြခဲ့တယ်။

"ဒါဆို ပြန်တော့နော်. . . ကြာရင်အိမ်က စိတ်ပူနေမယ်"

ဆောင်းသဇင်က အခန်းဝကို ခြေဦးလှည့်တယ်။ လက်က တံခါးကိုဖွင့်ခါနီးမှာ . . .

"ညီမလေး"

နူးညံ့တဲ့လေသံနဲ့ခေါ်ပြီး သူမရဲ့ နဖူးလေးကို ဖွဖွလေးနမ်းပြီး . . .

"ညီမလေးကို အခန်းပြင်ရောက်တာနဲ့ စပြီး သတိရနေမယ်နော်"

အဲဒီစကားတစ်ခွန်းနဲ့ အနမ်းတစ်ပွင့်က ဆောင်းသဇင်တစ်ယောက် မိဘတွေကို လိမ်ညာပြီး အေးထွန်းနဲ့တွေ့ခွင့်ရအောင် အကြံအစည်တွေ ဖော်ဆောင်ဖို့ အားတစ်ခုပဲ။

□□□



www.burmeseclassic.com

www.burmeseclassic.com



နေ့ခက်ရက်တွေမှာတော့ အေးထွန်းရဲ့ ရင်မှာအတွင်းမှာ ဆောင်းသစ်တစ်ယောက် ပြုံကျပျက်ဆုံး။

ဘဲတီဆိတ်မှု၊ လုံ့ခြုံမှု၊ ဆိတ်ကွယ်၊ အသွေးအသားအ တွင်းကလောင်တဲ့ မီးတောက်များ၊ မာယာထောင်ချောက် များ၊ မသိနားမလည်ခြင်းများ၊ စနစ်တကျ ပြင်ဆင်မှုတွေ ကြားမှာ ဆောင်းသစ်တစ်ယောက် ရှေ့ဆုံမှာတော့ ခြောက် အောင် ပျော်ပါးနေတယ်။

"ညီမလေး"

"ရှင်"

"ကိုယ်တော့ ညီမလေးနဲ့ မခွဲနိုင်တော့ဘူး"

"ညီမလေးလည်း ကိုယ်နဲ့ ထပ်တူပဲ"

"ညီမလေး မိဘတွေက ကိုယ်နဲ့ဆို သဘောတူပါ့မလား"

"..............."

အေးထွန်းရဲ့စကားသံက ဆောင်းသစ်ရဲ့ ရင်တွင်းကို မှန်တိုင်းတိုက်သလို ဝင်ရောက်သွားတယ်။

ဟာတ္ထာသိုလ်ဝင်တန်းဖြေပြီးသား မိန်းကလေး တစ် ယောက်နဲ့ ရန်ကုန်ကဟုသစ် သိထားသော သူဌေးမိဘ ကျားလေးတစ်ဦးကို အကြင်လင်မယားအဖြစ် ပေါင်းသင်း ထားဖို့ မည်သည့်နည်းလမ်းကမှ မဖြစ်နိုင်ဘူးဆိုတာကို သူမ ကောင်းကောင်းသိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ် သဘောမကျနိုင်ဘူးဆိုတာ သေချာတယ်၊ ကိုယ်ကလည်း ညီမလေးနဲ့ ခွဲနိုင်သလို ယောကျ်ား တစ်ယောက် အနေနဲ့လည်း ဘာဝန်မဲ့တဲ့လုပ်ရပ်ကို မလုပ်နိုင်ဘူး"

သူမက နားထောင်သူသက်သက်။

"ဒီတော့ ညီမလေး ကိုယ်တို့ ရန်ကုန်လိုက်ခဲ့၊ နောက်ကျမှ ကိုယ့်မိဘတွေခေါ်ပြီး ဒီမှာ ဖင်လာ လာတောင်းမယ်နော်"

"အင်း"

"ဒါပေမယ့် တစ်ခု အခက်အခဲရှိတယ်"

"ဘာလဲဟင်"

ကိုက ဒီလာခါနီး Computer ဆိုင်ကို ပစ္စည်းတွေ ဝယ် ပေးခဲ့ရလို့ ငွေက လက်ကျွန်နေတယ်။ အခုညီမလေးဆီ လာရတာလည်းကုန်သွားတယ်။ ရှစ်ရာတွေတော့ရှိတယ်။ ရှေ့လဆို အဆင်ပြေပါပြီ။ ဒီကပြန်ရင် ညီမလေးကိုလည်း တန်းနိုးမှုန်းအဖြစ် ရှောင်းသာကို ပို့ပေးဦးမယ်။ အဲဒါ သူငယ်ချင်းတစ်ယောက်ထံမှာ ငွေချေးကြည့်ဦးမယ်။

စကားဆုံးတော့ ဆောင်းသစ်တစ်ယောက် ခေါင်းထွန်း ရင်ခွင်မှ ရှန်းထွက်ပြီး . . .

"ဘယ်လောက်လောက်လိုလဲ"

"နှစ်သောင်းကျော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမပစ္စည်းတွေယူလေ"

"ကိုယ် အဲလို ဘယ်တော့မှ မလုပ်ဘူး"

"အတူတူပဲဟာ"

"မယူချင်ပါဘူး"

"ယူပါ"

အေးကွန်းရဲ့ ခွင်ကို ပင်နေတာ ဆောင်းသဖင်တစ်ယောက်ကမသိ။ သူမခေါင်းထဲမှာ အေးကွန်းပြောသမျှစကားတိုင်းဟာ အမှန်အတိုင်းပြည့်နေတယ်။

"ဘယ်နေ့ရန်ကုန်သွားမလဲ"

"သဘက်ခါ"

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သွားမယ့် မနက်မှာ ဆောင်းသစင်တစ်ယောက် တည်းခိုခန်းကို ရောက်လာတယ်။ ရွှေ(၃)ကျပ်သား၊ ငွေ (၇)သိန်း၊ အေးထွန်းကို ထုတ်ပေးတယ်။

"ဘာလုပ်ဖို့လည်း"

အေးထွန်းက လေသံမာမာနဲ့ပြောတယ်

"ကိုကိုနဲ့ လိုက်ဖို့လေ အိမ်ကယူလာတာ"

"မင်းမိဘတွေ သိလား"

"..............."

"ဟာကွာ ညီမလေးကို ကိုယ်အားလုံးတာဝန်ယူနိုင်ပါတယ်။ ဒါတွေမလိုပါဘူး၊ သွားပြန်ပေးလိုက်"

"မဖြစ်ဘူး၊ အပြီးထွက်ခဲ့တာ"

"ဟာ"

အေးထွန်းတစ်ယောက် စိတ်ပျက်သံနဲ့

"ဒါဆိုရင် အဲဒါတွေကို အားလုံးသိမ်းထား၊ ညီမလေး မိဘတွေကို အသိပေးပြီးရင် ပြန်ပေးမယ်နော်"

"ကို့ သဘောပဲ"

"ကဲ . . . ညီမလေးလည်း မောလာတယ်။ အအေးတစ်ခွက်သောက်လိုက်ဦး။ ကို ကားလက်မှတ်ဖြတ်လိုက်ဦးမယ်။ ညကားပဲဖြတ်မယ်။ ဒါမှ အဆင်ပြေမယ်။

သူမကတော့ အအေးကို ကုန်အောင်သောက်လို့ပေါ့။

□□□



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းသဇင် အိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားသည်မသိ၊ သူမနိုးလာတော့ နံနက်(၇)နာရီခွဲခန့်ရှိပြီ၊ အခန်းတွင်းကို ကြည့်တော့ အေးထွန်းကို မတွေ့။

ရေအိမ်ဝင်နေတယ်ထင်ပြီး၊ ဆက်မှိန်းနေလိုက်တယ်။ ခေါင်းထဲမှာလည်း ငြီးဖိဖိနဲ့ကိုး။ နာရီဝက်ခန့်ကြာသော်လည်း အေးထွန်းကို မတွေ့။

"ဖုံးဆက်ကြည့်ဦးမယ်၊ စားစရာသွားဝယ်တာထင်တယ်။

ဟုဆိုပြီး ဖုံးကိုရှာတော့ မတွေ့၊ အခန်းတွင်းမှာလည်း ပစ္စည်းတွေအားလုံးက ဖွဲ့စည်းပုံပျက်လို့။ ဖုံးကိုလိုက်ရှာတော့လည်း မတွေ့။ ဒီထက်ထူးခြားတာက အေးထွန်းရဲ့ ပစ္စည်းတွေပါ ပျောက်နေတယ်။

"ဘာဖြစ်တာလဲ"

သူမမျက်နှာအလျင်အမြန်သစ်ပြီး ငွေထုတ်ကိုကြည့်တော့ မတွေ့။ တည်းခိုခန်းက ဝန်ထမ်းကိုမေးတော့ . . .

"မနေ့ညယ်က အထုတ်တစ်ထုတ်နဲ့ အပြင်ခဏသွားမယ်ဆိုပြီးထွက်သွားတာ ခုထိပြန်လာတာ မတွေ့သေးဘူး"

"ရှင်"

သူမ တစ်ခုခုကို စိုးရိမ်သွားတယ်။

"ဖုံးဆက်ချင်လို့"

စင်းလတ်ရှာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဆက်ပါ"

အေးကျွန်း ဖုန်းကော၊ သူမဖုန်းနံပါတ်ပါ နှိပ်ပေမယ့် 'စက်ပိတ်ထားပါတယ်' ဆိုတဲ့ အဖြေစကားလောက်ပို၍ ထူးခြားသော တုံ့ပြန်မှုကို မရခဲ့။

အကြိမ်ပေါင်းများစွာ ဒီအဖြေပဲ။

နံနက်ခင်းမှ ညနေစောင်းအထိ သူမအားကိုးတကြီး စောင့်မျှော်နေပေမယ့် အေးကျွန်းကရောက်မလာခဲ့။

ညရောက်တော့ သူမတည်းခိုခန်းကထွက်ပြီး သူငယ်ချင်းတစ်ယောက်ထံမှာ ပိုက်ဆံချေးပြီး တည်းခိုခန်းခပေးပြီး အဲဒီတစ်ညထပ်စောင့်တယ်။

စောင့်နေရင်းဆိုရင် အချိန်တွေဟာပိုပြီးကြာတတ်တာကို သူမသိလိုက်ပေမယ့် အေးကျွန်းကတော့ ပြန်ရောက်မလာပေ။

□□□

www.burmeseclassic.com

www.burmeseclassic.com


တချို့သောမိန်းမတွေရဲ့ မာယာကိုသဲနှင့်တင်စားရင် တချို့သော ယောကျ်ားတွေရဲ့ မာယာကို ဘယ်လိုများ တင်စားကြမလဲ?

သဲပွင့်တွေဟာ ကမ္ဘာမြေပေါ်မှာများပြားပြီး ရေတွေကို စုတ်ယူတတ်တယ်ဆိုရင် ယောကျ်ားတွေရဲ့ မာယာဟာတိမ်တွေလိုများဖြစ်နေမလား?

တိမ်တွေကို ချည်နှောင်ဖို့ ကြိုးဆိုတာ မရှိသလို တိမ်တွေနေတဲ့ အရပ်ဆိုတာလည်း . . .။

ဝန်ခံချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှ အဖြစ်အပျက်တစ်ခုကို ရေးဖွဲ့ပါတယ်။

မှင်းလေ.တံဆိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com




မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com


"မိန်းမတွေဟာ
ကျဉ်းမြောင်းတဲ့လမ်းပေါ်က ဆူးခက်တွေနဲ့ တူတယ်။
လမ်းသွားရင်း ဆူးတွေကို ကွင်းမရတဲ့အခါ
သွားသူကို ငြိသလို
မိန်းမတွေဟာလည်း ရှောင်ကွင်းသည့်တိုင်၊
တွေ့ဆုံရသူကို
သူတို့ရဲ့ အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့အထိနဲ့
ငြိစေနိုင်တယ်။"

မင်းလေတဂိုရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



## မင်းသားဘဝမှ သူတောင်းစားဘဝသို့

တစ်ခါက ဗာရဏသီပြည်က ဗြဟ္မဒတ်မင်းကြီးမှာ 'အနိတ္ထိဂန္ဓ' လို့ခေါ်တဲ့ သားတော်လေးတစ်ပါးရှိတယ်။

တိုင်းပြည်အုပ်ချုပ်တဲ့ ပဒေသရာဇ်ဘုရင်တစ်ပါးမှာ 'သား' ယောကျ်ားလေးတစ်ယောက် ရှားရှားပါးပါးမွေးဖွားတယ်ဆိုတော့ ယောကျ်ားလေးဖြစ်လို့ကော၊ တိုင်းပြည်အုပ်ချုပ်ဖို့ အာဏာလွှဲပြောင်းဖို့အတွက်ပါ မျှော်လင့်ထားတဲ့အတွက် ဗြဟ္မဒတ်မင်းကြီးက 'အနိတ္ထိဂန္ဓ'ကို အရမ်းချစ်မြတ်နိုးပါတယ်။

ဒါပေမယ့်

'အနိတ္ထိဂန္ဓမင်းသား'က ထူးခြားတယ်။

သူဟာမွေးဖွားပြီးကတည်းက မိန်းမတွေရဲ့ အနံ့ဆိုရင် လုံးဝခံနိုင်ရည်မရှိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကရလေးထိန်းတဲ့ အမျိုးသမီးတွေ လက်ရောက်ရင်ငိုပြီး၊ အမျိုးသားတွေ လက်ရောက်ရင်တော့ သူက အငိုတိတ်ပါတယ်။

တဖြည်းဖြည်းအရွယ်ရောက်လာတာနဲ့အမျှ မင်းသားဟာ နန်းတော်အတွင်းမှာ သီးခြားနန်းဆောင်တစ်ခုနဲ့ နေပြီး သူ့ရဲ့အလုပ်အကျွေးတွေကိုလည်း ယောကျ်ားများကိုသာ ထားပါတယ်။

မင်းသားဟာ နံနက်အိပ်ယာကထတာနဲ့ တပြိုင်နက် တရားအမှတ်လေးနဲ့ (ဈာန်ဝင်စားပြီး) နေပါတယ်။

ဒီတော့

သူ့အာရုံထဲကို မိန်းမတွေ အဝင်မခံဘူပေါ့။

သို့သော်. . .။

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာလည်း သားဆိုလို့ ဒီတစ်ယောက်တည်းရှိတယ်။ သူကလည်း ဈာန်ပဲဝင်စားနေတော့ တစ်နေ့နေ့ တောထွက်သွားရင် ငါတို့ဒိုဘောဒီအင် လက်ထက်တည်းက စိုးမိုးလာတဲ့ နန်းဆက်တော့ ပြတ်တော့မယ်။ ဘာလုပ်ရင်ကောင်းမလဲ"

ဒီစိတ်ကူး အကျပ်အတည်းတွေကြားမှာ မင်းကြီးဟာ အမြဲတမ်းရှန်းထွက်ရခက်နေပါတယ်။

"ဒီကောင် ကာမစိတ်ဖြစ်ပေါ်အောင် ဘာလုပ်ရမလဲ"

ဆိုတဲ့ ထပ်ဆင့်အတွေးကလည်း ထမင်းလုံးတစ္ဆေခြောက်သလို ဘာမှရေရာမှုမရှိဘဲ ကြောက်လန့်မှုတွေက တသွင်သွင်စီးလို့။

"မဖြစ်ဘူး ဒီကိစ္စကို တခြားသူတွေနဲ့ တိုင်ပင်မှ"

ဆိုပြီး ဗြဟ္မဒတ်မင်းကြီးဟာ သားတော်နှင့် ပတ်သက်ပြီး သူဖြစ်စေချင်တဲ့ ဆန္ဒကို တခြားသူတစ်ချို့ကို တိုင်ပင်တော့ တစ်ဆင့်စကား၊ တစ်ဆင့်နားကြားပြီး ကချေသည်မနားကို ပေါက်သွားတော့ သူမက–

"အရှင်မင်းကြီးသာ ခွင့်ပြုချက်ပေးမယ်ဆိုပါက မင်းသား ကာမစိတ်ဖြစ်ပေါ်လာအောင် ကျွန်မကြိုးစားကြည့်ပါရစေ"

ထွက်ပေါက်တွေအားလုံးပိတ်နေတဲ့ အနေအထားတစ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်၊ ကချေသည်မရဲ့ စကားဟာ ကောက်ရိုးတစ်မျှင်ထက် သာတယ်။ ဒါကြောင့်လည်း ဗြဟ္မဒတ်မင်းကြီးက သူမကို

"ငါ့သားတော်ကိုသာ သင်ဖြားယောင်းနိုင်လို့ကတော့ ငါ့သားမင်းသားဖြစ်တာနဲ့ တစ်ပြိုင်နက်ထဲ သင်ဟာ မိဖုရား ဖြစ်စေရပါမယ်"

"ကောင်းပါပြီး အရှင်မင်းကြီး"

□□□



www.burmeseclassic.com

www.burmeseclassic.com



'ဂီတဆိုတာ နှလုံးသားနံ့ရဲ့ကို ထွင်းဖောက်ဖို့ အကောင်းဆုံးလက်နက်တစ်ခုဖြစ်တယ်' ဟု သူမက မှတ်ယူထားတယ်။

ဒါကြောင့်လည်း ဘုရင်ကြီးထံမှာ ကတိခံပြီး သူမတာတ်ကျွမ်းပြီးသား စောင်းတီးကွပ်ထဲမှာ ငြိမ့်ညောင်းပြီး မင်းသားရဲ့ အာရုံကို ရျည်နှောင်နိုင်မဲ့ တီးလုံးတွေကို စနစ်တကျလေ့ကျင့်တယ်။ ဒါက သူမဘက်က ပြင်ဆင်ထားတဲ့ အပိုင်း။

နောက်တစ်ပိုင်းက မင်းသားရဲ့ အနီးအပါးမှာ ခံစားတဲ့သူတွေနဲ့ တွေ့ပြီး မင်းသားရဲ့ အိပ်ချိန်၊ နိုးချိန်တွေကို မှတ်သားကာ မိုးလင်းခါနီးအချိန်ကို ရွေးပြီး သီချင်းဆိုဖို့ ပြင်ဆင်တယ်။

သူမရဲ့ သီချင်းသံကို မင်းသားအနေဖြင့် ဘယ်လိုမှတ်ချက်ပြုမလဲဆိုတာ သိချင်တာနဲ့

"မိုးလင်းခါနီးကြရင် စံအိမ်ရဲ့ မနီးမဝေးမှာ ကျွန်မစောင်းတီးပြီး သီချင်းဆိုနေမယ်။ ကျွန်မသီချင်းသံကို မင်းသား သဘောကျ၊ မကျ ကျွန်မကို ပြန်ပြောပါ"

"ဒါကတော့ လွယ်ပါတယ်၊ မင်းသားက မနက်တိုင်း အိပ်ယာက ထရင် ဈာန်ဝင်စားနေကျဆိုတော့ သဘောမကျရင် မောင်းထုတ်နိုင်မှာပဲ"

"ကောင်းပါပြီ စောင့်ကြည့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒီလိုနဲ့ . . .။

□□□

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းရဲ့ နေရောင်ခြည် မကျရောက်ခင်မှာပဲ ညင်သာတဲ့ စောင်းသံက မင်းသားရဲ့ စံအိမ်အတွင်းကို ဖျံ့နှံ့လာတယ်။ စောင်းသံနဲ့အတူ ချိုသာသော အသံ တစ်ပါး တည်းကပ်ပါလာပုံက နှင်းပွင့်တွေ ကြွေကျလာသလို သိပ်သိပ်သည်းသည်းရှိလှတယ်။

မကြားစဖူး ထူးကဲသောအသံကို အိပ်ယာကနိုးနိုးချင်း ကြားလိုက်ရသော မင်းသားတစ်ယောက် အသံနောက်ကို သာယာပြီး အိပ်ယာက ထဖို့ မေ့နေတယ်။

မျက်နှာသစ်ဖို့ဆိုတာ အသာထား၊ ဇင်စားနေကျ လောကီဈာန်ကိုတောင်မှ ဝင်စားဖို့ အမှတ်မရတော့ချေ။ သေချာပါပြီ။

မင်းသားတစ်ယောက် ကချေသည်မလေးရဲ့ ဂီတအသံမှာ ပျော်ဝင်နေပုံများ မနက်ခင်းတစ်ခုရောက်မလာတော့မဲ့ အတိုင်းပဲ။

နောက်ရက် နောက်ရက်တွေမှာတော့ ဂီတအသံမကြား ရရင် မနေနိုင်တော့တဲ့ မင်းသားတစ်ယောက် ကချေသည်မ လေးကို သူ့နန်းဆောင်အတွင်းမှာ ထားပြီး သီဆိုစေတယ်။

နောက်တော့ ဂီတမပါဘဲ သူတို့နှစ်ယောက်ထဲ ဂီတအ သစ်တစ်ခုကို ဖန်တီးတယ်။ ဒါကိုပင် 'ကာမ' ဟုခေါ်ပါ သလား ?

ကချေသည်မလေးနဲ့ အကြိမ်ပေါင်းများစွာ တော်ကြိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့အခါမှာတော့ နောက်ထပ်မိန်းကလေးတွေနဲ့ ထပ်ပြီး ဖောက်ပြန်တယ်။ အဲဒီမှာ ယောကျ်ားရှိတဲ့သူတွေဖြစ်ပါက ယောကျ်ားတွေ့ကို သတ်တယ်။

ဒီထက်ဆိုးတာက . . .

"မိန်းမမှန်သမျှ ငါ့အတွက်ဖြစ်ရမယ်"

ဆိုပြီး တွေ့သမျှ ယောကျ်ားတွေကို ဓားနဲ့လိုက်တယ်။

အိမ်ရှေ့မင်းသားဆိုတော့ ဘယ်သူမှ မလုပ်ရဲဘူး။

တဖြည်းဖြည်း အခြေအနေကဆိုးဝါးလာတယ်။ နန်းတော်အတွင်းမှာ မိန်းကလေးတွေကော၊ ယောကျ်ားလေးတွေပါ မနေရဲလောက်အောင် ဖြစ်လာတယ်။ နန်းတွင်းမှာလည်း မင်းသားရဲ့ ကာမဖောက်ပြန်မှုကြောင့် အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေးတွေ အားနည်းလာတယ်။

ဒီအခြေအနေဆိုးကို ဗြဟ္မဒတ်မင်းကြီးက အကောင်းဆုံး အပြတ်သားဆုံးဖြေရှင်းလိုက်ရတယ်။

အဲဒါကတော့ . . .

ကချေသည်မလေးနှင့် မင်းသားကို ဖမ်းဆီးပြီးတိုင်းပြည်ကနေ နှင်ထုတ်လိုက်ရတယ်။

ကာမရဲ့ အထိအတွေ့ကြားမှာ ဘုရင်ဖြစ်မယ့် မင်းသားတစ်ယောက် သူတောင်းစားဘဝကို ကူးပြောင်းခဲ့တယ်။

ဝန်ခံချက်။ ။ငါးရာငါးဆယ် တိကနိပါတ်၊ စူဠပဒုမ ဘုန်းစာတ်ကို မှီးငြမ်းရေးဖွဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဆိတ်ကွယ်ရာက အမှားများ

လက်မထပ်ခင် လွန်လွန်ကျူးကျူးဖြစ်ခြင်းနဲ့ ပတ်သက်ပြီး သိရမယ့်အချက်(၉)ချက်ကို မျှဝေချင်ပါတယ်။

(၁)လက်မထပ်ခင် မှားယွင်းသွားတဲ့ စုံတွဲဟာ လက်မထပ်ဖြစ်ဘဲ ကွဲသွားနိုင်ပါတယ်။

(၂)များစွာသော ယောကျ်ားများဟာ တခြားသော ယောကျ်ားများနှင့် မှားယွင်းဖူးသော မိန်းကလေးကို ဘယ်သူမှ လက်မထပ်လိုကြပါ။

(၃)အပျိုစင်ရဲ့ အိမ်ထောင်ဟာ အပျိုစင်မဟုတ်တဲ့သူရဲ့ အိမ်ထောင်ထက် များစွာပျော်ရွှင်မှုရှိပါတယ်။

(၄)လက်မထပ်ခင်မှာ မှားယွင်းသော လင်မယားဟာ



www.burmeseclassic.com

www.burmeseclassic.com



လင်မယားကွာရှင်းပြတ်ဆဲမှုဖြစ်တာများပါတယ်။

(၅)အပျိုစင်မဟုတ်တော့တဲ့ မိန်းကလေးဟာ လက်ထပ်ပြီးတဲ့နောက်ပိုင်း အိမ်ထောင်ရေး ဖောက်ပြန်မှုတွေကို ကျူးလွန်တတ်ပါတယ်။

(၆)အပျိုစင်မဟုတ်တဲ့ မိန်းကလေးဟာ အပျိုစင်ထက် မှားယွင်းတဲ့ သူတွေနဲ့သာ လက်ထပ်ဖြစ်တဲ့ အကြောင်းအရင်းများ ဖြစ်ပေါ်စေပါတယ်။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးလို့ရသလိုမျိုးပေါ့။

(၇)လက်မထပ်မီ မှားယွင်းမှုကြောင့် လက်ထပ်ပြီးနောက်ပိုင်း ဖိုမဆက်ဆံခြင်းအမှုမှာ၊သာယာခြင်း၊ ကျေနပ်ခြင်း လျော့နည်းသွားတတ်ပါတယ်။

(၈)လက်မထပ်မှ မှားယွင်းမှုကြောင့် ဆင်းရဲကြပ်တည်းသောအိမ်ထောင်ဖြစ်သွားတတ်ပါတယ်။ ဥပမာ–ကိုယ်ဝန်ရှိသွားလို့ မလွဲသာ၊ မရှောင်သာ လက်ထပ်လိုက်ရတာကြောင့် အိမ်ထောင်တစခု တည်ဆောက်ဖို့ငွေကြေးပြည့်စုံလုံလောက်မှုမရှိ၊ အလုပ်အကိုင်လည်းမရှိ ဖြစ်လာတတ်ကြပါတယ်။

(၉)မှားယွင်းမှုကြောင့် လက်ထပ်ပြီးနောက်ပိုင်းတွင် ဖိုမဆက်ဆံလိုစိတ် မရှိတော့ခြင်းတို့ပဲဖြစ်ပါတယ်။

မေတ္တာဖြူ

အတွဲ(၁၃)၊ အမှတ်(၁၁)၊ အလင်းအိမ်စာစောင်

www.burmeseclassic.com

မင်းလက်ရာစာပေ

www.burmeseclassic.com



# ပုဂ္ဂလိက

မင်းလတ်ဓိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ည' . . .အလင်္ကာ

မြွေဟာ 'ဖား'ကိုမြိုပြီး မိမိရဲ့ ဝမ်းရေးကို ဖြေရှင်းတတ်တယ်ဆိုတာ . . . အားလုံးလက်ခံထားတဲ့ အချက်ပါ။

ဒါပေမယ့်

တစ်ခါတစ်လေကျရင် ဖောက်ပြန်တတ်တဲ့ ရာသီဥတုတွေလို 'ဖား'ဟာလည်း မြွေကိုမြိုတတ်ပါတယ်။

ဒီထက် ထူးခြားတာက

မြွေတွေကို မြိုလေ့ရှိတဲ့ ဖားရှေ့မှာ တမင်သက်သက်သွားအမြိုခံတဲ့ မြွေတွေလည်းရှိတတ်တယ် ဆိုတာပါပဲ။

နည်းနည်းများ ရှုပ်သွားသလား။

ရှင်းပြပါရစေ . . .။

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က သိန်းဝင်း

သူ့ဇနီးနာမည်က ဥမ္မာ။

သူတို့မှာ တစ်ဦးတည်းသော သားလေးတစ်ယောက်ရှိတယ်။

သိန်းဝင်းက ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်း။ လစာက (၂)သိန်းနီးပါးရတယ်။ စကားနည်းတယ်၊ အနေရိုးတယ်။ သူ့ဇနီးနဲ့ သူ့သားကို အရမ်းချစ်တယ်။

ဒီတော့

သူတို့မိသားစုဟာ အေးချမ်းတည်ငြိမ်ပြီး ပျော်စရာကောင်းတဲ့ မိသားစု တစ်ခုလို့ သတ်မှတ်လို့ရတာပေါ့။

အဲ . . . တစ်ခုတော့ရှိတယ်။

တစ်ခါတစ်လေကျရင် သိန်းဝင်း ဘီယာတော့ သောက်လေ့ရှိတယ်။ အမြဲတော့ မဟုတ်ဘူး။ အပေါင်းအသင်းရှိမှာဆိုတော့ မိန်းမဖြစ်သူ အဲဒီကိစ္စကို အပြစ်ဟု မမြင်ဘူး။

ဘီယာသောက်တာမှ မဟုတ်ဘူး။ မိန်းမကိစ္စတွေမှာလည်း စိတ်ချရတယ်။ စိတ်ချရတဲ့ အနေအထားရောက်အောင်လည်း သိန်းဝင်းက အနေရိုးခဲ့တာကိုး။

ဒါပေမယ့် . . .။

□□□



www.burmeseclassic.com

www.burmeseclassic.com


သူ့နာမည်က မနိုင်။

နာမည်အပြည့်အစုံက နိုင်နိုင်မော် ဖြစ်ပေမယ့် ယောကျ်ားလေး သူငယ်ချင်းများလို့လား၊ ဘာကြောင့်လည်းတော့ မသိဘူး။ မမော် ဟုမတွင်ဘဲမနိုင်ဟုသာ အမည်တွင်ခဲ့တယ်။

သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိခဲ့ဖူးပေမယ့် ပထမအိမ်ထောင်နဲ့ ကွဲပြီး နောက်ထပ်သားအရွယ် ကောင်လေးနဲ့ အိမ်ထောင်ကျပြီး ထပ်ကွဲတယ်။ ဘာကြောင့် ကွဲတယ်ဆိုတာကို ဘယ်သူကမှ တိတိပပ မသိကြဘူး။

နှစ်လင်ကွာ၊ ကလေးနှစ်ယောက်အမေဆိုပေမယ့် ဝတ်တတ်၊ ပြင်တတ်၊ ထိန်းသိမ်းတတ်တော့ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းတွေက အသက်(၄၀)ကျော် ဆိုပေမယ့် လည်း ဖွံ့ဖြိုးတိုးတက်မှုတွေက ကျဆင်းမသွား။

အလုပ်အကိုင်က စက်ရုံတစ်ခုရဲ့အောစူပါ (All Super) ဒီတော့

အလုပ်သမားများစွာကို ထိန်းချုပ်လာနေတဲ့ သူဆိုတော့ မျက်နှာကတည်ကြည်လွန်းတယ်။ သာမန်ယောကျ်ားလေး တစ်ယောက်အနေဖြင့် သူမလမ်းလျှောက်သွားရင် လှမ်းစဖို့ မကြိုးစားကြဘူး။

ဒါပေမယ့် . . .။

□□□

မင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သိန်းဝင်းတို့နေတဲ့ အိမ်ဝန်းကျင်ကို မနိုင် တစ်ယောက် ပြောင်းလာတယ်။

အတိုချုပ်ဆိုရလျှင် သိန်းဝင်းတို့ မိသားစုနဲ့ မနိုင်နဲ့ ခင်မင်ရင်းနှီးလာတယ်။ တစ်ယောက်အတွင်းရေးကို တစ်ယောက်က ဖွင့်ပြောလာကြတယ်။

ဒါပေမယ့်

အနေအေးတဲ့ သိန်းဝင်းနဲ့ မနိုင်ရဲ့ ဆက်ဆံရေးကတော့ မေးထူးခေါ်ပြော အဆင့်ထက်ပိုတဲ့ အနေအထားတစ်ခုကို ရောက်မလာဘူး။

ထူးခြားမှုဆိုလို့ တစ်ခုသော သင်္ကြန်ကာလမှာ မိသားစုတွေ ရေပတ်ခံထွက်ရင်း ဒီဃာအတူတူတွဲသောက်ဖူးတာတော့ ရှိတယ်။ ဒါကလည်း သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုကို။

မနိုင်နဲ့ ပတ်သက်ပြီး သိန်းဝင်းရဲ့ဇနီးက မှတ်ချက်တစ်ခုတော့ ချဖူးတယ်။

"မနိုင်က တဏှာကြီးတယ်"

ဟုတော့ ပြောဖူးတယ်။ ဘယ်အချက်တွေကို ကြည့်ပြီး အားကောင်းတာလည်းဆိုတာကိုတော့ သိန်းဝင်းက မမေး။ မိန်းမအချင်းချင်းသိတဲ့ ကိစ္စပဲဟု စိတ်ထဲမှာ တွေးနေမိတယ်။

ဒါပေမယ့် . . .။

□□□

မင်းလတ်ရာဇာပေ

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားရေ ငါတို့ရွာပြန်ဦးမယ်။ အမေက သူ့မြေးကို တွေ့ချင်လို့တဲ့ နင်လိုက်ဦးမလား"

"မလိုက်တော့ဘူး၊ ငါ့အလုပ်တွေ ရှိသေးလို့"

"အေး ဒါဆို ငါတို့ကို လိုက်ပို့ဦး"

"ပို့ပေးမယ်၊ ပြန်လာမယ့်နေ့ကြလည်း ဖုန်းကြိုဆက် ငါလာကြိုမယ်။ ကလေးလည်း ဂရုစိုက်ဦး"

ဥမ္မာက သူ့မိဘတွေရှိရာကို ဒီလိုပဲ ပြန်နေကျဆိုတော့ သိန်းဝင်းအတွက် ဘာမှ မထူးခြား။

သူ တစ်ယောက်တည်း အလုပ်သွားတယ်။ ချက်စားတယ်။

ဒါပေမယ့် . . .။

□□□

ခင်းလက်ရုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟလို"

"မောင်လေးလား"

Ph နံပါတ်ကြည့်တော့ မနိုင်ဆိုတာ သိနေတော့ သူပြန်ထူးလိုက်တယ်။ မနိုင်ထံက Ph လာတော့ အလုပ်ကပြန်ရောက်ပြီး ထမင်းချက်နေတဲ့အချိန်။

"ဘာကိစ္စရှိလို့လဲ"

"အကူအညီတောင်းစရာတစ်ခုရှိလို့"

"ဘာများလဲ အစ်မ"

"ညကျရင် အစ်မသူငယ်ချင်းတွေ ဘီယာသောက်ပြီး အိမ်မှာ လာအိပ်ကျမလို့တဲ့၊ အစ်မတို့ကလည်း မိန်းကလေးတွေ ချည်းပဲဆိုတော့ ဘီယာမဝယ်ရဲဘူး၊ အဲဒါ ဘီယာငါးဗူးလောက် ဝယ်ပြီးလာပို့ပေးပါလား။ အိမ်ရောက်ရင် ပိုက်ဆံပေးမယ်လေ။

လူချင်းကလည်း ရင်းနှီးတယ်။ အကူအညီတောင်းတဲ့ ကိစ္စကလည်း ဘာမှ အပန်းမကြီးတာမို့ 'ရပါတယ်' ဟု သူက ဝန်ခံလိုက်တယ်။

"ဒါနဲ့ မောင်လေး အစ်မတို့က စက်ရုံဆင်းမှ သောက်မှာဆိုတော့ ည(၈)နာရီလောက်မှ ဆိုင်က ဝယ်ပြီးလာပို့နော်။ ကြိုဝယ်ထားရင် ဘီယာက အအေးပေျာ့ရင် ခါးပြီး သောက်လို့ မကောင်းဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ အစ်မ"

□□□

www.burmeseclassic.com

www.burmeseclassic.com



"ဒီည မိုးရွာမလား မသိဘူး"

အိမ်ကထွက်ထွက်ချင်း ခတ်ပြင်းပြင်းတိုက်ခတ်လာသော လေညင်းနှင့် ကောင်းကင်ပေါ်က အုပ်ဆိုင်းမှုကို ကြည့်ပြီး သိန်းဝင်းတစ်ယောက် စိတ်ထဲကနေတွေးမိလိုက်တယ်။

"ဘီယာ'ချန်း' ၅လုံးပေးပါ"

မိန်းကလေးတွေ သောက်မှာဆိုတော့ ဈေးလည်းသက်သာ၊ 'အယ်ကိုဟော' ရာခိုင်နှုန်းလည်း နည်းတော့ ယိုးဒယားဘီယာကို မှာလိုက်တယ်။

"ဘီယာ'ချန်း' ကုန်နေတယ်။ ဒဂုံဘဲရှိတယ်"

ဒဂုံဘီယာရဲ့ အနေအထားကို မသိတာနဲ့။

"ရှိတာပဲပေးပါ"

ဟု ပြောပြီး ယူလာခဲ့တယ်။ ဘီယာဗူးတွေက အနည်းငယ်ရှည်နေတာကိုတော့ သတိပြုမိတယ်။ မနိုင်တို့ အိမ်ရှေ့ရောက်တော့ မီးကပျက်နေပြီး မီးအိမ်လေးကို ထွန်းထားတာကို တွေ့ရတယ်။

မနိုင်က ညဝတ်အင်္ကျီ ခရမ်းရောင်ခပ်ပျော့ပျော့ကို ဝတ်ထားတယ်။ အလင်းအားနည်းတဲ့ အမှောင်ထုနဲ့ သူမရဲ့ အဝတ်အစားနဲ့ ခပ်နွဲ့နွဲ့ထိုင်နေပုံက သိန်းဝင်းရဲ့ ရင်ခုန်သံကို အနည်းငယ်မျှ မြန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ အိမ်ပေါ်တက် မောင်လေး"

သူအိမ်ပေါ်ရောက်တာနဲ့ သူမကအိမ်နောက်ဖေးဝင်ကာ စားစရာတွေယူချလာတယ်။ အမဲသားကြော်၊ ဘဲဥကြော်၊ ကန်စွန်းရွက်ကြော်၊ရေသန့်ဗူး ပစ္စည်းတွေကိုချရင်း

"မောင်လေးကို ကောင်းအားနာလိုက်တာ အစ်မ သူငယ်ချင်းတွေက မလာတော့ဘူးတဲ့၊ ဒါတွေကလည်း နမြောစရာ၊ မောင်လေးနဲ့အစ်မပဲ သောက်ရအောင်"

"................"

သိန်းဝင်းနှုတ်ပြင်းဆန့်ဖို့ စကားလုံးတွေမထွက် လာဘူး။

"ဘာမှမဖြစ်လောက်ပါဘူး"

ဟုတော့ စိတ်ကတွေးလိုက်တယ်။

ရုတ်တရက် မိုးကရွာချလာတော့

"မိုးတိတ်မှဘဲ ပြန်တော့နော်"

"................"

မနိုင်ကမီးအိမ်ကို ခပ်ဝေးဝေးကိုပို့လိုက်တယ်။ အလင်းရောင်က သူတို့နှစ်ယောက်ကြားကို ပိုမိုဖျော့တော့ သွားတယ်။

"ဘယ်သူမှတော့ မလာတော့ပါဘူး၊ အပြင်က တွေ့မှာကြောက်လို့လား ဒီဘက်ကပ်"



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ပြောတဲ့အချက်ကို သိန်းဝင်းကပ်လိုက်တယ်။ သူတို့ ထိုင်နေတဲ့နေရာကို အပြင်လူဝင်လာရင်မမြင်နိုင်ပေမယ့် သူတို့ကတော့ အပြင်ကိုတွေ့ရတယ်။

"ကဲ...သောက်"

မနိုင်က သိန်းဝင်းရှေ့ကို ဘီယာငှဲပြီး ချပေးသလို သူမ ကလည်း သောက်တယ်။ မိန်းမလေးတစ်ယောက်နဲ့ ညအ မှောင်ထဲမှာ ဘီယာအတူတူသောက်ရမှာကို ရှိန်နေတော့ သိန်းဝင်းမော့ချလိုက်တယ်။ အေးမြတဲ့ ဘီယာက သူ့နှလုံး သားကို စီးဝင်သွားတယ်။

"ဖြေးဖြေးသောက်ပါကွာ"

ညက ပိုပြီးနက်လာသလို မိုးက ပိုပြီးပြင်းထန်လာ တယ်။ သူတို့ သောက်ထားသော ဘီယာက သုံးဗူးရှိပြီ။ ဘီယာသုံးဗူးဆိုတာ တချို့လူတွေအတွက် ဘယ်လိုနေလည်း တော့ မသိ သောက်စမရှိတဲ့ သိန်းဝင်းကတော့ အနည်းငယ် ရီဝေနေတယ်။

"ငါ ဒီလိုနေတာ မိန်းမသိရင် ဘယ်လောက်စိတ်ဆိုး မလဲ"

ဟုလည်း တွေးလိုက်မိတယ်။ အဲဒီပူလောင်တဲ့ အတွေး ကို ဖြေဖျောက်ဖို့ ဘီယာတစ်ငုံ မော့သောက်တယ်။ သူကခွက် အချ၊ မနိုင်က အမဲကျော်ကို သူ့ပါးစပ်ထဲ လှမ်းခွံ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မကာ မူးလာရင် သွေးဆိုးတယ် မောင်"

မနိုင်ရဲ့ ပြောင်းလဲသွားသော အခေါ်အဝေါ်နဲ့ ထူးခြားသော အမူအရာကို တွေ့တော့ 'ငါမှားနေပြီလား'ဟု သူ့ဘာသာတွေးနေမိတယ်။ မိုးကပိုသည်းတော့ အားနည်းတဲ့ မီးရောင်က ရေဆူမှုတ်ရောက်လာတယ်။

"မောင်"

"........"

"စဏလုံချင်တယ်"

ဆိုပြီး သူ့ရဲ့ ရင်ခွင်ထဲကို မနိုင်က တိုးဝင်တယ်။ သူလုံးဝထင်မှတ်မထားတဲ့ အနေအထားတစ်ခုဖြစ်ပေမယ့် ရုန်းကန်ဖို့ မကြိုးစားဘဲ အလိုက်သင့် ဖက်ထားလိုက်တယ်။

"မူးသွားပြီကွာ"

ဟု သူမက ပြောလိုက်ပေမယ့် သိန်းဝင်းကတော့ လုံးဝအမူးပြေသွားတယ်။ သူသွေးသားထဲမှာ 'အယ်ကိုဟော' ခေတ်တွေပျော်ထွက်ပြီး ပြင်းထန်တဲ့ 'ရမ္မက်'တွေက အလျင်အမြန်စီးမျောလို့။

ဒီတော့

မနိုင်ရဲ့ လက်တွေက သိန်းဝင်းရဲ့ ခန္ဓာကိုယ်အနှံ့အပြားလှုပ်ရှားသလို သူ့လက်တွေက မနိုင်ကိုယ်ပေါ်ကို တဖြည်းဖြည်း လှုပ်ရှားလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် . . . မနိုင်ရဲ့ နှုတ်ခမ်းက သူ့နှုတ်ခမ်းနဲ့။

အဲဒီညက အမှောင်ထုက ပိုပြီးနက်မှောင်သွားတယ်ဟု ထင်မှတ်မိချိန်မှာတော့ . . . သူတို့နှစ်ယောက်စလုံးရဲ့ ကိုယ်ကျင့်တရားတွေကို ရှာချလိုက်တဲ့ မိုးစက်တွေကြား လွင့်ပစ်လိုက်တယ်။

ညက . . .

မိုးကြောင့် ကြယ်တွေ ရောက်မလာခဲ့ဘူး။

□□□

မင်းလေတင်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားသွားပြီ"

ဒီစကားကို အကြိမ်ပေါင်းများစွာ သိန်းဝင်းတစ်ယောက် ရေရွတ်နေမိတယ်။ အဲဒီညကဖြစ်စဉ်ကိုလည်း အစမှ အဆုံးတိုင်အောင် သူ့ခဏခဏ တွေးနေမိတယ်။

တွေးလိုက်တဲ့အခါတိုင်း သူ့နှုတ်က မွန်းကျပ်လို့။

"နောက်မလုပ်တော့ဘူး၊ ကြာရင် ငါ့မိသားစု ကမ္ဘာလေး ပျက်စီးသွားမယ်"

ဟု သူ့ဘာသာစိတ်ကူးထားပေမယ့် သူ့စိတ်ကူးက (၂၄) နာရီထက် ပိုမခံခဲ့။

"မောင် လာခဲ့ဦးလေ"

ဆိုတဲ့ မနိုင်ရဲ့ စကားလုံးတွေကြားမှာ နောက်တစ်ကြိမ် ထပ်မှားကြတယ်။ မနိုင်ရဲ့ နှုတ်ခမ်းကြားမှာ သူပျော်မွေ့သလား၊ မွမ်းကြပ်နေသလား ဆိုတာကိုလည်း မဝေခွဲတတ်။

"မင်းမိန်းမပြန်လာရင် အရင်ပုံစံအတိုင်းနေ၊ ပာနိမပျက်စေနဲ့၊ အမြဲအနေပေးရင် မနဲ့ တွေ့ကြမယ်နော်"

ဆိုတဲ့ မနိုင်ရဲ့ စကားကို ကြားလည်းကြားရ၊ ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရတဲ့ အခါမှာတော့ 'မနိုင်က တဏှာအားကြီးတယ်' ဆိုသောစကားကို ပြန်ပြီးအမှတ်ရလိုက်မိတယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာကို သွားကြိုတဲ့နေ့က သိန်းဝင်းတစ်ယောက် စိတ်ထဲမှာ ဂဏှာမငြိမ်လှဘူး။ ခနီးဖြစ်သူရဲ့ သူ့အပေါ်သစ္စာရှိမှုတွေကို တွေးလိုက်တိုင်း အရူးတစ်ယောက်လို အော်ဟစ်နေမိချင်တယ်။

သားလေးနဲ့ ကလေးကိုကြည့်ပြီး တစ်ခါတစ်လေကြရင် အမှန်တရားဆိုတာ လျို့ဝှက် ထားမှ ပိုပြီးတော့ မှန်ကန်ပြီး အကျိုးရှိတတ်သလားဟုလည်း တွေးနေမိတယ်။

မနိုင်ကတော့ ပုံမပျက်။

"ကောင်မက ကိုယ့်အစ်မအတွက် လက်ဆောင်ဆောင် ပါမလာဘူး"

ဟုပင် ပြောလွှက်သေးတယ်။

မငြိမ်တာက သိန်းဝင်း။ မနိုင်နဲ့ မျက်လုံးချင်း မဆုံရဲ။ ဒီထက်ဆိုးတာက 'ဥမ္မာ အိမ်မှာမရှိရင် ဖုန်းဆက်နော်' ဆိုတဲ့ စကားကို မကြာခဏပြောတော့ သူစဉ်းစားရပြီ။

'ငါ ဒီမှာ ဆက်နေသင့်ပါသလား'

ဟုမေးတော့ အဖြေက အရပ်ဒေသတစ်ခု ပြေးမြင်ယောင်နေမိတယ်။

ဒီတော့

ခနီးဖြစ်သူကို စီးပွားရေးအကြောင်းပြချက်ပြောပြီး တိတ်တဆိတ် အဲဒီရပ်ကွက်က ပြောင်းလာခဲ့တယ်။ ခိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ဖုံးကို ဆိုင်ပြန်ရောင်းလိုက်တယ်။
"ထပ်တွေ့ရင် ထပ်မှားကြဦးမယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com



သိန်းဝင်းတို့ မိသားစု ပတ်ဝန်းကျင်အသစ်မှာ အခုဆို ရင် နေသားကျခဲ့ပြီ။ အရာရာဟာ ပြောင်းလဲခဲ့ပြီးလို့လည်း သိန်းဝင်းက ထင်ထားတယ်။

“ဒီည မိုးရွာတယ်ထင်တယ်”

ဟု ဇနီးဖြစ်သူကပြောတော့ သူတစ်ခုခုကို အမှတ်ရသွား တယ်။

ဝန်ခံချက် ။ ။ရန်ကုန်တိုင်းဒေသကြီးမှ အဖြစ်အပျက် တစ်ခုကို အခြေခံသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မိန်းမနှင့်ယောကျ်ားတို့ အပြန်အလှန်နှောင်ဖွဲ့မှု(၈)မျိုး

(၁)ရုဏ္ဏေန ဗန္ဓထိ = ငိုခြင်းဖြင့်နှောင်ဖွဲ့ခြင်း။
(၂)ဟသိတေန ဗန္ဓထိ = ပြုံးခြင်းဖြင့်နှောင်ဖွဲ့ခြင်း။
(၃)သဏိတေန ဗန္ဓထိ = စကားပြောဆိုခြင်းဖြင့် နှောင်ဖွဲ့ခြင်း။
(၄)အာကပ္ပေန ဗန္ဓထိ = ဝတ်စားဆင်ယင်ခြင်းဖြင့် နှောင်ဖွဲ့ခြင်း။
(၅)ဝနဘင်္ဂေန ဗန္ဓထိ = ပန်းစသည် လက်ဆောင်ပေးခြင်းဖြင့် နှောင်ဖွဲ့ခြင်း။
(၆)ဂန္ဓေန ဗန္ဓထိ = အမွှေးအကြိုင်အနံ့တို့ဖြင့် နှောင်ဖွဲ့ခြင်း။
(၇)ရသေန ဗဒ္ဓတိ = အရသာကောင်းဖြင့် နှောင်ဖွဲ့ခြင်း။
(၈)ဘဿေန ဗဒ္ဓယိ = အထိအတွေ့ဖြင့် နှောင်ဖွဲ့ခြင်း။

(အင်္ဂုတ္တရ ဗန္ဓနသုတ်၊ ပ-၃-ပါ-၃၀-၂၆၇)

မင်းလတ်ရာဇာ၆ပ

www.burmeseclassic.com

www.burmeseclassic.com



## ခြားနားချက်

"ဖေကြီး သားသားတို့ကို ပိုက်ဆံပြန်ပို့နော်"

"ပို့မှာပေါ့ကွ"

သန်းထိုက်တစ်ယောက် မလေးရှားမသွားခင်ကတည်းက ဒီလိုစကားမျိုးကို အကြိမ်ပေါင်းများစွာ ကြားနေရတယ်။ ခြောက်နှစ်ဆိုတဲ့ ကလေးငယ်တစ်ယောက်က ဒီလိုစကားမျိုး မတတ်ပေမယ့် ဇနီးဖြစ်သူက ခဏ ခဏသင်ပေးတယ်။

"ဟိုရောက်ရင် မိန်းမရှုပ်တာ၊ အရက်သောက်တာ လုံးဝမလုပ်ရဘူး၊ ကိုယ့်အိမ်အခြေအနေလဲ ကိုယ်သိ၊ ငွေကိုသာ မှန်မှန်ပြန်ပို့၊ အမေတို့က ကျွန်မတို့ကို စီးပွားဖြစ်စေချင်လို့ ငွေထုတ်ပေးတယ် ဆိုပေမယ့် ရွှေတိုးတော့ ပေးရမှာ"

www.burmeseclassic.com

www.burmeseclassic.com


"အေးပါကွာ"

"ရှင်ပို့တဲ့ငွေကိုလည်း ကျွန်မက အလေအလွင့်ဖြစ်အောင် မလုပ်ဘူး၊ တိုးပွားအောင်လုပ်ထားမယ်။ သုံးနှစ်ပြည့်လို့ရှင်ပြန်လာရင် ကျွန်မတို့ ကိုယ်ပိုင်စီးပွားရေးလေး တစ်ခုတော့ လုပ်နိုင်မှာပါ"

ဒီလိုစကားမျိုး လေယာဉ်ပေါ်တက်ခါနီးများ လိုက်ပြောနေမလားလို့ သန်းထိုက် တွေးနေမိတယ်။

"ကျွန်မကတော့ ရှင့်မိဘအိမ်မှာ မနေနိုင်ဘူး၊ ရှင့်ညီမတွေနဲ့လည်း ကျွန်မနဲ့ အဆင်ပြေမှာ မဟုတ်ဘူး၊ ရှင် မလေးရှားသွားတာနဲ့ ကျွန်မတို့ အမေအိမ်ပြောင်းနေမယ်။

သူ ဘာတစ်ခွန်းမှ မပြောချင်တော့။

နားတွေလည်း အူနေပြီကိုး။

□□□



www.burmeseclassic.com

www.burmeseclassic.com


သန်းထိုက်က ပဲခူးမြို့အနီးက ရွာလေးတစ်ရွာက (၁၀)တန်းကျပြီး ရန်ကုန်မှာ အလုပ်မျိုးစုံလုပ်ရင်း၊ နောက်ဆုံး အစိုးရသတင်းစာတိုက်မှာ အလုပ်မြဲသွားတယ်။

ရန်ကုန်သူနဲ့ ညားတယ်။

မြန်မာနိုင်ငံမှာ ဂျာနယ်တွေ ခေတ်စားလာတော့ အစိုးရသတင်းစာကထွက်ပြီး၊ D.T.P နဲ့ ဂျာနယ်တစ်စောင်မှာ ဝင်လုပ်တယ်။ တစ်သိန်းဆိုတဲ့ ဝင်ငွေက ယောက္ခမအိမ်မှာ နေရတာ မျက်နှာပန်းမလှ။

သူတို့လင်မယား ယူခါစက နှစ်ယောက်စလုံးအလုပ်ရှိတော့ အဆင်ပြေပေမယ့် မယားဖြစ်သူကိုယ်ဝန်ရှိပြီးတဲ့ အချိန်ကစပြီး သူတစ်ယောက်စာလစာနဲ့ အဆင်မပြေ။

ယောက္ခမအိမ်နေလို့ အိမ်ငှားခမပေးရပေမယ့် လမ်းစရိတ်၊ စားစရိတ်၊ အထွေထွေစရိတ်တွေကြားမှာ ဘယ်လိုနည်းနဲ့မှ မတည်ငြိမ်။

"ဒီအတိုင်းဆိုရင် မင်းတို့ စီးပွားရေးက တက်လှမ်းမရှိဘူး၊ မောင်သန်းထိုက် မင်း မလေးရှားမှာ အလုပ်သွားလုပ်ရင် အနည်းဆုံးစရိတ်ငြိမ်း တစ်လ နှစ်သိန်းလောက်ကျန်မယ်။ ငါက ငွေတချို့တစ်ဝက် စိုက်ပေးမယ်။ မင်းမိဘတွေဆီကလည်း ငါးသိန်းလောက် ထုတ်ခိုင်း"

ယောက္ခမရဲ့ စကားက သဘာဝကျပေမယ့် တွေးစရာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေရဲ့ အနေအထားကိုတော့ သူအားမရချေ။

နောက်ဆုံး မိန်းမဖြစ်သူနှင့် ယောက္ခမရဲ့ တွန်းအားတွေအောက်မှာ မလေးရှားသွားဖို့ ပြင်ဆင်ရတယ်။ ရွာမှာရှိတဲ့ သူ့မိဘတွေကို အကျိုးအကြောင်း ပြောပြတော့ '၁၀'တိုးနဲ့ ငွေငါးသိန်း ထုတ်ပေးလိုက်တယ်။

ဒီလိုနဲ့

သန်းထိုက်တစ်ယောက် မလေးရှားရောက်ခဲ့တယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



မလေးရှားရောက်ပြီး ငါးလလောက်နေတော့ သူ ငွေစလွှဲတယ်။ နောက်နှစ်လနေတော့ သူ့မိဘတွေကို ငွေသုံးသိန်းလွှဲလိုက်တယ်။ မလွှဲလို့ကလည်း မဖြစ်တော့ ငွေငါးသိန်းက တစ်ဆယ်တိုးနဲ့ အတိုးတစ်လ ငါးသောင်းဆိုတာ တောကအမေတို့အတွက် အစက်အခဲဖြစ်နေပြီလေ။

နောက်လတွေမှာ မိန်းမထံပို့။

နောက်တစ်ခေါက်ကျတော့ အမေနေမကောင်းဘူး။ ဆေးဖိုး အစက်အခဲဖြစ်နေတယ်။ ရာသီဥတုတွေက မကောင်းလို့ စပါးတွေ မရဟု ညီမလေး ဖုန်းဆက်တော့။

"အမေတို့က အရေးကြီးတယ်၊ မိန်းမကတော့ သူ့အမေနဲ့ နေတော့ အဆင်ပြေမှာပဲ"

ဆိုတဲ့ အတွေးနဲ့ ငွေပို့လိုက်တယ်။

အဲဒီမှာ ပြဿနာတက်တာပဲ။

မိဘတွေထံပို့လိုက်တဲ့ ပိုက်ဆံကို မိန်းမဖြစ်သူက သိသွားတော့ ဖုန်းထဲကနေ ရန်တွေ့လို့။ သူအမျိုးမျိုးဖြေရှင်းချက်ပေးပေမယ့် မရ။

"ရှင့်မှာ သားနဲ့မယားနဲ့ ဆိုတာ သိဦး"

ဒုက္ခဆိုတာ အပေါင်းနဲ့ အသင်းနဲ့ ဝင်လာတတ်တယ် ဆိုတာ သန်းထိုက်တစ်ယောက် ကောင်းကောင်းသဘောပေါက်ဖို့ 'ကံဆိုးမသွားရာ ရှာလိုက်တဲ့ မိုးစက်ရွှေအကြောင်း' က ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလေးရှားမှာ သူ့အလုပ်က အဆင်မပြေ။

သူငယ်ချင်းတစ်ယောက်က ကုန်တိုက်တစ်ခုမှာ ဝင်လုပ်ဖို့ အကြံပေးတော့ အစစအရာရာ အဆင်ပြေဖို့ သူစက်ရုံက ထွက်ပြီး ဝင်လုပ်ခဲ့တယ်။ အရင်စက်ရုံထက် ငွေပိုရတော့ မိန်းမဖြစ်သူထံကို ငွေမှန်မှန်ပို့တယ်။

ဒါပေမယ့်

အရင်စက်ရုံက နောက်အလုပ်တစ်ခုကို ပြောင်းလိုက်တဲ့အတွက် သူကမလေးရှားစကားနဲ့ ပြောရရင် 'ဝ သွားတယ်' သူက တရားဝင်လုပ်သား မဟုတ်တော့။

ဒီတော့

သန်းထိုက်တစ်ယောက် စားသတိ၊ သွားသတိနဲ့ နေခဲ့တယ်။

သို့သော်

မလေးရှားရောက်လို့ (၂)နှစ်မပြည့်ခင်အချိန်မှာဘဲ 'အော်ပရာစီစစ်ဆင်ရေး' ဆိုတဲ့ တရားမဝင်အလုပ်သမားတွေကို ဖမ်းဆီးတော့ သန်းထိုက်တစ်ယောက် မလေးရှားထောင်ထဲကို ရောက်သွားတယ်။

ထောင်ကတစ်ဆင့် မြန်မာနိုင်ငံကို အကျဉ်းသားတစ်ယောက်လို ရုတ်တရက်ပြန်ရောက်လာခဲ့တယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ မောင်သန်းထိုက် ဘယ်လိုပြန်လာတာလဲ"

ခြံထဲဝင်ဝင်ခြင်း ယောက္ခမကြီးက သူ့ကို စတွေ့တယ်။

"သားရေ မင်းအဖေ ပြန်လာတယ်"

သားဖြစ်သူပြေးထွက်လာပေမယ့် (၂)နှစ်ဆိုတဲ့ အချိန်ကာလတစ်ခုကြားမှာ အနည်းငယ် အေးစက်နေတယ်။

"မိန်းမကော"

"မင်းမိန်းမ အပြင်သွားတယ်"

သူပြန်ရောက်ချိန်ဟာ ည(၇)နာရီကျော်ပြီ ဖြစ်ပေမယ့် မိန်းမဖြစ်သူ မတွေ့တော့ ကိစ္စတစ်ခုကြောင့်ဟုပဲ ထင်လိုက်တယ်။

"မင်းက ရုတ်တရက်ကြီး ဘယ်လိုဖြစ်တာလဲ ဖုံးလဲမဆက်"

သူက ဖြစ်ကြောင်းကုန်စင်ပြောပြတယ်။ သူ့စကားဆုံးတော့ . . .

"မင်းလည်း ဖြစ်လိုက်ရင်"

ည(၉)နာရီထိုးခါနီးမှာ မိန်းမဖြစ်သူ ပြန်ရောက်လာတယ်။ သူ့ကိုတွေ့တော့ အံ့ဩသွားတယ်။ သန်းထိုက်တစ်ယောက် ယောက္ခမဖြစ်သူကို ပြောပြီးသားစကားတွေကို ပြန်ရှင်းပြရတယ်။ ရှင်းပြလို့ ဆုံးတော့ . . .

"အခု ပိုက်ဆံ ဘယ်လောက်ပါလာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့ အမေးစကားက တိုပေမယ့် သူ့ဘက်က အဖြေကလည်း သိပ်မရှည်ပေ . . .။

"လူတောင် မနည်းပြန်လာရတာ ဘယ်က ပိုက်ဆံပါမလဲ"

သူ့စကားဆုံးတော့ မိန်းမဖြစ်သူရဲ့ အပြစ်တင်သံ၊ ယောက္ခမဖြစ်သူရဲ့ အထင်သေးတဲ့ အကြည့်တွေကို တပြိုင်နက်ထဲ ခံစားလိုက်ရတယ်။

မလေးရှားက ပြန်လာတဲ့ သူရဲ့ အိမ်အဝင်ညကတော့ ခြောက်သွေ့ပြီး ငြီးငွေ့စရာ။

အဲဒီညက အိပ်ယာဝင်တော့ . . .

"ရှင် ဟိုမှာ မကောင်းတဲ့ မိန်းမတွေနဲ့ အိပ်ခဲ့သေးလား မသိဘူး၊ ဒီည ကျွန်မနဲ့ အတူမအိပ်နဲ့ ဆေးစစ်ရမယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စရှိသေးတယ် အပြင်သွားဦးမယ်"

မိုးလင်းထဲက ဖီးလိမ်းပြင်ဆင်နေတဲ့ မိန်းမကို တွေ့တော့ သူမမေးခင် ပြန်ဖြေတယ်။

"ဘယ်လိုလဲ ငါလိုက်ခဲ့ရမလား"

"ရှင်က ဘာလိုက်လုပ်မလဲ နေခဲ့"

အဲဒီနေ့ကတော့ မိုးမချုပ်ခင် သူမပြန်ရောက်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့လည်း အမေတွေကို ငွေပို့တဲ့ကိစ္စနဲ့ စကားဆက်များတယ်။ သူ့အတွက် အိမ်ဟာ သာယာဖွယ်တွေ ကင်းဆိတ်နေတယ်။

နောက်တစ်ပတ်ခန့်နေတော့ သူ့ရွာကို အလည်သွားတော့ မိန်းမဖြစ်သူက . . .

"ရှင်ပြန်မလာလည်း ကောင်းတယ်"

ဆိုတဲ့ စကားနဲ့ နှုတ်ဆက်တယ်။

အဆင်မပြေမှုတွေကြားမှာ ပျော်ရွှင်မှုတွေ ကင်းမဲ့ပြီး စိတ်ညစ်စရာတွေ များလွန်းတော့ သူ့ရွာမှာ (၁၀)ရက်ခန့် နေတယ်။ ရန်ကုန်ပြန်လာပြီး အလုပ်လိုက်ရှာတာ အဆင်မပြေ။

မိန်းမနဲ့ ရန်ဖြစ်။

သူငယ်ချင်းတွေအိမ်လိုက်နေ။

စင်းလမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလေးရှားက ပြန်ရောက်ပြီး (၂)လအကြာမှာ မိန်းမနဲ့ တရားဝင်ကွာရှင်းလိုက်တယ်။

အဲ . . . . . .

တစ်ခုပဲ ပြောစရာရှိတယ်။

သူနဲ့ ကွာရှင်းပြီး တစ်လမပြည့်ခင်မှာ သူ့မိန်းမက နောက်ယောကျ်ား ယူသွားတယ်။

"အဲဒီကောင်နဲ့ မင်းဟိုမှာ ရှိစဉ်ထဲက ဖြစ်နေတာ"

ဆိုတဲ့ သတင်းစကားတစ်ခွန်းကတော့ သူ့ထံကို မပျက်မကွပ် ရောက်လာခဲ့တာပဲ ရှိတယ်။

ဝန်ခံချက်။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းမှ အဖြစ်အပျက်တစ်ခုကို အခြေခံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'တဏှာလျှင် အကြောင်းအရင်းရှိတဲ့ ဘဝ၌ သာယာတဲ့ တဏှာရဲ့ အချည်အဖွဲ့ကို ခံနေရတဲ့ သတ္တဝါတွေဟာ နောက်ဖြစ်ပေါ်မည့် ကာမကိုဖြစ်စေ၊ ရှေးလွန်ခဲ့ပြီးတဲ့ ကာမကိုဖြစ်စေ ငံ့ကွက်ပြီး ယခုခံစားနေရဆဲ ကာမနှင့် အတိတ်၊ အနာဂတ်ကာမတွေကို လိုလားတောင့်တနေသမျှ မိမိကိုယ်တိုင် လွတ်မြောက်ရန် ခဲယဉ်းတယ်၊ သူတစ်ပါးကိုလည်း မလွတ်မြောက်စေနိုင်ဘူး'

(သုတ္တနိပါတ်၊ ဂုဟဋ္ဌကသုတ်)

မင်းလေကာရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကဏှာမင်းသမီး ခေတ်သောဆုမြတ်

တစ်ချိန်တုန်းက ဗာရာဏသီမင်းဖြစ်တဲ့ ဗြဟ္မဒတ်ဟာ စစ်အင်အားနဲ့ ကောသလတိုင်းကို သိမ်းယူပြီး ကောသလ မင်းကိုလည်း သတ်ပစ်တယ်။ ကောသလမင်းရဲ့ မိဖုရားခေါင်ကြီးကိုလည်း ကိုယ်ဝန်နှင့်တကွ ဖမ်းဆီးခေါ်ဆောင်သွားပြီး မိဖုရားမြှောက်လိုက်တယ်။

နောက်တော့ မိဖုရားကြီးက သမီးလေး မွေးဖွားတယ်။

မင်းကြီးမှာ နဂိုက သားသမီးမရှိတဲ့အတွက် မိဖုရားကြီးကို နှစ်သက်တော်မူတာကြောင့် –

"ရှင်မ မြတ်သောဆုကိုယူလော့"လို့ အမိန့်ရှိတာနဲ့ မိဖုရားကြီးက မြတ်သောဆုကိုယူပါတယ်။ သမီးလေးကိုလည်း 'ကဏှာ'လို့ မှည့်လိုက်ပါတယ်။ (ကဏှာဆိုတာတော့ ရှင်နီနာမည်ဖြစ်ပါလိမ့်မယ်–အနွတ္တဆိုရင် အစိမ့်ပါယ်ကမကောင်းဘူ)



www.burmeseclassic.com

www.burmeseclassic.com


အဲဒီနောက်တော့ 'ကဏှာ'ဆိုတဲ့မင်းသမီးလေးဟာ (၁၆ – ၁၇)နှစ်အရွယ်ရောက်လာတဲ့အခါ စိတ်လှုပ်ရှား လာပါတယ်။ စိတ်ကစားတယ်ပေါ့။ အမေမိဖုရားကြီးက –

"သမီး သမီးရဲ့ ဖခမည်းတော်ဟာ အမေ့ကို မြတ်သောဆုပေးခဲ့ပြီး သမီးလည်း သမီးနှစ်သက်တဲ့ဆုကို တောင်းပါ"လို့ ပြောပါတယ်။

ဟိုတုန်းက မင်းတွေမှာ သားသမီးတွေနဲ့ မိဖုရားတွေက တောင်းတဲ့အရာတစ်ခုကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရတဲ့ အလေ့တစ်ခုရှိပါတယ်။ ဒါနဲ့ သမီးဖြစ်သူ ကဏှာဟာ အရွယ်ရောက်စိတ်ကစားနေတဲ့ အချိန်ဖြစ်တော့ စိတ်ထဲမှာ မကြာမတင် ဖြစ်ရှိခံစားနေတဲ့ ခံစားမှုလေး တစ်ခုကို ဆုမြတ် အဖြစ်တောင်းခဲ့တယ်။

အဲဒီဆုက ထူးဆန်းအံ့ဩဖွယ်ရာလို့ ပြောရမလား၊ ဒါမှမဟုတ် ဣတ္ထိယသမိုင်းမှာ စာတင်လောက်တဲ့ ဖြစ်ရပ်တစ်ခု လို့ ဆိုရမလား၊ ဒါမှမဟုတ် အရာရာပြည့်စုံသူ မိန်းကလေး တွေရဲ့ဘာလိုအပ်ချက်ကြီးတစ်ခုကို မရှက်နိုင် မကြောက်နိုင် ကြိုးစားယူဖို့ နည်းလမ်းပေးခဲ့တာလို့ပဲ ဆိုရမလား။

"အမေ သမီးမှာ အခြားခြား ပစ္စည်းဥစ္စာ ရွှေငွေဆိုတာ တွေနဲ့ပတ်သက်လို့ မပြည့်စုံဘူးဆိုတာ မရှိပါဘူး


www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြည့်စုံပါတယ်။ သမီးမှာလိုချင်နေတဲ့ ဆုမြတ်ကတော့ သမီး ဘာအတွက် သမီးကြိုက်နှစ်သက်တဲ့ လင်ယောကျာ်းကိုသမီး ကိုယ်တိုင် လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးပါ”

ဆိုတဲ့ဆုမြတ်ပဲဖြစ်ပါတယ်။

ကဏှာမင်းသမီးက မွေးရာပါ ဇာတိကကိုပဲ ကိလေသာစိတ်များခဲ့ပုံပေါ်ပါတယ်။

‘ကိလေသာ ဗဟုလတာယ ဟိရောတ္တပ္ပံ ဘိန္ဒတွာမိာတရုံအာဟ’ ဒါကြောင့် ဒီလို စကားကို အမေကို ပြောရရဲ့တာပေါ့။ အမေကလည်း သမီးရဲ့ဆန္ဒကို မင်္ဂြင်းဆန်ပါဘူ။ မင်းကြီးကို သံတော်ဦးတင်ပေးပါတယ်။

“အရှင်မင်းကြီး သမီးတော် ကဏှာဟာ သူကိုယ်တိုင် သူချစ်ခင်နှစ်သက်တဲ့ လင်ယောကျာ်းကို ရွေးချယ်ခွင့်ဆိုတဲ့ ဆုမြတ်ကို လိုချင်ပါသတဲ့” လို့

လျှောက်တင်ပါတယ်။

မင်းကြီးကလည်း သမီးတော်ကဏှာ ကြိုက်နှစ်သက်တဲ့ ယောကျာ်းကို ကိုယ်တိုင်ရွေးချယ်လို့ ယူစေဆိုတာကို ဆုမြတ်အဖြစ် ကြေညာလိုက်တယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com


## ကချော့မင်းသမီးရဲ့ သတို့သားရွေးပွဲ

ဒီဆုမြတ်ကို တရားဝင်ရသွားတဲ့ ကချော့မင်းသမီးဟာအလွန်ပျော်နေလိမ့်မယ်ဆိုတာ သာမန်စဉ်းစားကြည့်ရင်တောင် သိသာနိုင်ပါတယ်။ ဘာကြောင့်လဲ၊များသောအားဖြင့် ဟိုတစ်ချိန်က လူ့ယဉ်ကျေးမှုအရဆိုလျှင် မိန်းကလေးက ယောကျ်ားလေးကို လွတ်လွတ်လပ်လပ် တရားဝင်ကြိုက်ခွင့်ရွေးချယ်ခွင့်ဆိုတာ မရှိပါဘူး။

ဒါပေမဲ့

သူတို့ကြိုက်တဲ့ ယောကျ်ားကို သူတို့ကိုယ်တိုင် ရွေးချယ်တဲ့နေရာမှာ သူတို့ရဲ့ အတွင်းပညာ၊ မွေးရာပါပညာနဲ့ ရွေးချယ်ခွင့်ရှိပါတယ်။

တစ်နည်းပြောရလျှင် သူတို့ကြိုက်တဲ့ယောကျ်ားလေး သူတို့ပြန်ကြိုက်လာအောင် လုပ်နိုင်စွမ်းရှိတဲ့အတွက်


www.burmeseclassic.com

www.burmeseclassic.com

အဲဒီပညာမျိုးနဲ့ပဲ လင်ယောကျ်ားရွေးချယ်ကြရပါတယ်။ ဒါမှမဟုတ် သူတို့ကိုယ်တိုင်က အရွေးချယ်ခံရတဲ့နေရာမှာ ရှိနေရပါတယ်။

အခုကတော့ ကဏှာမင်းသမီးဟာ သူကိုယ်တိုင် သူကြိုက်တဲ့လင်ယောကျ်ားကို ဖခင်မင်းကြီးရဲ့အကူအညီ (သို့မဟုတ်) မင်းသမီးဆိုတဲ့ အရှိန်အဝါကို လက်တွေ့အသုံး ချတဲ့အနေနဲ့ ရွေးချယ်ပါတော့မယ်။

အမျိုးသမီးတွေရဲ့ ဘဝမှာ သူတို့အလိုချင်ဆုံးအရာကို သူတို့ကိုယ်တိုင် လွတ်လွတ်လပ်လပ်ရွေးချယ် ရတဲ့ အခွင့်အရေးကို ရပြီဆိုလျှင် သူတို့အတွက် အလွန်ကျေနပ်စရာကောင်းတဲ့ ဆုမြတ်ကြီးပဲပေါ့။

ဒါကြောင့် ကဏှာမင်းသမီးပျော်ရွှင်ကျေနပ်စွာနဲ့ (သို့ မဟုတ်) ရင်ခုန်စွာနဲ့ နေ့တွေရက်တွေကို ကျော်ဖြတ်လာခဲ့တာ ဒီနေ့တော့ ဖခမည်းတော်ကြီးက သမီးတော်ကဏှာမင်းသမီး အတွက်နန်းရင်ပြင်မှာ ပွဲတစ်ပွဲလုပ်ပေးတယ်။

တရားဝင်ပွဲပါ။

ဗာရာဏသီမြို့ထဲက ဂုဏ်သရေရှိယောကျ်ားတွေများ စွာကို အလှဆုံး အစနဲ့ညားဆုံး အဝတ်တန်ဆာတွေဝတ်စား ဆင်ယင်စေပြီးတော့ နန်းရင်ပြင်ကို လာရောက်


www.burmeseclassic.com

www.burmeseclassic.com


စည်းဝေးဖို့ ခေါ်လိုက်တယ်။

အလှအသီးသီးက ယောကျ်ားတွေဝတ်ကောင်းစား လှ ဝတ်စားဆင်ယင်ပြီးတော့ ရောက်လာကြတယ်။

ကဏှာမင်းသမီးဟာ ပန်းကုံးတွေ ထည့်ထားတဲ့ 'ရွှေခြင်းတောင်း'ကို ရင်ခွင်မှာ ပိုက်ပြီးတော့ အလှပဆုံး ဝတ်စားဆင်ယင်မှုနဲ့ နန်းပြသာဒ်ရဲ့ မြောက်ဘက်လေသာ ပြတင်းကနေ နန်းရင်ပြင်မှာ စည်းဝေးတက် ရောက်လာကြတဲ့ ယောကျ်ားတွေကို ကြည့်လိုက်ပါတော့တယ်။

ဘယ်ယောကျ်ားကို ငါအကြိုက်ဆုံးလဲ၊ ဘယ်ယောကျ်ားက ငါနဲ့ အလိုက်ဖက်ဆုံးဖြစ်လေမလဲပေါ့၊ ဒီလောက်များတဲ့ ယောကျ်ားတွေထဲမှာ သူကြိုက်တဲ့ယောကျ်ားတစ်ယောက် မှ မတွေ့ပါဘူးတဲ့။

ခက်တော့ ခက်တယ်။

ဘယ် ဒို ယောကျ်ားကို ရွေးသလဲဆိုတာ မသိနိုင်ဘူး တစ်ချို့မိန်းခလေးတွေက တောင့်တင်းခိုင်မာတဲ့ ယောကျ်ား တစ်ချို့မိန်းကလေးတွေက ရုပ်ရည်ချစ်လှတဲ့ယောကျ်ား၊ တစ်ချို့ကျတော့လည်း ပညာတတ်တဲ့ယောကျ်ား၊ အခု ဒီမှာ နှလုံးသားနဲ့ရွေးမှာလား၊ ဦးနှောက်နဲ့ ရွေးတာလားတော့ မသိ နိုင်၊ ကဏှာမင်းသမီးက သူကြိုက်တဲ့ယောကျ်ားမရှိဘူး ဖြစ်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမလား၊ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးဆီက ပညာတွေ သင်ကြားပြီး ပြန်လာတဲ့ပဏ္ဍုမင်းရဲ့သားငါးယောက် အဇ္ဇုန၊ နကုလ၊ ဘိမသေန၊ ယုဓိဋ္ဌိလ၊ သဟာဒေဝ သူတို့ငါးယောက် ကလည်း ခရီးလှည့်လည်လာကြရင်း ဗာရာဏသီမြို့ထဲ ရောက်လာကြတယ်။

သူတို့ ရောက်လာကြတဲ့ အချိန်မြို့ထဲမှာ ကဏှာမင်း သမီးရဲ့ သတိုးသားရွေးပွဲအကြောင်းက အုံးအုံးကျွတ်ကျွတ် ဖြစ်နေတယ်။ သူတို့လည်း စဉ်းစားကြတယ် ဗဟုသုတ အဖြစ် သွားမယ်။ ဒါမှမဟုတ် ဒို့လည်း နံပါတ်ထဲပါချင် ပါသွားနိုင်တယ်ဆိုပြီး သွားဖြစ်ကြတယ်။

မင်းသားတွေက တော်တော်လေးချောပုံခန့်ပုံပေါက် ပါတယ်။ နန်းရင်ပြင် ရောက်တော့လူတွေ အများကြီးဖြစ် နေပြီ။ သူတို့လည်း ကြီးစဉ်ငယ်လိုက် တစ်နေရာလေးမှာ ရွှေရုပ်လေးတွေ တန်းစီပြီး ချထားသလို အစဉ်တိုင်း တန်းစီ လို့ရပ်နေကြကယ်။

အဲဒီအချိန်မှာ ကဏှာမင်းသမီးလှမ်းမြင် လိုက် တယ်။ ကဏှာရဲ့မျက်စိထဲမှာ ဒီမင်းသားငါးယောက်ဟာ အလှဆုံး၊ အချောဆုံး၊ အခန့်ဆုံးဆိုတာ ငြင်းလို့မရအောင် ထင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ကဏှာလိုက်ရှာနေတဲ့ သူတွေဖြစ်မယ် ကဏှာဟာ ဒီမင်းသားငါးယောက်ကို တွေ့လိုက်တာနဲ့ ရင်ထဲမှာ တဒိတ်ဒိတ်ဖြစ်သွားရပါတယ်။

(တေသု မဋ္ဌိဗန္ဓ စိတ္တာ ဟုတွာ)သူလည်း ကျေနပ်သွားပြီ။ ပီတိတွေလည်း ဖြစ်သွားရပြီ၊ ဒါနဲ့ မင်းသားငါးယောက် ဆီအရောက်သွားပြီး ပန်းခြင်းထဲက ပန်းကုံးတွေကို မင်းသား ငါးယောက်ရဲ့ ခေါင်းမှာ တန်းစီပြီး စွပ်လိုက်တယ်။ ပြီးတော့ ပြုံးရွှင်ကျေနပ်တဲ့ မျက်နှာထားနဲ့ အရိပ်အကဲကြည့်နေတဲ့ မိခင် ဆီပြန်လာပြီး -

"အမ္မ ဣမေ ပဉ္စ ဇနေ ဝရေမိ"

"အမေရေ ဒီလူငါးယောက်ကို သမီးရွေးချယ်လိုက်ပါပြီ"

လူသူပရိသတ်ကြီးကလည်း ကဏှာရဲ့အပြုအမူကို ကြည့်ကြပြီး ဒါ့အားသင့်သူသင့်ဖြစ်ကုန်ကြတယ်။ အမေဖြစ်သူကတော့ သမီးကဏှာရွေးချယ်လိုက်တဲ့ လူငါးယောက်ကို မင်းကြီးထံ လျှောက်တင်တယ်။

မင်းကြီးကလည်း ပေးထားပြီးတဲ့ဆုကိုမရုပ်နိုင်တာကို မပြောပေမယ့် ဒီလိုဖြစ်ရတဲ့အဖြစ်ကိုသဘောကျပုံမရဘူး-

"သူတို့က ဘယ်သူ့သားတွေမို့လဲ"

လို့မေးတော်မူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်မင်းရဲ့သားတွေဆိုတာ သိရတာနဲ့သမီးတော် ကဏှာဒေဝီကို မင်းသားငါးယောက်ရဲ့ အလုပ်အကျွေးအဖြစ် ပြုကာ၊ ထိမ်းမြားလက်ထပ်ပေးလိုက်ပါတယ်။

□□□

မင်းလက်ျာစာပေ

www.burmeseclassic.com

www.burmeseclassic.com


## လက်ထပ်ပြီးနောက်ပိုင်း

အဲဒီကဏှာမင်းသမီးရဲ့ လင်ယောကျ်ားရွေးပွဲ ပြီးသွားပါတယ်။ ဒီအဖြစ်မျိုးက ခပ်ရှားရှားပဲ။ မိန်းမတစ်ယောက်က ယောကျ်ားငါးယောက်ယူထားတဲ့ တကယ့်ဖြစ်ရပ်ပါ။

ကဏှာမင်းသမီးဟာ ဒီလင်ယောကျ်ားငါးယောက်ကို ဘုံ(၇)ဆင့်ပြာသာဒ်ထက်မှာ ကိလေသာကိစ္စနဲ့ ပေါင်းဖော်ပျော်ပါးခဲ့တယ်။

ကဏှာမင်းသမီးဟာ ဒီမင်းသားငါးယောက်နဲ့အတူ ကိလေသာကိစ္စပျော်ပါး ခံစားနေရပေမယ့် မင်းသားညီနောင်ငါးယောက်အပြင်ဘက်မှာ ကိစ္စရှိလို့ ထွက်သွားတဲ့အခါ သူမအနားမှာ အဝင်အထွက်ရှိနေတဲ့ အလုပ်အကျွေး ခါးကုန်းကုန်းနဲ့ စကားမပြောတတ်တဲ့ ဆွံ့တစ်ယောက်နဲ့ ကိလေသာကိစ္စ ပြုပြန်တယ်။ ဆွံ့နဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ ဘာတွေ ပြောသလဲ။

မင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



"မယုံ တယာ သဒ္ဒိသော ပိယောနတ္ထိ"

"ကျွန်မမှာ သင်နဲ့တန်းတူထားပြီး ချစ်ရမည့်သူမရှိဘူး" ဆက်ပြီးပြောပါသေးတယ်။

"မင်းသားညီနောင် ငါးယောက်ကိုသတ်ပြီး သူတို့လည်ချောင်းသွေးနဲ့သင့်ရဲ့လည်ကို လိမ်းကျံပေးမယ်"

မိန်းမတွေရဲ့ ရင်ထဲကချစ်စကားတွေနေမှာပေါ့။ အဲဒါတွေတင်ပဲလားဆိုတော့ မင်းသားငါးယောက်ထဲမှ အကြီးဆုံး မင်းသားနဲ့ ကိလေသာပြုတဲ့အခါ

'ဣမေဟိ စတူဟိ တွမေဝ မယှံ ပိယတရော'

ဟိုလူလေးယောက်ထက် မောင့်ကိုသာ ကျွန်မအချစ်ဆုံးတဲ့။ ယောကျ်ားတွေ အဟုတ်မှတ်အောင် အသဲခွဲအောင် စကားပြောကောင်းတဲ့ မင်းသမီးပဲ ဆက်ပြောပါတယ်။

'မယာ ဇီဝိတမို တဝတ္ထာယ ပရိစ္စတ္တံ'

"ရှင့်အတွက်ဆို ကျွန်မအသက်ကို စွန့်ပြီးသားပဲ"

ဘာကိုဆိုလိုသလဲဆိုတော့ ကျွန်မအသက်ရှင်နေတာ မောင်တော့်အတွက်ပါပေါ့။ ခမည်းတော် မင်းကြီးနတ်ရွာစံလျှင်မောင်တော့်ကို ထီးနန်းစည်းစိမ်အပ်မှာပါတဲ့ ပြောတတ်တယ်။

ဒီမင်းသားနှင့်သာ ဒီလိုပြောသလားဆိုတော့ ကျန်မင်းသားလေးယောက်နှင့် မှိုဝဲပေါင်းဖော်တဲ့အခါမှာလည်း ဒီလိုစကားလုံးလှလှလေးတွေနဲ့ တီတီတာတာချွဲချွဲနွဲ့နွဲ့ပြော



www.burmeseclassic.com

www.burmeseclassic.com


တာပဲ မင်းသားတွေက ---

"အင်း--- ဒီမင်းသမီး ငါတို့ကို ချစ်မြတ်နိုးနေတာပဲ၊ သူ့မကြောင့် ဒီလိုစည်းစိမ်ခံစားနေကြရတာ"

ဆိုပြီး ပိုပိုပြီးချစ်မြတ်နိုးကြပါသတဲ့။ စွမ်းလည်းစွမ်းနိုင်တဲ့ မင်းသမီးပဲ။

□□□

ခင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com


## ကဏ္ဍာမင်းသမီးရဲ့အထာ

တစ်နေ့တော့ ကဏ္ဍာမင်းသမီး နေမကောင်းဖြစ်လို့ အိပ်ယာထဲတုံးလုံးလဲနေရတယ်ပေါ့။ ဒီအခါမှာ သူမရဲ့လင် မင်းသားငါးယောက်ရယ်၊ သူမနဲ့ ပျော်ပါးဖူးတဲ့ အလုပ်အကျွေး ခါးကုန်းငဆွံ့ရယ် အားလုံးခြောက်ယောက်က သူမကို ဝိုင်းပြီး ခြေဆုပ်လက်နှက်ပြုစုပေးကြတယ်။

မင်းသားအကြီးဆုံးက ကဏ္ဍာမင်းသမီးရဲ့ ဦးခေါင်းကို နှိပ်နယ်ပေးရသတဲ့၊ နောက်တစ်ယောက်က ဘယ်လက်ကို နှိပ်နယ်ပေးရတယ်။ နောက်တစ်ယောက်က ညာလက်ကို နှိပ်နယ်ပေးရတယ်။ နောက်တစ်ယောက်က ဘယ်ခြေထောက် နှိပ်နယ်ပေးရတယ်။ နောက်တစ်ယောက်က ညာခြေထောက်ကို နှိပ်နယ်ပေးရတယ်။ ခါးကုန်းငဆွံ့က ခြေရင်းမှာထိုင်ပြီး မင်းသမီးရဲ့ ခြေချောင်းလေးတွေကို နှိပ်ပေးချိုးပေးရတယ်ပေါ့။

သူမဟာ ဒီယောကျ်ားငါးယောက်၊ ငဆွံ့၊ အားလုံး လင်ယောကျ်ားခြောက်ယောက် ကျေနပ်အောင်ဖွမ်းဆောင်နိုင်လောက်အောင် မာယာပရိယာယ်ရှိတဲ့ မင်းသမီးပဲ၊ တစ်နည်းပြောရလျှင် ယောကျ်ားများရဲ့အထာကို သိသူလို့ဆိုရမလားပဲ။

သူမ ဦးခေါင်းကို နှိပ်နယ်ပြုစုပေးနေတဲ့ မင်းသား


www.burmeseclassic.com

www.burmeseclassic.com



ကြီး အစ္စနုကို --

"ကျွန်မ မောင်တော့်ကို အချစ်ဆုံးမောင်တော်ထက် ချစ်ရတဲ့သူ ဘယ်သူမှ မရှိဘူး။ ကျွန်မအသက်ရှင်နေတာ မောင်တော့်အတွက် ဖခမည်းတော်ကြီး နတ်ရွာစံလျှင် မောင်တော့်ကို ထီးနန်းအပ်မှာ"

ဆိုတဲ့ အစိပ္ပါယ်ကို ပါးစပ်နဲ့မပြောပဲ ဦးခေါင်းလေး လှုပ်ပြလှည့်ပြနဲ့ မင်းသားကို အဟုတ်မှတ်ထင်စေနိုင်ခဲ့တယ်။

ဦးခေါင်းကို နိုပ်နယ်ပေးတဲ့ မင်းသားစိတ်ထဲမှာ တစ်ချိန်က သူမပြောခဲ့သော စကားတွေဟာ တကယ်ပဲလို့ ခံစားရပါတယ်။

နောက်ကျန်တဲ့မင်းသားလေးယောက်ကိုလည်း ဒီအတိုင်း အမှတ်သညာပြပြီး အဟုတ်ထင်စေနိုင်ခဲ့တယ်။ ညာဘက်လက်ကို နိုပ်နယ်ပေးနေတဲ့ မင်းသားကို --

"မောင်တော့်ကို ကျွန်မ ဘယ်လောက်ချစ်တယ် ဆိုတာ သိတယ်နော်"

ဆိုတဲ့အစိပ္ပါယ်ကို ညာဘက်လက်ကနေ နိုပ်နယ်စံရင်းနဲ့ ပြနေတယ်။

ညာဘက်လက်ကို နိုပ်နယ်ပေးနေတဲ့ မင်းသားက တစ်ချိန်က မင်းသမီးပြောနေတဲ့ စကားဟာ ဟုတ်တယ်ဆိုတာကို ခံစားနေရတယ်။ ဒီမင်းသမီးဟာ ငါ့ကို အချစ်ဆုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်လာမြင်လာတယ်။

ဘယ်လက်ကို နှိပ်နယ်ပေးနေတဲ့ မင်းသားကိုလည်း အနှိပ်ခံနေတဲ့ ဘယ်လက်ကနေ 'မောင့်ကို တကယ်ချစ်တာ နော်'ဆိုတဲ့ အမှတ်သညာကို ပြပေးပါကာယ်တဲ့။

ညာဘက်ခြေမှာ နှိပ်နယ်ပေးနေတဲ့ မင်းသားကိုလဲ ညာဘက်ခြေနဲ့ပဲ မောင်အပေါ်ထားတဲ့ ကျွန်မရဲ့ မေတ္တာတရား က သူများနဲ့ မတူဘူးနော်၊ ဖခမည်းတော် နတ်ရွာစံလျှင် မောင်တော်ကို မင်းပြုစေမှာ'ဆိုတဲ့ အဓိပ္ပါယ်နဲ့ အမှတ်သညာ ပေးနေခဲ့ပါသတဲ့။

အဲ -- ခြေရင်းမှာ ထိုင်ပြီးနှိပ်နယ်ပေးနေတဲ့ ငဆွံ့ကို ကျတော့ ---

'ဥဋ္ဌသာ မန ဘူဋ္ဌေစ မမ ပိယော၊ တဝတ္ထာယ အဟံ ဓိဝိဿာမိတိ ဓိဝါသည့် အပါသိ'

"ရှင့်ကိုသာလျှင် ကျွန်မချစ်တာ၊ ရှင့်အတွက် ကျွန်မ အသက်ရှင်နေတာ'

ဆိုတဲ့ အဓိပ္ပါယ်ကို လျှာနဲ့အမှတ်သညာပြသတဲ့။ ခါးကုန်းငဆွံ့က မင်းသမီးဘာကိုဆိုလိုတယ်ဆိုတာကို သိလိုက်တယ်။

ကဲ-- ဘယ်လောက်စွမ်းနိုင်တဲ့မင်းသမီးလဲကြည့် စမ်းယောကျ်ားခြောက်ကို သူတစ်ယောက်ထဲနဲ့ ထိမ်းထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တကယ့်မင်းသမီးပဲ။ တစ်ချို့ မိန်းမတွေက ကဏ္ဍာ မင်းသမီးရဲ့ ဒီလိုအရည်အချင်းတွေကို အားကျနေကြလိမ့်မယ် ထင်တယ်။ ကဏ္ဍာမင်းသမီးရဲ့ ဘာအရေးမှာ ဘာတွေ့ရသလဲကြည့်ကြည့်ပါ။

မင်းသားခြောက်ယောက်ဟာ အရင်ကမင်းသမီးပြောခဲ့ဖူးတဲ့ စကားတွေကို အနုအမှတ်သညာနဲ့ အဓိပ္ပါယ်ကို နားလည်နေကြတယ်။ တကယ် သူတို့ကို ချစ်တာပဲဆိုတာ ခံစားမိကြတယ်။

သာမန်ယောကျ်ားတွေကို ကဏ္ဍာလို မာယာပရိယာယ်များပြီး လှည့်စားမှု ကျွမ်းကျင်တဲ့ မိန်းမက လှည့်ဖြားဖမ်းစားနိုင်တယ်။

ဒါပေမဲ့

မင်းသားတွေထဲက အကြီးဆုံးမင်းသားဖြစ်တဲ့ အစ္ဆုနက ကဏ္ဍာမင်းသမီးလုပ်ပြသွားတဲ့ အခြေအနေတွေကို အကဲခတ်နိုင်မိခဲ့တယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



## မင်းသားအရှုနဲ့စဉ်းစားမိခြင်း

ဒီမင်းသမီးဟာ ငါ့ကို သူမခေါင်းနဲ့ အမှတ်သညာပေးသလို ကျန်တဲ့လူတွေကိုလည်း အမှတ်သညာပေးတာဖြစ်လိမ့်မယ်။ လျှာနဲ့အမှတ်သညာပြတာက ဆွံ့ကို ပြတာဖြစ်လိမ့်မယ်။ ကြည့်ရတာ ဒီမင်းသမီးဟာ ခါးကုန်းဆွံ့နဲ့လည်း ကိလေသာကိစ္စပြုနေတာဖြစ်လိမ့်မယ်လို့ စဉ်းစားမိပြီး ညီမင်းသားတွေကို အပြင်ကိုခေါ်ထုတ်ပြီး မေးကြည့်တယ်။

"ငါ့ညီတို့ လင်ငါးပါးပိုင် ဒေဝီသခင်မက ငါ့ကို သူမ ခေါင်းနဲ့အမှတ်သညာပြတာကို မြင်ကြသလား"

ဆိုတော့

"မြင်ပါတယ် နောင်တော်"

လို့ဖြေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအဓိပ္ပါယ်နဲ့ပြတာလဲ ဆိုတာကိုကော သိကြရဲ့လား"

"မသိပါဘူး"

ဒီအဓိပ္ပါယ်နဲ့ ပြတာဆိုပြီး သူသိတဲ့အဓိပ္ပါယ်ကို ရှင်းပြလိုက်တယ်။ "ငါ့ညီတို့ကို ပြတဲ့လက်ခြေအမှတ်သညာကိုကော သိပါသလားလို့မေးတော့"

"နားလည်ပါတယ်တဲ့"

"အေး တို့ကိုတော့ ဒီအမှတ်သညာတွေနဲ့ သူဆိုလိုချင်တဲ့ အဓိပ္ပါယ်ကို နားလည်စေခဲ့တယ်။ ခါးကုန်းဆွဲ့ဖ့ကိုတော့ လျှာနဲ့ပြပြီး နားလည်စေခဲ့တယ်။ အဲဒီအဓိပ္ပါယ်က ဘာလဲဆိုတာ သင်တို့သိကြရဲ့လား"

"မသိပါဘူးနောင်တော်"

အဲဒီအခါမှာ နောင်တော် အငြိုမ့မင်းသားက ရှင်းပြပြီး ဧကန္တ ဒီမင်းသမီးဟာ ဒီခါးကုန်း ငဆွဲ့အနဲ့လည်းကိလေသာ ကိစ္စကို သံဝါသ ပြုနေကြတာ ဖြစ်လိမ့်မယ်လို့ပြောပါတယ်။

ညီတော် မင်းသားတွေက မယုံကြည်နိုင်လို့ ခါးကုန်း ငဆွဲ့အကို ခေါ်ပြီးမေးကြည့်ကြတယ်။ ခါးကုန်း ငဆွဲ့အက အစအဆုံးအကုန်ပြောပြပါတယ်။ အဲဒီတော့မှ မင်းသား ငါးယောက်ဟာ အကြီးအကျယ်သံဝေဂရပြီး



www.burmeseclassic.com

www.burmeseclassic.com



ကဏှာမင်းသမီး ပေါ်စိတ်ကုန်သွားပါတယ်။

"ဩော် --- မိန်းမဆိုတာ ယုတ်မာတဲ့အကျင့်ရှိပါလား။ ကိုယ်ကျင့်သီလမရှိဘဲ ဖောက်ပြန်လေဘိတကား။ ငါတို့လို မျိုးရိုးဂုဏ်နဲ့ ပြည့်စုံတဲ့ အားမာန်ကြီးမင်းသားငါးယောက်ကို လင်ပြုထားပါလျက် ငါတို့ကိုစွန့်ပြီး ငါတို့ကွယ်ရာမှာ စက် ဆုတ်ရွံ့ဖွယ်ကောင်းတဲ့ ဒါးကုန်းခွေ့အနဲ့ ယုတ်မာဖွယ် ဖောက်ပြန်ကျူးလွန်ပါပေရဲ့။ ပညာရှိတို့ မည်သူသည် ဤကဲ့ သို့အရှက်မရှိယုတ်မာသောအကျင့်ကို ကျင့်တဲ့မိန်းမမျိုးတို့နဲ့ အတူအဘယ်သူမွေ့လျော်ပါအံ့နည်း"

ဇသည်ဖြင့် များစွာသောအကြောင်းဇ ုဥးတွေနဲ့ မိန်းမတွေရဲ့ အရှက်မရှိ ယုတ်မာဖောက်ပြန်မှုကို ကဲ့ရဲ့ ကုန်ကြပြီး–

"ငါတို့ကား အိမ်ယာတည်ထောင် လူတို့ဘောင်မှာ နေခြင်းဖြင့် အကျိုးမရှိ"

ဟုဆိုကာ ဟိမဝန္တာတောထဲ၌ ရသေ့ရဟန်းပြုကာ ပရိက်ပြုပြီး အသက်ထက်ဆုံး တရားအားထုတ်သွားကြသတဲ့။

. အရှင်ကောဏ္ဍည(ဖောင်းပြင်)
(အပြင်းထန်ဆုံးဆွဲအားများ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



'ရတနာခုနှစ်ပါး မိုးကြိုးရွာချပေးသော်လည်းကာမဂုဏ်တို့၌ ရောင့်ရဲခြင်းမည်သည် မရှိဘူး၊ ဝတ္ထုကာမတရားများဟာ အမှန်စင်စစ် သာယာဖွယ်မရှိဘူး၊ များသောဆင်းရဲခြင်းရှိတယ်၊ ပညာရှိတဲ့ ဗုဒ္ဓသာဝကဟာ ဒီအကြောင်းကိုသိလို့ နတ်တို့ရဲ့ ကာမဂုဏ်ကိုသော်လည်း စုံမက်မွေ့လျော်ခြင်းသို့ မရောက်စေဘဲ တဏှာရဲ့ကုန်ဆုံးရာနိဗ္ဗာန်၌သာ မွေ့လျော်ကြတယ်။'

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ရွေးချယ်ခွင့်ရဲ့ အခြားတစ်ဖက်

"သူတို့က အစုမှ ယူထားတာ"

အဲဒီနေ့က သူငယ်ချင်းဖြစ်သူက သူ့ကို စုံတွဲလေး တစ်တွဲနဲ့ မိတ်ဆက်ပေးခဲ့တယ်။

သူက တစ်ခါတစ်လေကြရင် သူငယ်ချင်းရှိရာ လိုင်သာယာမြို့နယ်ထဲက နေရာလေးကိုသွားနေကြ။

ရွှေလင်ပန်းချောင်းလေးအနီးမှာရှိတဲ့ အရပ်ဒေသလေးမှာ သူကတစ်ခါတစ်လေကြရင် စာတွေရေးဖြစ်တယ်။

အဲဒီရက်ကလည်း သူငယ်ချင်းရှိရာနေရာလေးကို စာရေးဖို့ သွားနေရင်း သူငယ်ချင်းထံလာလည်တဲ့ စုံတွဲနှင့် သူ့ကိုမိတ်ဆက်ပေးတာပါ။

အချိန်ကာလက ၂၀၁၄ ရဲ့မတ်လ။

တိတိပပဆိုရလျှင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေ ဖြေနေတဲ့အချိန်။



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲ ဖြေမဲ့ နေ့ ယောကျ်ားနောက် လိုက်ပြေးခဲ့တာ"

ဟု ကောင်လေးကပြောတော့ ကောင်မလေးရဲ့ မျက်နှာ ကိုအသေအချာကြည့်ပြီး –

"သူ့ မိဘတွေတော့ စိတ်ပူနေမှာပဲ"

ဟုမဆီမဆိုင်ဘဲ သူကတွေးနေမိတယ်။

အသက်(၁၆)နှစ်အရွယ်မိန်းကလေးနဲ့ အသက်(၂၀)အရွယ်ကောင်လေးက သူငယ်ချင်းဖြစ်သူနဲ့ စကားတွေပြောလို့။

ဒါပေမဲ့

သူတစ်ခုသတိထားမိတယ်။

ကောင်မလေးက ပိုပြီးစကားနည်းကာ မျက်လွှာလေး ကိုချထားတယ်။

"၁၀ တန်းကျောင်းတက်ရင်း ယောကျ်ားရတဲ့တရက်ယူလိုက်တော့ သူ့စိမ်းယောကျ်ားလေးတွေရဲ့ နောက်ပြောင်မှုကိုရှက်နေတာဖြစ်မယ်"

ဟုမှားယွင်းစွာ သူတွေးနေမိသွားတယ်။

ဘာကြောင့် သူ့အတွေးမှားလည်းဆိုတာ သူတို့ပြန်တော့သိလိုက်ရတယ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းချောင်း အနီးမှာရှိတဲ့ လူနေမှုစနစ်ဆိုတာ ရွှေ့ပြောင်းအလုပ်သမားတွေ ထူထပ်စွာနေ ကြတဲ့ပက်ဝန်းကျင်ပါ။

အများအားဖြင့်'၂၀၀၈–ခုနှစ်၊ မေလမှာ ဖြစ်ပေါ်ခဲ့တဲ့ နာဂစ်မုန်းတိုင်းကြောင့် မြစ်ဝကျွန်းပေါ်မှ ပြောင်းရွှေ့လာသူများ၊ အခြားဒေသမှ ပြောင်းရွှေ့လာသူများကြောင့် ရန်ကုန်တိုင်းမြို့နယ်တွေအတွင်းမှာ လူဦးရေအသိပ်သည်းဆုံးနေရာ။

ပေ(၇၀ × ၆၀)အကွက်ပေါ်မှာ အိမ်ထောင်စု(၁၀)စု ပျမ်းမျှလူဦးရေး(၃၀)ခန့် နေထိုင်ရာရပ်ဝန်း။

ဆင်းရဲနွမ်းပါးပြီး ပညာရည်နိမ့်ကျသော အခြေအနေ။

အသက်(၁၄)နှစ်ကျော်ကျော်အရွယ်နှင့် အိမ်ထောင်သည်ဘာကို ၎ င်းပြီး အလွယ်တကူအိမ်ထောင်ရေးပြန်ကွဲတဲ့ဖြစ်ရပ်များနှင့် ကြုံတွေ့လေ့ရှိတဲ့ဘာများ။

ကော်ရှု့တဲ့ကလေးများသိပ်သည်းမှု။

စကားများ၊ ရန်ဖြစ်၊ ဆဲဆို၊ မူးရူးကာ သားနှင့်အမိ မောင်နှင့်အမေ မကြားဝံ့သော စကားလုံးတွေ အလွယ်တကူ စီးဆင်းမှုအားကောင်းရာဌာန။

ဘာကျောင်းများက ပေးသောအတန်းများ (အများ



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ၄–တန်း)သာအမြင့်ဆုံးမျှော်လင့်နိုင်တဲ့ကလေးငယ်များ။

တစ်မနေ့လုပ်စာကို တစ်ရက်တာစားဝတ်နေရေးဖြေရှင်းဖို့ပြင်းပြင်းထန်ထန်ကြိုးစားနေရသော ဆိုးဝါးမှုများ။

ကျူးမိသားစုများ။

အစစအရာရာမပြေမှုများ။

စသော စသော အကြောင်းတရားတွေအောက်မှာ လှိုင်သာယာမြို့နယ်က မိသားစုအများစုရဲ့ဘဝတွေကြားမှာ သူတို့နဲ့တွဲက နှစ်ယောက်တစ်ဘဝပေါ့။

အဲဒီလို သူကထင်ခဲ့တယ်။

သို့သော် –––။

□□□



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ကျော်သီဟတဲ့။ မနေ့ကတွေ့တဲ့ ကောင်မလေးနာမည်ကိုတော့ ငါမသိသေးဘူး။ ကျော်သီဟ ကကားစပါယ်ယာလုပ်တယ်။ လိုင်းသာယာ မြောက်/ဥက္က လာ ပြေးဆွဲတဲ့ ကားနောက်လိုက်တယ်။ သူ့မိန်းမက စက်ရုံဆင်းတယ်။

"ဘာ"

သူ့အံ့ဩသွားတယ်။

"မနေ့ကပြောတော့ အဲဒါက ဒုတိယမိန်းမ။ ယူတာ (၅)ရက်ပဲ ရှိသေးတယ်။ သူ့လက်ရှိမိန်းမက ဒီလိုင်းသာယာ ကပဲ၊ ဓာတ်ကိုက ရောဝတီမြစ်ဝကျွန်းပေါ်က"

"လက်ရှိမိန်းမရှိလျက်နဲ့ နောက်မိန်းမယူတာကို သူ့ကောင်မလေးက မသိဘူးလား"

"မသိဘူးကွ၊ ကောင်မလေးကလည်း မြောက်ဥက္က လာကဆင်းရဲတယ်။ ကျောင်းကို လိုင်းကားစီးသွားရင်း ဒီကောင်နဲ့ ဖြစ်တာ။ (၁၀)တန်းကျောင်းသူက အိမ်ထောင် သည် ကျော်သီဟနဲ့ရည်းစားဖြစ်တော့ ဒီကောင့်ကိုဖွဲ့လန်း သွားတာရယ်၊ သူတို့နှစ်ဦးက လွန်ကြူးမှုတွေကများတော့ ယူလိုက်တာပေါ့"

"ကောင်မလေးမိဘတွေသိလား"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာမဆောင်ဘူးလား"

"ဒီဒေသမှာ ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်သွားတဲ့ စာတ်လမ်းတွေအများကြီးကွ၊ တချို့စာတ်လမ်း တွေဆို ကော်ဖီနဲ့ပေါင်မုန့်နဲ့ လင်မယားအရာမြောက်ခဲ့ တာကွ"

"အခုဘယ်မှာနေလဲ"

"လက်ရှိကောင်မလေးနဲ့ အိမ်ငှားပြီးနေတယ်။ တစ်လ ၁၅၀၀၀ ပေးရတယ်။ သူ့ရဲ့မယားကြီးက သူ့အမေ အိမ်မှာနေတယ်။ တစ်နေ့ကို ၁၀၀၀ ပေးတယ်။

"တစ်ထောင်ဆိုတာ"

"မြန်မာကျပ်ငွေကိုပြောတာ"

သူငယ်ချင်းဖြစ်သူပြောပြတဲ့ စကားတွေက သူ့ အတွက် ထူးဆန်းနေတယ်။ ကားစပေါ်ယာတစ်ယောက်က (တစ်နေ့ပျမ်းမျှဝင်ငွေ ၅၀၀၀)မိန်းမနှစ်ယောက် ယူထား တာကို သူက စိတ်မဝင်စား။ တည်ရှိနေပြီးသား အိမ်ထောင် ရေးကို အလွယ်တကူဖောက်ပြန်ခဲ့တဲ့ ကျော်သီဟကို နားကျဉ်းမှုပေး ပြီး မကွာရှင်းဘဲသဘောထားကြီးစွာနေပေးတဲ့ သူ့ရဲ့မယား ကြီးရဲ့စိတ်ကို အံ့အားသင့်နေမိတယ်။

□□□

ပင်းလင်းရိပ်မြာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူငယ်ချင်းဖြစ်သူက သူ့ကိုကောင်မလေး တစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။

အသက်(၂၀)ကျော် မိန်းကလေးတစ်ယောက်။

“ဒါ ကျော်သီဟရဲ့မယားကြီး”

လို့ပြောလိုက်တဲ့အခါမှာ သူ့ကိုလှမ်းကြည့်တဲ့မျက်ဝန်း တွေထဲမှာ ရှက်တာ၊ ရွံ့တာ၊ အားငယ်တာ စသောသဘော ဖောက်စံရသူတစ်ဦးရဲ့ အရိပ်အယောင်တွေ လုံးဝမရှိဘဲ ဧကာတိတည်ငြိမ်မှုကို တွေ့လိုက်ရတယ်။

“မင်း သိချင်တာမေး”

လို့ သူငယ်ချင်းကပြောတော့ သူ့အား

“ညီမလေးသူ့ကို ဘာကြောင့်မကွာရှင်းတာလဲ”

ဟု သိချင်တာကိုမေးလိုက်တယ်။

“သမီးက မြစ်ဝကျွန်းပေါ်ကနေ့လာတာ၊ နာဂစ်မဖြစ်ခင်ကတော့ ရွာမှာမိဘတွေနဲ့ကြုံရာကျ ပန်းလုပ်စားတယ်။ အဆင်အပြေကြီး မဟုတ်တောင်မှ ကိုယ့်မိဘတွေနဲ့ဆိုတော့ စားဝတ်နေရေးကို မပူပင်ရဘူး”

ကံဆိုးချင်တော့ နာဂစ်မုန်တိုင်းမှာ သမီးအဖေနဲ့အမေက ပါသွားတယ်။ အဲဒီနေ့က သမီးက သူငယ်ချင်းတွေနဲ့ ရန်ကုန်လာလည်လို့ အသက်ဘေးက လွတ်ခဲ့တာ။ နာဂစ်ပြီးတော့ မိသားစုတွေလည်းသေ၊ အိမ်ကလည်းမရှိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ရွာကသူငယ်ချင်းတွေနဲ့ပဲ ရန်ကုန်မှာနေမယ်လို့ ဆုံးဖြတ် ပြီးအိမ်ငှားနဲ့ စက်ရုံဆင်းတယ်"

"အဲဒီမှာ ကျော်သီဟနဲ့တွေ့ကာပေါ့"

"ဟုတ်တယ်"

"ဆက်ပြောပါဦး"

"ဟာစ်ကောင်ကြွက်ဘာဆိုတော့ အားကိုးရအောင် သူနဲ့ကြိုက်မိတာနဲ့ သူ့နောက်ကိုလိုက်ခဲ့တယ်။ သူ့မိဘ အိမ်မှာ နေခဲ့တယ်။ အစက သူတို့အိမ်ကို(၂၀ x ၆၀) အပိုင် ထင်တာ၊ နောက်မှ သိရတာက မြေကြီးငှားပြီးနေ တာပါ။ ယူပြီးတဲ့အထိ သူက ကောင်းကောင်းမွန်မွန် လုပ်ကျွေး ပါတယ်။

အခု သူနောက်ထပ်မိန်းမတစ်ယောက်ကို ခိုးလာ တယ်ဆိုတာကို သိတဲ့နေ့က အရမ်းစိတ်ညစ်ခဲ့ရတယ်။ ကျော်သီဟမိဘတွေနဲ့လည်း သမီးက အဆင်ပြေအောင်နေ တော့ သူတို့ရဲ့ သမီးလို့ဖြစ်နေပြီ။ နေစရာအခြားအိမ်က လည်း မရှိဘူး။

ကျော်သီဟက ကွာရှင်းဖို့ပြောပေမယ့် သမီးက ကွာရှင်းမပေးဘူး။ ဘာကြောင့်လည်းဆိုတော့ သမီးနဲ့ကျော် သီဟက တရားဝင်လက်ထပ်ထားတာ မဟုတ်တဲ့အတွက် တရားဝင်ကွာရှင်းစရာမှ မလိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ညီမလေးစကားကို နားမလည်ဘူး"

"ကျော်သီဟနဲ့ သမီးလက်ထပ်တော့ စာချုပ်တွေနဲ့ လူကြီးတွေရှေ့မှာ လက်ထပ်ထားတာမှ မဟုတ်တာ၊ ကော်ဖီနဲ့ မုန့်ဝယ်ပြီးအိမ်နီးချင်းတွေကို ကျွေးပြီး သူ့မိဘအိမ်ကို တက်နေ ပြီးနှစ်ဦးသဘောတူ အိမ်ထောင်ဘာ ရောက်ခဲ့တာကိုး။ ဒါကို ဘယ်လူကြီးက လက်မှတ်ထိုး ပြီးကွာရှင်း ပေးမလဲ"

"ဟုတ်လား"

"နောက်ပြီး သမီးမှာနေစရာမှ မရှိတော့ သူ့အိမ်မှာဘဲ နေလိုက်တယ်" သူကတော့ အိမ်ငှားပြီးနေတယ်။ သူ ကား နောက်လိုက်တဲ့နေ့တွေဆိုရင် သူ့အမေကကဆင့် တစ် ထောင်ပေးတယ်။ အဲဒီငွေကိုသမီးက သူ့အမေကို ပြန်ပေး တယ်လေ။ ကိုယ်သုံးဖို့ကတော့ စက်ရုံလစာနဲ့ပေါ့။

ဒီလိုဘာတွေရှိနေပါလားလို့ သူကတွေးနေမိတယ်။

"ပြန်တော့မယ်"

လို့သူက ပြောထွက်သွားပေမယ့် သူ့စိတ်ထဲမှာ အတွေးစတစ်ခုကျန်ခဲ့တယ်။

"သစ္စာမဲ့တဲ့၊ အိမ်ထောင်ရေးကို အလွယ်တကူ ဖောက် ပြန်တတ်တဲ့ယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်ကို မတတ်သာ လို လက်ပိုက်ကြည့်နေရတဲ့ သူမလိုမိန်းကလေး တွေ ဘယ် လောက်တောင်ရှိနေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"အကြင်သူဟာ အသက်အရွယ်ကြီးမားနေစေကာမူ ကာမဂုဏ်တို့ကို သုံးဆောင်ခံစားသူ၊ ကာမဂုဏ်အလယ်၌ နေသူ၊ ကာမတည်းဟူသော အပူလောင်ခံရသူ၊ ကာမ ကြံစည်မှု ဝိတက်အကိုက်ခံနေရသူ၊ ကာမရှာမှီး၍ လုံ့လပြုခဲ့ သူဖြစ်ခဲ့မှု ထိုသူသည် လှမိုက်လှငယ်ဟူသော ရေတွက်ခြင်း သို့ရောက်၏။

(ဒုကနိပါတ်၊ သမစိတ္တဝဂ်)

www.burmeseclassic.com

www.burmeseclassic.com



## ပဉ္စပါပီဇာတ်

ရှေးအခါက ဗာရာဏသီပြည်မှာ ဗကအမည်ရှိတဲ့ မင်းကြီးစိုးစံတော်မူစဉ် ကာလက ဗာရာဏသီပြည်ရဲ့ အရှေ့တံခါးအနီး ဆင်းရဲသားရပ်ကွက်မှာ 'ပဉ္စပါပီ'အမည်ရှိတဲ့ ဆင်းရဲသားသမီးတစ်ယောက်ရှိတယ်။

သူ့ကိုပဉ္စပါပီလို့ မှည့်ခေါ်ရတာက လက်၊ ခြေ၊ ခံတွင်း၊ မျက်စိ၊ နှာခေါင်း၊ ဒီအင်္ဂါ ငါးခု တစ်ခုမှမလှဘူး၊ ယုတ်မာတဲ့ အသွင်သဏ္ဌာန်ရှိတယ်။ ဒါကြောင့် ပဉ္စပါပီလို့ ခေါ်ကြတယ်။ ပဉ္စပါပီဟာ အမြင်သာမလှတယ်၊ အဲတွေ့အထိမှာတော့ အင်မတန် နူးညံ့ပါတယ်။

တစ်နေ့တော့ ဗကမင်းကြီးဟာ မထင်ရှားတဲ့ အသွင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ညအခါမြို့စနည်းနှာ ထွက်တော်မူရာ ပဠုပါပီတို့ အိမ်အနီးရောက်သွားတယ်။ ဒီအချိန်မှာ ပဠုပါပီလည်း ကစားဖော်များနှင့်လိုက်တမ်းပြေးတမ်းကစားရင်းမြို့စနည်းနှာ ထွက်လာတဲ့ မင်းကြီးရဲ့လက်ကို ကစားဖော်ရဲ့ လက်ထင်ပြီးဆုပ်ကိုင်မိသတဲ့။

ဇကာမင်းကြီးက ပဠုပါပီရဲ့ အတွေ့ကြောင့် မတုန်တဲ့နိုင်အောင် ဖြစ်သွားပြီး ပဠုပါပီရဲ့လက်ကိုပြန်ကိုင်ကာ

"သင် ဘယ်သူ့သမီးလဲ"

လို့မေးတယ်။ ပဠုပါပီကဖခင်ရဲ့အမည်ပြောပြတော့

"သင့်မှာ လင်ရှိသလား"

လို့ဆက်မေးပြန်တယ်။ ပဠုပါပီက လင်မရှိကြောင်းပြောတော့

"ဒီလိုဆို ငါဟာသင့်ကို တင့်တောင့်တင့်တယ်မယားအဖြစ် ထားမယ်၊ သဘောတူရဲ့လား"

လို့မေးပြန်တယ်။ ပဠုပါပီကလည်း သူ့ကို ဒီလိုဘယ်သူကမျှ ချစ်ရေးဆိုဖူးတာမရှိတော့ ဝမ်းသာပြီး

"သဘောတူပါတယ်"

လို့ပြန်ပြောလိုက်တယ်။ ဒီတော့ မင်းကြီးက

"ဒီလိုဆို သင့်ဖခင်ထံခွင့်တောင်းချေ"

လို့ပြောပြီး ဖခင်ထံနှစ်ဦးသားခွင့်တောင်းကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများထံက အခွင့်ရတော့ မင်းကြီးဟာ ပဒ္မပါပီတို့အိမ်မှာ ညတိုင်းပဒ္မပါပီနှင့် ပျော်ပါးနေတယ်။ မနက်မိုးလင်းခါ နီးတော့ အလုပ်လုပ်သွားရဦးမယ်ပြောပြီး နန်းတော်ကို ပြန်တယ်။

ပဒ္မပါပီဟာ ညတစ်ညမှာ အမှတ်မထင် လင်ရခဲ့ပေမယ့် သူ့လင်ဟာ အိမ်မှာ မရှိတဲ့အတွက် သူ့လင်ကို ဖြူမှန်း မဲမှန်းတောင် မသိရှာဘူး။ ဒါပေမယ့် ညအချိန် သူ့လင်ပြန် လာလျှင် စားဖို့ဝတ်ဖို့အမြဲပါလာခဲ့တော့ သူနည်းနှင့်သူတော့ ကျေနပ်ရှာတာပေါ့။

ဗကမင်းကြီးကလည်း ပဒ္မပါပီရဲ့ ... ...တွေ့ခတ် ကြောင့် နန်းတော်မှာရှိတဲ့ မင်းမောင်းမတွေကို ပစ်ထားပြီး ညတိုင်းပဒ္မပါပီဆီလာနေရတယ်။

တစ်နေ့တော့ ပဒ္မပါပီရဲ့ဖခင်မှာ ဝမ်းသွေးကျတဲ့ရော ဂါဖြစ်လာတယ်။ ဆေးဆရာက နို့၊ ထောပတ်၊ ပျားရည်၊ သကာရောတဲ့ ယနာထမင်းကို ကျွေးမှ ပျောက်မယ် လို့ပြောတယ်။ ဒီအကြောင်းကို ပဒ္မပါပီက သူ့လင်ပြန် အလာမှာ ပြောပြတော့ ဗကမင်းကြီးက အကြံရလာသတဲ့၊ အကြံရပုံက။

"ငါဟာ ပဒ္မပါပီကိုခွဲနေပြီး သူ့ဆီမလာဘဲမနေနိုင် ဘူး၊ သူ့ဆီလာရတာလည်း လမ်းခရီးမှာ စိတ်မချရဘူးဘော



www.burmeseclassic.com

www.burmeseclassic.com



ရှိန်များတယ်၊ သူ့ကိုနန်းတွင်းဆောင်မယ် ဆိုလျှင်လည်း သူက အရုပ်ဆိုးတော့ အများက ကဲ့ရဲ့ကြလိမ့်မယ်။ ဒီတော့ ပဥ္စပါပီ ရဲ့အတွေ့ဓာတ်ဘယ်လောက်နူးညံ့တယ်ဆိုတာ လူတိုင်းသိ အောင်လုပ်ပြီး ပဥ္စပါပီကို နန်းတွင်းကို ဆောင်ယူမှတော်မယ်"

လို့အဲဒီလိုအကြံရတယ်။ အကြံရတယ်ဆိုလျှင်ပဲ ပဥ္စပါပီကို

"ရှင်မ – မဖိုးရိမ်နှင့်၊ သင့်ဖခင်အတွက် နို့ဃနာကို ငါယူခဲ့မယ်" ဟု

ပြောပြီး နောက်နေ့ညကျတော့ အထုပ်နှစ်ထုပ်ယူ လာကာ

"ငါဟာ ဆင်းရဲသားဖြစ်တယ်၊ ဒီဃနာထမင်းကို ရအောင်မနည်းကြိုးစားခဲ့ရတယ်၊ ဒါကြောင့် ဟောဒီ အထုပ် ကိုဒီယနေ့စား၊ ဟိုအထုပ်ကိုတော့ နက်ဖန်မှစား"

လို့ပြောပြီး ပဥ္စပါပီကိုပေးအပ်သတဲ့၊ နက်ဖြန်မှစား ဆိုတဲ့ အထုပ်ကတော့ နို့ဃနာထုပ်မဟုတ်ဘူး၊ အကြံနှင့် ထည့်ထားတဲ့ 'ဥသျှောင်ထုပ်' ဖြစ်ပါတယ်။

ပဥ္စပါပီဟာ ဒီယနေ့စားဆိုတဲ့ နို့ဃနာထုပ်ကိုဖြေပြီး ဖခင်ကိုကျွေးတယ်၊ ဖခင်စားလို့ မကုန်တော့ မိခင်ကိုကျွေး ပြီး သူရောစားတယ်၊ မနက်ကျတော့ မင်းကြီးဟာ နန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်သွားကာ မျက်နှာတော်သစ်ပြီး

"ငါ့ရဲ့ ပတ္တမြားဥသျှော်တော်ယူခဲ့ကြ"

လို့နိုင်းတယ်။ ပတ္တမြားဥသျှော်ဟာ ထားတဲ့နေရာမှာ မရှိတော့ဘူး၊ ဒီအကြောင်းမှူးမတ်များက သံတော်ဦးတင်ကြတော့ မြို့အားလုံးရှာကြလို့ အမိန့်ထုတ်လိုက်တယ်။

ပတ္တမြားဥသျှော်ကို လိုက်ရှာကြတော့ ပဠပါပီတို့အိမ်မှာ တွေ့ကြတယ်။ ဒါကြောင့် ပဠပါပီရဲ့မိဘများကို ခိုးသူဆို ပြီးနှောင်ဖွဲ့ခေါ်ဆောင်ခဲ့ကြတယ်။ ဒီအခါ ပဠပါပီရဲ့မိဘများက–

"ဒီဥသျှော်ကျင်ကို ကျွန်တော်တို့ ိုးရခြင်းမဟုတ်ပါ။ သားမက်ဖြစ်သူ ယူခဲ့ခြင်းဖြစ်ပါတယ်"

လို့ သံတော်ဦးတင်ကြတယ်။

"သင့်တို့သားမက်ဘယ်မှာလဲ"

လို့မေးတော့

"သမီးသိပါတယ်"

လို့ပြောကြတယ်။ သမီးဖြစ်သူ ပဠပါပီကို မေးပြန်တော့ ပဠပါပီက

"ကျွန်မလင်ဟာ ညမိုက်မှလာပြီး မိုးမလင်းမီပြန်သွားလို့ လင်ရဲ့ရုပ်အဆင်းကို မသိပါဘူး။ ဒါပေမယ့် သူ့လက်မှာ အမာရွတ်ပါလို့ လက်ကိုစမ်းသပ်ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



လျှင်တော့ သိပါတယ်"

လို့ပြောသတဲ့။ ဒီအကြောင်းမင်းကြီးကို သံတော်ဦး တင်ကြတော့ မင်းကြီးက မသိယောင်ဆောင်ပြီး

"ဒီလိုဆို ဒီမိန်းမကို တင်းတိမ်အတွင်းထားပြီး တင်းတိမ်ရဲ့လက်ဆံ့ရုံအပေါက်က ယောကျ်ားတိုင်း လက် သွင်းပြီး အစမ်းသပ်ခံကြရမယ်"

လို့အမိန့်ထုတ်လိုက်တယ်။

အမိန့်တော်အတိုင်း အစမ်းသပ်ခံကြရတဲ့အခါ ယောကျ်ားတိုင်းဟာ ပဥ္စပါပီရဲ့အတွေ့မှာ တပ်မက်ပြီး အဲဒီ နေရာက မသွားနိုင်အောင် တရစ်ဝဲဝဲဖြစ်နေကြသတဲ့။ တချို့ ကလည်း အကယ်၍ ဒီမိန်းမကို မင်းဒဏ်ပေးလျှင် ဒဏ်ကို ဆောင်ပြီး အိမ်ကိုဆောင်သွားမယ်လို့ ပြောကြသတဲ့၊ ဒီလိုနှင့် အစမ်းသပ်ခံပြီးတဲ့လူထုကြီးဟာ တရစ်ဝဲဝဲဖြစ်နေ တာနှင့် မင်းချင်းများက ရိုက်ထုတ်ကြရပါသတဲ့။

အစမ်းသပ်ခံယောကျ်ားတွေ ကုန်သွားတော့ဗကမင်း ကြီးက

"အများတော့ကုန်ပြီ၊ ငါကျန်တော့တာပဲ၊ ကိုင်း ငါ့လက်ကိုလဲစမ်း"

လို့ဆိုပြီးတင်းတိမ်ပေါက်ကို လက်သွင်းပေးလိုက်သ တယ်။ ပဥ္စပါပီဟာ မင်းကြီးရဲ့လက်ကို ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်ဟာ ကျွန်မယောကျ်ားရဲ့လက်အမှန်ပဲ"

လို့ပြောပါသတဲ့၊ ဒီအခါမင်းကြီးက အခြားယောကျ်ားများကို –

"အသင်တို့လက်ကို ပဉ္စပါပီကိုင်တဲ့အခါ ဘယ်လိုနေကြသလဲ"

လို့မေးတယ်။ ယောကျ်ားများက အမှန်အတိုင်းပြောတော့ မင်းကြီးက

"ဒီမိန်းမဟာ ရုပ်အသွင်အဆင်းမလှသော်လည်း အတွေ့မှာ အလွန်နူးညံ့တယ်၊ ဒီလောကအတွေ့ နူးညံ့တဲ့မိန်းမဟာ ဘယ်သူနှင့်ထိုက်တန်သလဲ"

လို့မေးတယ်။ အများက

"အရှင်မင်းကြီးနှင့်သာ ထိုက်တန်ပါတယ်"

လို့လျှောက်ထားကြတဲ့အတွက် နန်းတော်ကို ဆောင်ယူပြီးမိဖုရားမြှောက်ခဲ့တယ်။ မိဖုရားမြှောက်ပြီးတဲ့နေ့ကစ၍ မင်းကြီးဟာ ပဉ္စပါပီရဲ့အထံက မခွါတော့တဲ့အတွက် အခြား မိဖုရားတွေက ပဉ္စပါပီကို မနှာလိုကြဘူး။

တစ်ရက်တော့ ပဉ္စပါပီဟာ ကိုယ်လုံးဖြူတဲ့ဆင်မင်းထက်ကနေပြီး လမင်းကို သုံးသပ်ပါတယ်လို့ အိပ်မက်ဆန်းတစ်ခုကို မက်တယ်၊ ဒီအကြောင်းမင်းကြီးကို လျှောက်ထားတော့ မင်းကြီးက အိပ်မက်ဖတ်တတ်တဲ့ ပညာရှိများကို



www.burmeseclassic.com

www.burmeseclassic.com



မေးတယ်။ အိပ်မက်ဖတ်တဲ့လူတွေက အခြားမိဖုရားများထံက တံစိုးကိုယူထားပြီး

"အရှင်မင်းကြီး ဒီအိပ်မက်ဟာ အလွန်ဆိုးပါတယ်၊ ဒီမိဖုရားကို မစွန့်လျှင် မင်းကြီးနတ်ရွာစံကိန်းဖြင်ပါတယ်။ ဒါကြောင့် ဒီကိန်းပြေပျောက်အောင် မိဖုရားကြီးကို လှေထက် တင်ပြီး မြစ်အတွင်းစွန့်ပစ်သင့်တယ်"

လို့သံတော်ဦးတင်ကြတယ်။

မင်းကြီးကလည်း နတ်ရွာစံမယ်ဟောတော့ အဟုတ် ထင်ပြီး ကြောက်ရွံ့တဲ့အတွက် နိမိတ်ဖက်ဆရာများ ဟောတဲ့ အတိုင်းမိဖုရားကြီးကို လှေပေါ်တင်ပြီး ညအခါမြစ်ထဲမျော လိုက်တယ်၊ မိဖုရားကြီးကို အကြေအရပ်မှာ ရေကစားနေတဲ့ ဗာဝရိယမင်းကရလို့ မိဖုရားမြှောက်ပြန်တယ်။

ဗကမင်းဟာ အသက်ဘေးကြောင့်ပဥ္စပါပီကိုစွန့် လွှတ်လိုက်ရသော်လည်း လွမ်းမပြေဖြစ်နေတယ်။ ယခု ဗာဝရိယမင်းက ဆောင်ယူပြီးမိဖုရားမြှောက်တယ်ကြားတော့ မခံမရပ်နိုင်အောင် ဖြစ်ပြီး သေချင်ခသေပစေ၊

"ငါ့မယားကို ငါပြန်ယူမယ်၊ ငါ့မယားကို ပြန်မပေး လျှင် စစ်ထိုးမယ်"

လို့စစ်သည်မိုလ်ပါ အလုံးအရင်းနှင့်မြစ်တစ်ဖက် ကမ်းက စစ်တပ်ချပြီး ရာဇသံပေးတယ်၊ ဗာဝရိယမင်းက

www.burmeseclassic.com

www.burmeseclassic.com



လည်း

"ငါနှင့်ကိုက်တန်လို့ ငါ့ရတာ မပေးနိုင်ဘူး၊ တိုက်လျှင်ခုစံဖို့အရုံသင့်ရှိတယ်"

လို့ပြန်ကြားတယ်၊ ဒီလိုနှင့်မင်းနှစ်ပါး စစ်ဖြစ်ဖို့ကြုံလာတယ်၊ ဒီအခါ နှမ်ဖက်သောမှူးမတ်များက

"မိန်းမတစ်ယောက်အတွက်နှင့် အများအသေမခံနိုင်ဘူး၊ အကယ်၍ ဒီမိန်းမကို မစွန့်နိုင်ကြလျှင် ခုနှစ်ရက်စီ မိဖုရား ဖြစ်စေရမယ်"

လို့ဆုံးဖြတ်ကြတဲ့အတွက် မင်းနှစ်ပါးက မှူးမတ်များရဲ့အစီအမံအတိုင်း ပဉ္စပါပီကို ခုနှစ်ရက်စီ မိဖုရားမြှောက်တယ်ဆိုတော့ မင်းနှစ်ပါးဟာ ဝေးဝေးနေလို့မဖြစ်ကြဘူး၊ အင်္ဂါမြစ်ကို နယ်ခြားထားပြီး မြစ်ရဲ့ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းမှာ မြို့တည်ပြီးနေကြရတယ်။

ခုနစ်ရက်လည်လျှင် ပဉ္စပါပီကို တစ်ဖက်ကမ်းပို့ကြရတဲ့အခါ ပို့ဆောင်တဲ့လှေသမားဟာ အရွယ်ကောင်း အားကောင်းရုပ်ဖြောင့်ဆိုလျှင် ပဉ္စပါပီနှင့်မယုံကြည်ကြဘူး။

ဒါကြောင့်၊

ပို့ဆောင်မည့် လှေသမားအဖြစ် ခါးကုန်းနေတဲ့အဖိုးအို အရုပ်ဆိုးကြီးကို ခန့်ထားကြတယ်။ ဒီအရုပ်ဆိုးအဖိုး အိုခါးကုန်းကြီးဟာ မိဖုရားကို လှေပေါ် ဆွဲတင်ရတော့

www.burmeseclassic.com

www.burmeseclassic.com


ပဥ္စပါပီရဲ့ အတွေ့ဓာတ်နှင့်ကြုံတွေ့တဲ့အခါ မင်းဘောဒဏ်ကိုမျှ မငဲ့နိုင် တော့ဘဲမြစ်အလယ်မှာ ပဥ္စပါပီနှင့် မှားယွင်းကြပါသတဲ့။

ဒီဝတ္ထုက ဘာကိုပြောသလဲဆိုတော့ လောကမှာ အဆင်း၊ အနံ့၊ အရသာအပေါ် တပ်မက်တဲ့ တဏှာရာဂဟာ အလွန်ပြင်းထန်ပါတယ်။

သို့သော်လည်း ထိုအာရုံတွေအပေါ် တပ်မက်တဲ့ တဏှာရာဂကို ချုပ်တီးမယ်ဆိုလျှင် ချုပ်တီးထားနိုင်တယ်။ ကျွန်ခံဆောင်နိုင်တယ်၊ အတွေ့ဆိုတဲ့ ဖောဋ္ဌဗ္ဗကျတော့ မချုပ်တီး နိုင်ကြဘူး။

ဒါကြောင့်

ဖောဋ္ဌဗ္ဗဆိုတဲ့ မီးကြီးက ပိုမိုပြီးအလောင်ပြင်းထန်တယ်လို့ ပြောလိုပါတယ်။ ဤသို့အားဖြင့် မြက်မီးရှူးဟာ မီးလောင်လွယ်တယ်၊ မီးရှူးလုပ်သူကိုလည်း လောင်တတ်တယ်။ အခြားပြင်ပ ဝတ္ထုများကိုလည်း ဈွဲလောင်တတ်တယ်။

မီးမြက်မီးရှူးလိုပင် ကာမဆိုတဲ့တဏှာဟာ မိမိကိုယ်ကိုလည်း လောင်တတ်တယ်၊ ပတ်ဝန်းကျင်ကိုလည်း လောင်တတ်တယ်၊ ဒါကြောင့် ဘုရားရှင်က 'တိဏုက္ကူပမာ ကာမာ' ကာမဂုဏ်တရားကို မြက်မီးရှူးနှင့် တူတယ်တို့ ဟောတော်မူ ခြင်းဖြစ်ပါတယ်။

□□□


www.burmeseclassic.com

www.burmeseclassic.com


မီးကျီးတွင်းဥပမာ

ဘုရားရှင်က ကာမတရားကို မြက်မီးရှူးနှင့်ဥပမာ ပေးတော်မူပြီးနောက် 'အင်္ဂါရကာသူပမာ ကာမ' ကာမတရား ဟာ မီးကျီးတွင်းနှင့်တူတယ်လို့ဆက်ပြီး ဥပမာပေးတော်မူ ပြန်ပါတယ်။

ဒီဥပမာမှာ အထူးသတိပြုစရာက ကာမတရားဟာ မီးကျီးနှင့်တူတယ်လို့ ကာမနှင့်မီးကျီးကို ဥပမာ၊ ဥပမေယျ နိုင်း နှိုင်းတာမဟုတ်ပါဘူး၊ မီးကျီးထည့်ထားတဲ့ တွင်းနှင့် ကာမကို တူတယ်လို့ နိုင်းနှိုင်းတော်မူခြင်းဖြစ်ပါတယ်။

မီးကျီးနှင့်မီးကျီးတွင်းဟာ ဘယ်လိုကွာခြားသလဲဆို လျှင် ရိုးရိုးမီးကျီးဟာ အပူပြင်းထန်သော်လည်း မတော်တဆ နင်းမိ၊ ထိမိလျှင် ရုတ်တရက်ဖယ်ရှားလို့ ဖြစ်နိုင်ပါသေး တယ်။

မင်းလေးကိုရှာဖော
www.burmeseclassic.com

www.burmeseclassic.com



မီးကျီးရှိနေတဲ့ တွင်းထဲကကျမိလျှင်တော့ ဘယ်လိုမှ ဖယ်ရှားလို့မဖြစ်နိုင်တော့ပါဘူး။ မီးကျီးမရှိတဲ့ရိုးရိုးတွင်းထဲကျလျှင်တောင် တွင်းထဲက ပြန်တက်ဖို့ဆိုတာ အတော်ခက်နေပြီ၊ မီးကျီးရှိတဲ့တွင်းထဲသာ ကျလျှင်တော့ ပြန်တက်ဖို့ဆိုတာ မျှော်လင့်ချက်မရှိသလောက်ဖြစ်သွားပါပြီ။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါး ဒီကာမဂုဏ်တရားတွေဟာ မီးကျီးတွင်းနှင့်တူပါသတဲ့၊ အဆင်းအစရှိတဲ့ မီးကျီးတွင်းထဲ သက်ဆင်းမိလျှင် ဒီတွင်းထဲက ပြန်တက်ဖို့မလွယ်ပါဘူး။

ပြန်တက်ဖို့မလွယ်လို့ ဒီတွင်းထဲမှာ ငြိမ်ကျကျနေရတာလားဆိုတော့ မီးကျီးတွင်းထဲမှာ ဘယ်လိုလုပ်ပြီး ငြိမ်ကျကျနေလို့ဖြစ်ပါမလဲ၊ အလွန်ပြင်းထန်တဲ့ မီးအလောင်ကိုခံပြီး နေရမှာသာဖြစ်ပါတယ်။ ဘယ်လိုပင် မီးလောင်လို့ပူသည် ဖြစ်စေ ဒီတွင်းကလွတ်မြောက်အောင် ရုန်းကန်ဖို့ကတော့သာ မနိုင်ရိုယလုံ့လနှင့် မဖြစ်နိုင်ပါဘူး။ ဒီနေရာမှာ ဥပမာသဘောနှင့် ဘိန်းစား၊ အရက်သမားများကိုပဲ ပြကြပါစို့။

□□□



www.burmeseclassic.com

www.burmeseclassic.com


ဘိန်းစားဘဝ

ဘိန်းစားဆိုတာ အများသိကြပြီးဖြစ်တဲ့အတိုင်း လူ့ဘဝမှာ လူ့လောကမှာ အောက်တန်းအကျဆုံးဖြစ်တယ်။ ဘိန်းစားဟာ ဘိန်းစားဘဝကို ရောက်တဲ့အချိန်ကစပြီး ဘိန်းတည်းဟူသော မီးကျီးတွင်းထဲကို ကျနေပါတယ်။

ဘိန်းမီးကျီးတွင်းထဲကျနေလို့ ဘိန်းအပူဟာ သူ့ကို အပြင်းအထန်လောင်နေတယ်။ ဘိန်းအပူလောင်နေတဲ့အတွက် စီးပွားရေး၊ ကြီးပွားရေးဘက်က ကျဆုံးပြီး နောက်ဆုံးမှာ ဘိန်းစားသူနိုးဘ ဘိန်းစားရောဂါသည်ဘဝ ရောက်ရတယ်။

မင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



**အရက်သမားဘဝ**

ထို့အတူအရက်သမားကိုကြည့်ပါ၊ သူဟာ လူကောင်း၊ အရူးဖြစ်နေရှာတယ်။ သူ့ရဲ့စိတ်ဟာ မတည်ငြိမ်ဘူး၊ အရက်အတွက် ခိုက်ရန်ဒေါသဖြစ်တယ်၊ စီးပွားပျက်တယ်၊ အလုပ်အကိုင် ပျက်တယ်၊ အရက်က ဘာကောင်းကျိုးမျှ မပေးဘူး။

ဒီအကြောင်းကို အရက်သမားဟာ မသိဘူးလား၊ ဘယ်မှာမသိဘဲရှိမလဲ၊ သူကိုယ်တွေ့ကြုံနေတာပဲ၊ သူ့ရဲ့ဘာကို သူကောင်းကောင်းသိပါတယ်၊ သိလျှင် ဒီအရက်ကို ဖြတ်ပါတော့လား၊ ဖြတ်လျှင်ကောင်းမှန်းသူသိပါတယ်၊ ဒါပေမယ့် အရက်တည်းဟူသော မီးကျီးတွင်းထဲကို ကျနေတာမို့ ဒီမီးကျီး တွင်းထဲက မတက်နိုင်ရှာဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခြားသောမီးကျီးတွင်းများ

ဒိန်းစားနှင့်အရက်သမားကိုသာ အလွန်သိသာလွန်းတဲ့အတွက် ဥပမာပြောနေရတယ်၊ အမြင် အစွဲအလမ်းမှန်သမျှတွေလည်း ဒီအတိုင်းချည်းပါပဲ၊ အဆင်းကို စွဲမက်မိလျှင် အဆင်းတည်းဟူသော မီးကျီးတွင်းထဲကို ကျတာပါပဲ။ ထို့အတူ အသံ၊ အနံ့စသည်တို့ကို စွဲမက်မိလျှင်လည်း ထိုထိုမီးကျီးတွင်းထဲသို့ လိမ့်ကျတာပါပဲ။

မီးကျီးတွင်းထဲကျမိလျှင် ပူမှန်းသိလျက်နှင့်ပြန်မတက်နိုင်သလို ထိုထိုအာရုံအတွင်း သက်ဆင်းမိသူ မှန်သမျှလည်း ကျရောက်ရာ အာရုံအတွင်းက ရှောင်ကွင်းထွက်ခွာဖို့ အင်မတန် ခက်ခဲလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့အာ တစ်စိပ်မျှကို တင်ပြချင်ပါတယ်။ စာပေလောကမှာ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးကို မသိသူမရှိသလောက်မို့ ဆရာကြီးရဲ့ဂုဏ်ကို အထူးပြောဖို့မလိုပါဘူး။

ဆရာကြီးက စွယ်စုံပုဂ္ဂိုလ်ဖြစ်လို့ လောကီ၊ လောကုတ္တရာ ကျမ်းပေါင်းများစွာပြုစုခဲ့တယ်၊ တရားစာပေအမြောက် အများကိုလည်းရေးသား ပြုစုခဲ့ပါတယ်။ ရဟန်းဘဝတုန်းက ဆိုလျှင်လည်း နာမည်ကျော်တဲ့ ဓမ္မကထိကပုဂ္ဂိုလ်ဖြစ်တယ်။

ဒီလောက် အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်ကြီးတောင် ရူပါရုံဆိုတဲ့မီးကျီးတွင်းထဲ လိမ့်ကျတော့ ဒီတွင်းထဲက ပြန်တက် ဖို့ဘယ်လိုမှ မတက်နိုင်ရှာဘူး။

ဒီအကြောင်းကို ဆရာကြီးက သူ့ရဲ့ရူပါရုံနှင့် ပို့လိုက်တဲ့ တေးထပ်မှာဒီလိုစပ်ဆိုဖော်ပြထားပါတယ်။

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဘွဲ့တေးထပ်

* နိဗ္ဗာန်မှာ စံစားတဲ့၊ ဘုရားကြီးကြွကာ၊
တားဆီးလို့ဆွဲလာတော့ငှင်၊ မရပါခိုင်မြဲ၊
ရှူးရှုတဲ့အချစ်တွေက၊ အမြစ်ရေခင်ခင့်၌စွဲ။

* ချစ်ပုံနည်းတုစရာ၊ ဥပမာရှိဘဲ
ယခုအခါ ဂတိမလွဲပြီကွယ်၊ အတိဘဲသင်းဖော်၊
အေးဆိုလျှင် ဒွေးမရပြီဘူး၊
လေးနှမမင့်ပြင်ပြင်နော်။

* ဝတီ ကစေတမန်တော်ငယ်
ဝေယန်မော် မြင်ရထားငယ်နှင့်
နတ်သိကြား ကိုယ်တိုင်မကြာ
ဆင်း ကြွတဲ့ကာ
အမျိုးမျိုးအချော့လာတာတောင်၊
ကန်တော့ပါဆိုလိုက်မယ်ကွယ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတေးထပ်အရ ရုပ်ပါရုံကိုစွဲမက်ပြီး အသဲငယ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဘယ်လိုဖြောင်းဖျလို့မှ မရ၊ နိဗ္ဗာန်ဘုံ နန်းစံမြန်းပြီးဖြစ်တော်မူတဲ့ ဘုရားကိုယ်တော်တိုင်ကြွလာပြီး တရားတော်ပင်ဟောဟော တာဝတိံသာကသိကြားမင်း ကိုယ်တိုင်ဆင်းလို့ချော့မော့လို့ပင် ပြောပြော၊ တပ်မက်မိတဲ့ အာရုံအပေါ်စွဲလမ်းနေတဲ့စိတ်ကို ပြန်လည်ရုပ်သိမ်းဖို့မလွယ် ဘူး။

အသိကောင်းလျက်နှင့် အဝင်နက်ဆိုတာလို မကောင်းဘူး မဟန်ဘူးဆိုတာမှန်း သိလျက်နှင့်ပြန်လည် ဆုတ်ခွာဖို့မတက်နိုင်ဘူးလို့ဆိုလိုပါတယ်။

(တည်တော်ဆရာတော်)

(ကာမဟူသည်မှ)



www.burmeseclassic.com

www.burmeseclassic.com



## အာန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါစို့

7 Day News ဂျာနယ်ပါ "ဆရာမငြိမ်းငြိမ်းနိုင်"၏ ဆောင်းပါးတွင် "မြန်မာနိုင်ငံရဲ့ ဒုတိယအများဆုံးဖြစ်တဲ့ မုဒိမ်းမှုတွေထဲက တစ်ဝက်နီးပါး ဟာ(၁၆)နှစ်အောက် ကလေးငယ် တွေဖြစ်နေကြပြီး အသက်(၁၄)နှစ်မှ (၂၅)နှစ်အရွယ်ဟာ သား မယားပြုကျင့်မှုအများဆုံး ခံရနေရသည်"ဟု ပါရှိ၏။

၂၀၁၁-ခုနှစ်အတွင်း မုဒိမ်းမှုပေါင်း(၆၀၅)မှု ဖြစ်ပွား ခဲ့တာမှ ကလေးသူငယ်အမှုက(၃၅၉)မှုပါသည်။ ၂၀၁၂ ခုနှစ်အတွင်း (၆၅၄)မှုဖြစ်ပွားခဲ့တာမှာ ကလေးသူငယ် အမှုက(၃၁၈) မှုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဒိမ်းမှုထက်ဝက်ကျော်သည် ကလေးလူငယ်အမှုဖြစ်နေသည့်အတွက် နိုင်ငံ၏အနာဂတ်အတွက် ရင်လေးစရာကောင်းလှပေသည်။ သို့ဖြစ်၍ အောက်ပါအချက်အလက်များကို လေ့လာထားသင့်ကြပေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com



**မုဒိမ်းမှု**

မုဒိမ်းမှုဆိုသည်မှာ အမျိုးသမီးတိုင်းအတွက် အချိန်မရွေးအန္တရာယ်ရှိသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပါသည်။ လူမျိုး၊ ဘာသာနှင့်ဆင်းရဲချမ်းသာမရွေး မည်သည့်အသက်အရွယ်ရှိ အမျိုးသမီးများမဆို မုဒိမ်းမှုကို ကာလ၊ ဒေသ၊ နေရာမရွေးကြုံတွေ့နိုင်ပါသည်။

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com


မုဒိမ်းမှုဖြစ်ပွားရခြင်းအကြောင်းရင်း

– မိန်းကလေးများတစ်ဦးတည်းနေထိုင်မှုကြောင့် စော်ကားခံရခြင်း။

–

အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့်ဖြစ်ပွားခြင်း။

– ညစ်ညမ်းဗီဒီယိုများကြောင့်ဖြစ်ပွားရခြင်း။

– သမီးရည်းစားချိန်းတွေ့ရာမှ ကျူးလွန်တတ်ကြပြီး ထိမ်းမြားမှု မပြုလုပ်၍ ဖြစ်ပွားရခြင်း။

– အရွယ်မရောက်မီ မိန်းကလေးများ ၁၅/၁၆နှစ်ယောကျ်ားလေးများနှင့်လည်းကောင်း၊ အခြားယောကျ်ားလေးများနှင့်လည်းကောင်း ရင်းနှီးနေထိုင်ရာက ဖြစ်ပွားတတ်ခြင်း။

မင်းလေးစာပေ
www.burmeseclassic.com

www.burmeseclassic.com



- မယားပါသမီးနှင့် ပထွေးများ၊ ဓနီးဘက်မှ တူမယ် မာများ၊ ပထွေးခဲ အိုဦးလေးများနှင့် ရင်းရင်းနှီးနှီး နေထိုင်ပြီး တစ်ဦးတည်းထားခဲ့ရာမှ ဖြစ်ပွားတတ်ခြင်း။

- ဗိုလ်တော်တု၊ ဆရာယောင်များနှင့် ဆေးကုရာ ဖြစ်ပွားခြင်း။

□□□

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတို့ကိုရှောင်ကြဉ်ပါ။

– အမျိုးသမီးများ၏ အရှက်သိက္ခာထိခိုက်စေသော မလုံမခြုံဝတ်စားဆင်ယင်မှုများ။

– ယောကျ်ားလေးများကို လိုအပ်သည်ထက်လိုက်လျောမှုပြုမိသောနီးကပ်စွာ ထိတွေ့ဆက်ဆံမှုများ။

– အနောက်တိုင်း ယဉ်ကျေးမှုပုံစံကို အတုခိုးသည့် ဖို/မ ဆက်ဆံရေးအတွေ့အထိဖြစ်ပွားစေမှုများ။

– ညစ်ညမ်းဗီဒီယို၊ ညစ်ညမ်းစာပေ၊ ဓာတ်ပုံ၊ ဇာတ်လမ်းများကြည့်ရှုမှုကို ကြပ်မတ်တားမြစ်ဆုံးမမှု မရှိခြင်း။

– ကာမရာဂစိတ်ကို နိုးကြွစေသော ဆေးဝါးများကို အလွယ်တကူဝယ်ယူသုံးစွဲခြင်း။

– အိမ်ထောင်ရှင်များက မခြင်သင့်သည်ကို အနေအထိုင်မဆင်ခြင်ကြခြင်း။

– အဆုံးအမအထိန်းအကွပ်အားနည်းခြင်း။

– အရွယ်မရောက်သေးသော မိန်းကလေးများကို ကျူးလွန်ခြင်းမခံရနိုင်ဟူသော စိတ်ဖြင့်မိတ်ချလက်ချတစ်ဦးတည်းစေလွှတ်ခြင်း။

– ခြိမ်းခြောက်ခေါ်ဆောင်ခြင်း၊ ဖြားယောင်းခံရခြင်း။

□□□

မင်းလတ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မုဒိမ်းမှုကျူးလွန်လျှင် ဤသို့ပြစ်ဒဏ်ခံရမည်။

– ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၇၆)အရ မုဒိမ်းမှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ပြစ်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

– မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမက အသက်(၁၄)နှစ်အောက်အရွယ်ရှိသူဖြစ်လျှင် မုဒိမ်းမှုမြောက်သည်။ မုဒိမ်းပြုကျင့်ခံရသော မိန်းမသည် မိမိ ၏မယားဖြစ်၍ အသက်(၁၂)နှစ်အောက် မဟုတ်လျှင်မူကား၊ မုဒိမ်းကျင့်သော ယောက်ျားကို(၂)နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတို့ကို လေ့လာ၍လိုက်နာကြစေလို့ပါသည်။

– (နေအိမ်နှင့်အလုပ်အတွင်း၊)တစ်ဦးတည်းရှိစဉ် နေအိမ်အဝင်/အထွက်တံခါးများနှင့် ပြတင်းတံခါးများကို စိတ်ချမှုရှိစေရန် ဂရုပြုပါ။

– တံခါးရွက်အပြင် သံပန်းတံခါးကို အမြဲတစေသော့ခတ်ခြင်းဖြင့် အလွယ်တကူ ဝင်/ထွက်နိုင်မှုကို ဟန့်တားပါ။

– သူစိမ်းယောကျ်ားရောက်နိုင်ပါက ချက်ချင်း တံခါး ဖွင့်ခြင်း မပြုပါနှင့်။ အကူအညီပေးနိုင်သူကို ခေါ်ယူ၍ မေးမြန်း စစ်ဆေးပြီးမှ စကားပြောပါ။ မိသားစုမှတပါး မည်သူ့ကိုမဆို ယုံကြည်အားနာမှု လွန်ကဲစွာဖြင့် အလွယ်တကူ ဝင်/ထွက် ခွင့်မပြုပါနှင့်။

– ရပ်ကွက်များရှိ နေအိမ်များတွင် နေထိုင်ရသူများဖြစ်ပါက အိပ်စက်အနားယူသည့်အခါ တံခါးအားလုံးကို လုံခြုံစွာပိတ်ထားပါ။

– မလုံမခြုံ အိပ်စက်နေထိုင်ခြင်းမပြုပါနှင့်။

– ကျေးလက်တောရွာများ၌ နေထိုင်သူ အမျိုးသမီးများသည် တစ်ဦးတည်းအဖော်မဲ့ ရေခပ်၊ ထင်းခွေ၊ ဟင်းသီးဟင်းရွက်ခူး၊ ကြွေးတောင်း၊ ပစ္စည်းငှား၊ အိမ်လည်ခြင်းမျိုးကို ရှောင်ရှားပါ။



www.burmeseclassic.com

www.burmeseclassic.com



– အုပ်ထိန်းသူ မရှိချိန်တွင် အကာအကွယ်ပေးနိုင်သည့် အစောင့်အဖော်မျိုးထားရှိ၍ ညအိပ်အနားယူခြင်းပြုပါ။

□□□

www.burmeseclassic.com

www.burmeseclassic.com



မုဒိမ်းမှုပြုကျင့်မှု မခံရစေရေးလိုက်နာရန်အချက်များ

– အကူအညီမဲ့နေရာများနှင့် အချိန်များတွင် အဖော်မဲ့ မသွားပါနှင့်။

– ပုရိသများ၏ စိတ်အာရုံကို နှိုးဆွသည့်ဝတ်စားဆင်ယင်မှုကို ရှောင်ရှားပါ။

– အကူအညီရရှိမှု အလှမ်းဝေးရာ လယ်ယာစိုက်ခင်းများ၊ အလုပ်ဌာနများ၌ အလုပ်လုပ်ရသည့်အခါ အဖော်ထားရှိပါ။ သတိရှိပါ။

– အလုပ်သွားအလုပ်ပြန် အချိန်နှောင်းလျှင် အဖွဲ့ဖော်ကိုအကြိုအပို့လုပ်ခိုင်းပါ။

– မည်သည့်အသက်အရွယ်ရှိ ပုရိသများနှင့်မဆို အတင့်ရဲစွာဖက်လှဲတကင်း မနေထိုင်ပါနှင့်။

– ယုံကြည်စွာလိုက်ပါခြင်းနှင့်ကျွေးမွေးသည့်စာ ကိုယုံကြည်စိတ်ချစွာ စားသောက်ခြင်းမပြုပါနှင့်။

– အုပ်ထိန်းသူ၏ ကျန်းမာရေး၊ လူမှုရေးကို အကြောင်းပြခေါ်ဆောင်လျှင် ချက်ခြင်းစုံစမ်းမှုပြုပါ။ သတ်ိမကင်းစိတ်အမြဲထားပါ။

– လိုအပ်ပါက မည်သူ့ကိုမဆိုချက်ခြင်းအကူအညီတောင်းပါ။

– ချစ်သူရည်းစားများအနေဖြင့် အကူအညီမဲ့ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာတွင် ချိန်းဆိုတွေ့ဆုံခြင်းကို ရှောင်ကြဉ်ပါ။

- မည်သည့်နည်းလမ်းဖြင့်မဆို မိတ်ဆက်လာသူကို လေ့လာမှုမပြုဘဲ အတူတကွပူးတွဲနေထိုင်ခြင်း မပြုပါနှင့်။

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)
၂၅-၂-၂၀၁၃ ထုတ် မှခင်းရှုထောင့်ဂျာနယ်မှ

www.burmeseclassic.com

မင်းလေးစာကြည့်တိုက်

www.burmeseclassic.com



## ချစ်သောညီမလေးသိပါစေ

လွတ်လပ်စွာနေထိုင်ခွင့်ရှိပါတယ်၊
စည်းတော့ မကျော်စေနဲ့ပေါ့။
ပွင့်လင်းစွာပြောဆိုခွင့်ရှိပါတယ်။
မရိုင်းစေနဲ့ပေါ့။

ပိုင်ဆိုင်ထားတဲ့အလှ
လူတကာမြင်အောင်ပြချင်ရင်တော့
မိန်းကလေးရဲ့တန်ဖိုး
ဘယ်သူတွေကို လက်ညှိုးထိုးပြရမလဲ။

ခေတ်ကြီးမှာပေါ့ကွယ်
သနပ်ခါးကို ဘယ်ညာလိမ်း
ထမီကို ထိုင်မသိမ်း ဝတ်စရာမလိုဘူး
မိန်းကလေးတွေရဲ့အလှ
ပေါ်အောင်ပြမှ
ဒီနေ့ခေတ်မှာ အဆင်ပြေမယ်ထင်တဲ့စိတ်
လွင့်ပစ်နိုင်ပါစေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စကာက်တိုပေါင်ခွဲ
ယဉ်ကျေးမှုတွေရှောင်လွှဲလို့
ဒီမိုကရေစီစကားလုံးနဲ့အပြိုင်
မိန်းမတို့သိက္ခာတွေမယိုင်ပါစေနဲ့ကွယ်။

စောင့်ထိန်းရမယ့်သိက္ခာ
လိုက်နာရမယ့်ကျင့်ဝတ်
ကိုယ်တွေလက်ထဲမှာ အဆင်သင့်မဖြစ်ခဲ့ရင်
"သားကောင်းမိခင်"စကားလုံး
အဆင်ပြေပြေသုံးနိုင်အောင် မထင်ဘူး။
တွေ့မြင်တုန်းခဏ
ဟာင်...ဟင် ဆိုတဲ့ အာမေဋိတ်သံကြားမှာ
ဂုဏ်ယူချင်တဲ့စိတ်
တိတ်တဆိတ်ပယ်ပျောက်နိုင်ပါစေ။

ကျားတို့သဘာဝ
တပ်မက်စိတ်ကလွဲရင်
တန်ဖိုးထားတဲ့စိတ်ထား
တစ်ပြားသားမှ မရတဲ့အလှ
ဘာလို့များ ရချင်နေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတစ်ယောက်
ညနက်သန်းခေါင်အထိ လမ်းပေါ်မှာ ရောက်နေသေးရင်
'အိမ်ပြေး' စကားလုံးထက်ပိုမရှုဘူး
မိန်းကလေးတစ်ယောက်
ညနက်သန်းခေါင်အထိ လမ်းပေါ်မှာရောက်နေသေးရင်
ညကြေးတွေနဲ့
'မကောင်းတဲ့မိန်းမပဲဖို့ ကန်းစွပ်စွဲကြပိုများတယ်။

ယောကျ်ားလေးတစ်ယောက်
ပေါ်အောင်ပြတဲ့အလှ
ဝိတ်မတဲ့ကာလ
ပင်ပင်ပန်းပန်းလုပ်ရတဲ့တာဒဂ်ပဲရှိတယ်။
မိန်းကလေးတစ်ယောက်
ပေါ်အောင်ပြတဲ့အလှ
Sexy ကျတယ်ဆိုတဲ့ စကားလုံးထက်ပိုမရှုဘူး။

ဒီတော့ ညီမလေးရယ်
ဘယ်နေရာ ဘယ်ဒေသကိုသွားသွား
ညီမအကို မောင်နှမမျက်နှာလေးတွေတော့
ပတ်ဝန်းကျင်မှာထားခွင့်ပြုနိုင်ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလွဲလာတဲ့ခေတ်ယဉ်ကျေးမှုကို
ပေါင်ပေါ်အောင်ပြရမှ ကျေနပ်မယ်ဆိုရင်လဲ
သေချာတာတစ်ခုသတိပြုနိုင်ပါစေကွယ်
ပေါ်ပေါ်လောလောရတဲ့အလှ
ဘယ်သူမှ ထာဝရတန်ဖိုးမထားနိုင်ဘူးဆိုတာကိုပေါ့။

ပုံရိပ်စစ်
(Facebook မှ)

www.burmeseclassic.com

www.burmeseclassic.com




မင်းလယ်ကိုစာပေ

www.burmeseclassic.com

www.burmeseclassic.com


## သူတောင်းစားနှင့် မိဖုရား

(၁)

တစ်ခါက ဗာရာဏသီပြည်မှာ 'ကကဏ္ဍရိမင်း'က တိုင်းပြည်ကို အုပ်ချုပ်နေပါတယ်။ မင်းကြီးမှာ အလွန်ချော မောလှတဲ့ 'ကိန္နရာဒေဝီ'လို့ခေါ်တဲ့ မိဖုရားကြီးတစ်ပါးလည်း ရှိတယ်။

မိဖုရားကြီးနေတဲ့ နန်းပြာသာဒ်အနီးမှာ ဇမ္ဗူသပြေပင် ကြီးတစ်ပင်လည်းရှိပါတယ်။ သက်တမ်းရင့် သပြေပင်ကြီး ရဲ့ အကိုင်းအခက်တွေက ပြာသာဒ်ကိုထိစပ်နေပါတယ်။

ဒါပေမယ့်

သပြေပင်ကြီးဟာ နန်းမြစ်စည်းရိုးအပြင်မှာပေါက်နေ တာပါ။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီသပြေပင်ကြီးရဲ့ ခြေရင်းမှာ စကားမပြောတတ်တဲ့ သူတောင်းစားတစ်ယောက်ရှိနေပါတယ်။

ဗာရာဏသီမင်းကြီးဟာ ညအခါကြရင် မိဖုရားနဲ့ ပျော်ပါးဖို့ မိဖုရားဆောင်ကို လာပြီး ကာမစပ်ယှက်ပြီးတဲ့ အခါမှာတော့ နန်းဆောင်ကိုမပြန်ဘဲ မိဖုရားအဆောင်မှာ အိပ်ပါတယ်။

မိဖုရားကြီးဟာ ဘုရင်ကြီးနဲ့ ကာမဂုဏ်အရသာကို မစားရတာကို မပြည့်မဝဖြစ်နေပါတယ်။ သူ့ဆန္ဒပြည့်ဝ အောင် တခြားတစ်ယောက်နှင့် ဖောက်ပြန်ဖို့ စဉ်းစားလိုက် တဲ့အခါမှာ အန္တရာယ်များတဲ့အတွက် နန်းတွင်းကလူတွေကို စိတ်မချရပါဘူး။

ဒီလိုနဲ့

တစ်နေ့မှာတော့ မိဖုရားကြီးဟာ လေသာပြတင်းက နေအပြင်ကိုကြည့်လိုက်တဲ့အခါ စကားမပြောတတ်တဲ့ သူတောင်းစားကို တွေ့တော့

"ဟုတ်ပြီ ငါ့ဆန္ဒကိုဖြည့်နိုင်းရမယ်"

ဟုတွေးလိုက်တယ်။

ညရောက်တဲ့အခါမှာတော့ ---။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ညရောက်တဲ့အခါ မိဖုရားကြီးဟာ ဘုရင်ကြီးနဲ့ ကာမဂုဏ်ကို ခံစားပြီးလို့ ဘုရင်ကြီးအိပ်သွားတဲ့အခါ ဘုရင့်ဘေး နားက အသာလေးထလာပါတယ်။

ပြီးတော့

အစားအသောက်တွေကို စနှာကိုယ်မှာထည့် အဝတ်စတစ်ခုနဲ့ သပြေပင်ရဲ့ အကိုင်းကိုလှမ်းဆွဲပြီး နန်းပြ သာဒ်ပြတင်းကနေ သစ်ပင်ပေါ်တက်ကာ ငဆွံ့အထံကို ဆင်းသွားပါတယ်။

စားစရာသောက်စရာမရှိ၊ စကားက မပြောတတ် တဲ့သူ တောင်းစားဟာ မိဖုရားကြီးကျွေးတာတွေကို ဝအောင် စားပါတယ်။

အစားအသောက်များ စားပြီးတဲ့အခါမှာတော့

မင်းလေတ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးနဲ့ ကာမဂုဏ်တော်ထဲမှာ ပျော်ပါးပါတော့တယ်။

လမ်းဘေးက သူတောင်းစားကို ရေမြေသနင်းပြည့်ရှင်မင်းရဲ့ မိဖုရားကြီးက ချစ်တင်းနှောဖော့ သူတောင်းစားတစ်ယောက်ရဲ့ နတ်သမီးအိပ်မက်ဟာ တကယ့်လက်တွေ့ဘဝထဲကို ဝင်လာခဲ့တော့တယ်။

သူတောင်းစားနဲ့ အားရအောင်ပျော်ပါးပြီးတဲ့အခါမှာ မိဖုရားကြီးဟာ သစ်ပင်ပေါ်ကို ပြန်တက်ပြီး နန်းပြသာဒ်ကို ဝင်ကာ ဘုရင်ကြီးဘေးမှာ ပြန်အိပ်ပါတယ်။

မိဖုရားကြီးအနေဖြင့် စကားပြောတတ်သောလူတစ်ယောက်နဲ့ ဖောက်ပြန်ပါက နှုတ်စောင့်စည်းမှုမရှိလို့ သူ့အကြောင်း သိသွားနိုင်ပေမယ့် သူတောင်းစားက စကားမပြောတတ်တော့ လုံးဝအန္တရာယ်မရှိဘူးလို့ ထင်မှတ်ထားတယ်။

ဒီလိုနဲ့

ညတိုင်းဖောက်ပြန်ကြတယ်။

ဒါပေမဲ့

အမှန်တရားဆိုတဲ့အရာဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာတစ်စုံတစ်ခုသော အကြောင်းတရားကြောင့် ပေါ်လာတတ်တယ်ဆိုတာကိုတော့ မိဖုရားကြီးမေ့နေပုံပေါ်တယ်။

အဲဒီနေ့က ---



www.burmeseclassic.com

www.burmeseclassic.com



(၃)

အဲဒီနေ့က အရှင်ကြီးဟာ ပညာရှိအမတ်ကြီးနဲ့အတူ တိုင်းခန်းလှည့်လာပြီး နန်းတော်ထဲကိုဝင်ခါနီး ဇမ္ဗူသပြေပင်အောက်က သူတောင်းစားရဲ့ ညစ်ပတ်နေတဲ့ပုံကိုတွေ့တော့

"ပညာရှိကြီး"

"အရှင်"

"ဟိုးသပြေပင်အောက်ကလူ့ပြိတ္တာကိုတွေ့လား"

"တွေ့ပါတယ်အရှင်"

ဒီလို ရွံစရာကောင်းတဲ့ယောကျာ်းကို ဘယ်မိန်းမကမှ ကာဂုဏ်နဲ့ပတ်သက်ပြီး စပ်ယှက်ချင်မှာ မဟုတ်ဘူးကွ"

ဆိုပြီး သူတောင်းစားကို အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်ပြီး တစ်ဖက်သားကို နှိမ့်ချတဲ့ စကားကို အရှင်ကြီးက ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးရဲ့စကားကိုကြားတော့ သူတောင်းစားဟာ စိတ်တိုသွားပြီး

"ခအောင်မာ ဒီမင်းကြီးကတော့ ဘာတွေပြောနေလဲ မသိဘူး၊ သူ့မိဖုရားတစ်ယောက် ငါနဲ့ဖောက်ပြန်တာကို မသိဘူးထင်တယ်"

ဟုအမူအရာပြလိုက်တယ်။

သူတောင်းစားဟာ လပ်အုပ်ကိုသပြေပင်ဘက်လှည့်ချိပြီး

"အရှင်သပြေမင်းစောင့်ရက္ခစိုးနားထောင်စမ်းပါ သည်မှတစ်ပါး အခြားသူတွေဟာ ငါနှင့် မိဖုရားကြီးရဲ့ ကိစ္စကို မသိကြဘူးပဲ"

ဟု တိုင်တည်ပြောဆိုလိုက်ပါတယ်။

သူတောင်းစားရဲ့ အမူအရာဖြင့် ပြောစကားကို ဘုရင်ကြီးက မသိပါဘူး။ ဒါပေမယ့် ပညာရှိပုဏ္ဏားကြီးကတော့ သိလိုက်ပါတယ်။

"ဒါဟာ မိဖုရားနဲ့ သူတောင်းစား ဖောက်ပြန်တာဖြစ်မယ်"

ဟုတွေးပြီး ဘုရင်ကြီး အနားကပ်ခါ . . .

"အရှင်မင်းကြီး ညအခါ မိဖုရားကြီးနဲ့ အတူအိပ်ချင် အထိအတွေ့က ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . တခြားအချိန်တော့ မသိဘူးကွ၊ သန်းခေါင်ကျော်လာရင်တော့ အေးစက်စက်ဖြစ်နေတယ်"

မင်းကြီးရဲ့ အပြောစကားနဲ့ သူတောင်းစားရဲ့ အမူအရာများကို စပ်စက်စဉ်းစားပြီးတဲ့အခါမှာတော့ ပညာရှိပုဏ္ဏားကြီးဟာ ဘုရင်ကြီးကို

"အရှင်မင်းကြီးရဲ့ မိဖုရားနဲ့ သူတောင်းစားဟာ ဖောက်ပြန်နေတယ်လို့ထင်တယ် ဘုရား"

"ဘာကွ"

ပညာရှိပုဏ္ဏားကြီးထံက ဘယ်လိုမှ ထင်မှတ်မထားတဲ့စကားကို ကြားရတော့ ဗာရာဏသီမင်းကြီးဟာ စိတ်ဆိုးသွားပြီး အဲဒီထင်မြင်ချက်ကို အလွယ်တကူပင် ပယ်ချလိုက်ပါတယ်။

ဒီလောက်လှပတဲ့ မိဖုရားနဲ့ ဒီလောက်ရွံစရာကောင်းတဲ့ကောင် ချစ်ကြိုက်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ပညာရှိအမတ်ကြီးက အကျိုးသင့်အကြောင်းသင့်နှင့် ရှင်းပြပေမယ့် လုံးဝလက်မခံတာနဲ့ ပညာရှိကြီးကလည်း

"ဒါဆိုလျှင်လည်း စုံစမ်းကြည့်ပါဦး"

ဟုလျှောက်တင်လိုက်ပါတယ်။

ဘုရင်ကြီးက အဲဒီအကြောင်းကို နည်းမျိုးစုံနဲ့စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေမယ့်လည်း သံသယဖြစ်စရာကိုမတွေ့ဘူး။

ဒါပေမယ့် . . .

"အင်း ... ပညာရှိပုဏ္ဏားကြီးဟာ မဖြစ်နိုင်တဲ့စကား ကို မပြောတတ်သလို၊ ငါ့အကျိုးမဲ့ကိုလည်း မဆိုတတ်ဘူး၊ ဘာပဲပြောပြော စုံစမ်းကြည့်တာမမှားပါဘူး"

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

လကွယ်ညဖြစ်လေတော့ အလင်းရောင်ရဲ့အားက သာမန်နေ့တွေထက်ပိုမိုပြီးတော့ ဖျော့တော့နေတယ်။

ဗာရာဏသီမင်းကြီးဟာ မိဖုရားဆောင်ကို သာမန်နေ့တွေထက်အနည်းငယ် နောက်ကျပြီးရောက်လာတယ်။ ဒီနေ့ကျမှ မိဖုရားကြီးရဲ့ပုံစံက အလေ့သုံးဆယ်နိုင်လှတယ်။

ဘုရင်ကြီးကတော့ အကြံအစည်နဲ့ဆိုတော့ ညလိုပဲ အေးတိအေးစက်နဲ့။

ဒီလိုနဲ့

ဘုရင်ကြီးဟာ မိဖုရားကြီးနဲ့ ကာမဂုဏ်ရေအလျင်မှာ မျောချင်တိုင်း မျောလိုက်တယ်။ တစ်ခါတစ်ခါ မိဖုရားထံက သက်ပြင်းချသံတွေကြားပေမယ့်လည်း သူထင်သလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကာမကိစ္စပြီးတော့ ဘုရင်ကြီးက အိပ်ပျော်ချင်ယောင် ဆောင်လိုက်တယ်။

မိဖုရားကြီးကလည်း ဘုရင်ဘေးနားမှာအိပ်လို့။

ခဏကြာတော့ မိဖုရားကအသာထတယ်။

စားသောက်ဖွယ်ရာပြင်တယ်။

ပြသာဒ်ကိုထွက်ပြီး ဇမ္ဗူသပြေပင်ပေါ်ကို တက် တယ်။ အချိန်ကာနှောက်ကျနေတော့ မိဖုရားကြီးရဲ့လှုပ်ရှားမှု တွေက မြန်ဆန်လာတယ်။ ညစဉ်သွားနေကြနေရာဆိုတော့ သစ်ပင်ပေါ်မှာ လျှောက်လှမ်းပုံက မိဖုရားတစ်ပါးနဲ့မတူဘဲ မျောက်တစ်ကောင်လို ပေါ့ပါးသွက်လက်လို့

ဘုရင်ကြီးက မိဖုရားရဲ့လှုပ်ရှားပုံကိုကြည့်ပြီး အံ့သြ မှု၊ ဝမ်းနည်းမှု၊ နာကျဉ်းမှု၊ ခံပြင်းမှု၊ ဒေါသထွက်မှု၊ ယူကြုံး မရမှုစသော အမည်ဖော်ရခက်တဲ့ ဝေဒနာတွေ ဖြစ်ပေါ်နေ တယ်။

"ထမင်းကျွေးရုံသက်သက်လားမသိဘူး"

ဆိုတဲ့ မိမိကိုယ်ကိုဖေါ်တွေးတဲ့စိတ်ကူးတစ်ခု ခိုင်မာစေဖို့ နန်းဆောင်ကဆင်းပြီး ဇမ္ဗူသပြေပင်ရဲ့အနားမှာ ကပ်နေ လိုက်တယ်။

အမှောင်ထဲမှာ တွေ့ရတဲ့သူတောင်းစားရဲ့ပုံစံက ကျား ရိုင်းတစ်ကောင်လို့ မာန်အဟုန်ပြင်းလို့။



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကျအချိန်ထက် ပိုမိုရှုံနောက်ကျ လွန်းတော့ သူ့ရဲ့ဒေါသတွေက အထွတ်အထိပ်ရောက်နေပြီး၊ ဗိုက်လည်း ဆာတော့ ဘာကိုမမြင်တော့ဘူး

"အရမ်းနောက်ကျတဲ့ ဟာမ ကဲ ကွာ"

"ဖြောင်း"

သူတောင်းစားဟာ အမူအရာဖြင့်ပြောရင်း လက်က မိဖုရားကို နှရင်းကိုဖြတ်ရိုက်လိုက်တယ်။

"အား"

ရိုက်ချက်ကပြင်းတော့ မိဖုရားနားမှာပန့်ထားတဲ့ နားဋ္ဌောင်းဟာ လွင့်စင်ပြီး ချောင်းကြည့်နေတဲ့ ဘုရင်ကြီးအနားကို ကံဆိုးစွာရောက်သွားတယ်။

ဘုရင်ကြီးက နားဋ္ဌောင်းကိုကောက်ထားတယ်။

မိဖုရားကြီးကတော့ လင်ငယ်ရဲ့ အမျက်ဒေါသကို ချော့သိပ်စေဖို့ အာရုံကလွဲပြီး အခြားခံစားမှုကရောက်မလာတော့ သူမနားဋ္ဌောင်းပြုတ်ကျသွားတာကို သတိမမူမိဘဲ သူတောင်းစားကို

"စိတ်မဆိုးပါနဲ့နော် မင်းကြီးမအိပ်သေးလို့ပါ၊ နောက် မဖြစ်စေရပါဘူး"

ဟုချော့ပြောလိုက်တယ်။

သူတောင်းစားဟာ မိဖုရားကြီး ယူလာတဲ့အစား

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသောက်များကို အားပါးတရစားတယ်။ မိဖုရားကြီးက ဘေးနားကနေပြီး ပြုစုပေးနေပုံက နူးညံ့မှု၊ ရက်ရောမှုတွေ ပြည့်နေပုံနဲ့။

စားသောက်ပြီးတာနဲ့ မိဖုရားကြီးက ရှုံ့စရာကောင်းတဲ့ သူတောင်းစားရဲ့ရင်ခွင်ထဲကို တိုးဝင်တယ်။

ပြီးတော့

သူတောင်းစားနဲ့မိဖုရားဟာ မိုးမမြင်လေမမြင်။

ဘုရင်ကြီးဟာ အံ့သြစရာအကောင်းဆုံးမြင်ကွင်းကို မကြည့်ရက်တော့ နန်းတော်ကို ပြန်တက်လာပြီး လှဲနေလိုက်တယ်။

ရင်ထဲမှာတော့ မုန်းတိုင်းကိုမြိုထားရသလိုပဲ။

အဲဒီညက မိဖုရားကြီးပြန်လာတော့ အသားတွေက ခအေးစက်လို့ဘုရင်ကြီးဟာ ဘာရယ်မဟုတ် ပညာရှိကြီးကို သတိရမိတယ်။

ညဟာပိုပြီးတော့ မှောင်သွားတယ်လို့သူထင်လိုက်တယ်။

မင်းလတ်မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၅)

နံနက်ခင်းရဲ့အလင်းရောင်ထက်မှာ ဗာရာဏသီဘုရင်ရဲ့နန်းတွင်းညီလာခံသဘင်ပွဲက စတင်နေပြီ။ တိုင်းပြည်အရေးကိစ္စများကို ပြောဆိုနေစဉ်မှာပင် ---

"ကိန္နရာဒေဝီကို မိဖုရားတန်ဆာအပြည့်အစုံနှင့်ရှေ့တော်မှောက်သွင်းစေ"

ဟုအမိန့်ချမှတ်တယ်။

မိဖုရားကြီးဟာ ဒုဗုင်ထံအခစားဝင်ဖို့ သူမနားဋောင်း တစ်ဖက်မရှိတာကို သတိပြုမိသွားတယ်။ ဘယ်မှာကျနေခဲ့တာကိုလည်း သူမ သတိမထားမိဘူး။ အချိန်တို အတွင်းမှာ သူမက လျှပ်တပြက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ခြသေ့ံရုပ်နားရွှောင်းတစ်ဖက်သည် ရွှေပန်းတိမ်သည်ဆီအပ်ထားပါသဖြင့် မိဖုရားအင်္ဂါမစုံ၍ မလာခဲ့ပါ။

ဟုပြန်လျှောက်တင်တော့ ဘုရင်ကြီးက

"နားရွှောင်းတစ်ဖက်ဖြင့်လာစေ"

ဟုအမိန့်တော်ထပ်ဆင့်တော့ သူမဝင်လာခဲ့တယ်။ ပုံမှန်နေ့စွဲတွေထဲက တစ်ရက်ပဲလို့ သူမက တွေးလိုက်တယ်။ ထူးခြားတဲ့မည်သည့်ဖြစ်စဉ်မှ မကြုံပါစေနှင့်ဟုလည်း တိတ်တဆိတ်ဆုတောင်းမိတယ်။

မိဖုရားကြီးရောက်လာတော့

"သင့်ရဲ့နားရွှောင်းတစ်ဖက်ကော"

"ရွှေပန်းတိမ်အပ်ထားတယ်ဘုရား"

ဒီအထိတော့ အဆင်ပြေသေးတယ်။

"ရွှေပန်းတိမ်သည်ကို ရှေ့တော်သွင်းစေ"

အဲဒီစကားဆုံးတော့ သူမအတွက် နေလို့ထိုင်လို့အဆင်မပြေတော့ အန္တရာယ်ရဲ့ အနံ့အသက်ကို ခံစားနေရတယ်။ ဘုရင်ရှေ့မှာထိုင်နေရပေမယ့် တည်ငြိမ်မှုမရှိတော့။ ရွှေပန်းတိမ်သည် ရောက်မလာခင်မှာ ဆေးလိပ်ငွေ့လို ငုံ့ပျောက်ကွယ်သွားချင်စိတ်တောင် ပေါ်လာတယ်။

ဒါပေမယ့်

သူမဟာ ဆေးလိပ်ငွေ့မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့

ပျောက်ကွယ်မသွားဘူး။

မြွေ ့ုးတိမ်သည်ရောက်လာတော့။

"ကျွန်တော်မျိုးထံမအပ်ထားပါဘုရား"

ဆိုတဲ့စကားတစ်ခွန်းဟာ မိဖုရားကြီးကို စကားလုံး တွေပိတ်ဆို့လိုက်ပြီး ဘုရင်ကြီးရဲ့ ပေါက်ကွဲအားကို ရေခဲ မှတ်ကိုရောက်စေသွားပါတယ်။

"ယုတ်မာတဲ့ သူတောင်းစားမ၊ ငါကဲ့သို့သော မင်းကြီးအား နင့်ရဲ့ ရွှေပန်းတိမ်သည်ပေါ့ဟုတ်လား"

ဟုပြင်းထန်သောလေသံဖြင့် ပြောဆိုပြီး နားဍောင်း တစ်ဖက်ကို မိဖုရားရှေ့ပစ်ချလိုက်တယ်။

"ဒေါက်"

တိတ်နေတဲ့နန်းရင်ပြင်မှာ နားဍောင်းကျသံက ချိန် ကိုက်ဗုံးတစ်လုံးပေါက်ကွဲသလို ဖြစ်သွားတယ်။

အဖြေကလည်း ရှင်းသွားတယ်။

လက်ညှိုးညွှန်ရာရေဖြစ်တဲ့သက်ဦးဆံပိုင်ဘုရင် တစ်ပါးရဲ့ မိဖုရားက သူတောင်းစားတစ်ယောက်နဲ့ ဖောက် ပြန်တယ်ဆိုတော့ ပေးစရာအပြစ်က တစ်ခုပဲရှိတယ်။

"ပညာရှိကြီး သင်ပြောစကားဟာ အမှန်ဖြစ်တယ် ဒီတော့ အပြစ်ရှိတဲ့ပောဒိမိန်းမကို ခေါင်းဖြတ်သတ်စေ"



www.burmeseclassic.com

www.burmeseclassic.com



(၆)

အချစ်ဆုံးမိဖုရားခေါင်ကြီးနဲ့ ဖောက်ပြန်မှုကို ကြုံတွေ့ခဲ့ရတဲ့ဘုရင်ကြီးရဲ့ စိတ်တွေဟာ ပူလောင်မှုတွေနဲ့ ပြင်းထန်နေတယ်။

ဒီအကြောင်းအရာများကို ခေါင်းထဲက ထုတ်ထားချင်ပေမယ့်လည်း သူ့အတွေးထဲကို ခဏခဏရောက်ရောက်လာတယ်။ တွေးလိုက်တဲ့ အချိန်တိုင်းမှာလဲ ပူလောင်မွန်းကြပ်မှုဒဏ်ကို အလူးအလဲခံရတာ သူသာလျှင် အသိဆုံးပင်။

"ငါလို ဘုရင့်ကိုမှကွာ"

ဆိုတဲ့ စကားလုံးတွေဟာလည်း ဖွဲမီးလိုတငွေ့ငွေ့လောင်းကျွမ်းစေပါတယ်။

ဒီအခြေအနေကိုသတိထားမိတဲ့ ပညာရှိအမတ်ကြီးဟာဘုရင်ထံကို ချဉ်းကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေဟာ ကာမဂုဏ်နဲ့ပတ်သက်ရင် ဒီလိုပဲ အလွယ်တကူ ဖောက်ပြန်တတ်တယ်ဒုရှား"

"ဟုတ်ပါ့မလားကွ"

"အရှင်မင်းကြီးမယုံရင် လိုက်ခဲ့ပါ။ ကျွန်တော်မျိုးတို့ နှစ်ယောက်မိန်းမတွေရဲ့ ဖောက်ပြန်မှုကို သိရအောင် ကွင်းဆင်းလေ့လာကြည့်ရအောင်"

"ကောင်းပြီလေ"

ဒီလိုနဲ့

မင်းကြီးလည်း စိတ်သက်သာရာရစေပြီး မိန်းမတွေရဲ့ဖောက်ပြန်မှုကို သိစေဖို့ဆိုကာ မင်းကြီးနဲ့ ပညာရှိအမတ်ကြီးတို့ဟာ သာမန်လူပုံစံဖြင့် ထွက်တော်မူပြီး နန်းကချွာခဲ့တယ်။

ဘယ်လိုပုံစံနဲ့ မိန်းမတို့အကြောင်းကို သိရမလဲဆိုတာကို ကြံတွေးပြီးဒုရှင်ကြီးက ရင်တွေခုန်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(၇)

နန်းတော်နှင့်အဝေးကိုရောက်တော့ လမ်းအကြာကြီး မလျှောက်ဖူးတဲ့ဘုရင်ကြီးဟာ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို စတင်ခံစားရပါတော့တယ်။

ဒီအခြေအနေကိုတွေ့တော့ အမတ်ကြီးက

"ခဏနားကြပါစို့"

ဟုဆိုကာ သစ်ပင်တစ်ခုအောက်မှာ နားနေပါ တယ်။

သူတို့နားနေစဉ်မှာ အဝေးတစ်နေရာမှာ လူအုပ်ကြီး လာနေတာကို တွေ့ရပါတယ်။

"ဘာတွေလဲကွ"

"မှန်ပါ မင်္ဂလာဆောင်ဖို့ သတိုးသမီးကိုသတိုးသား အိမ်ကိုပို့ဆောင်ဖို့သွားတာပါ"

ဗင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အော်"

"အရှင်မင်းကြီးသာအလိုရှိမယ်ဆိုရင် အဲဒီသတို့သမီးနဲ့ကာမကိစ္စလှုပ်ရှားလို့ရတယ်"

"မဖြစ်နိုင်တာကွာ"

"ဘာလို့မဖြစ်နိုင်ရမလဲ"

"ကြည့်လည်းလုပ်ပါဦး ငါတို့ကသာမန် အနေအထားနဲ့ ထွက်လာတာ၊ တော်ကြာသူများသားသမီးစော်ကားလို့ အရိုက်ခံနေရပါဦးမယ်"

"ဘာမှ မပူပါနဲ့ စီစဉ်လိုက်မယ်"

ဟုပြောပြီး အမတ်ကြီးက အဝတ်စတစ်ခုဖြင့် သစ်ပင်အကွယ်မှာ တင်းတိမ်ကာရံလိုက်ပါတယ်။ ဘုရင်ကြီးကိုလည်းအကာအရံအတွင်းမှာနေခိုင်းလိုက်ပါတယ်။ မှာစရာရှိတဲ့စကားများကိုမှာပြီး သူကလှည်းလမ်းကြောင်းမှာ ထွက်စောင့်နေပါတယ်။

တဖြည်းဖြည်းလှည်းတန်းကနီးလာပါတယ်။

လှပစွာပြင်ဆင်ထားသော လှည်းပေါ်မှာ ချောမောသောသတို့သမီးတစ်ယောက်က ထိုင်နေပါတယ်။ တခြားလှည်းတွေပေါ်မှာတော့ အခြွေအရံမိန်းကလေး၊ ယောကျ်ားလေးများစွာနှင့်စည်းကားလို့။

လှည်းတန်းအနီးရောက်တော့ အမတ်ကြီးက ညွှန်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်သောမျက်နှာဖြင့် လှည်းဟန်းကိုတားလိုက်တယ်။ အမတ်ကြီးက ငိုကြွေးနေပါတယ်။

အဲဒီအဖြစ်ကိုမြင်တော့ သတို့သမီးရဲ့ ယောက္ခမက လှည်းကိုရပ်စေပြီး

"ဘာကြောင့်ငိုနေတာလဲမိတ်ဆွေရ"

"မပြောချင်ပါဘူးဗျာ၊ ကျွန်ုပ်ရဲ့မိန်းမဟာ ကိုယ်ဝန် လ ရောက်နေလို့သူ့မိဘအိမ်မှာပြန်မွေးမယ်ဆိုပြီး ခရီး ထွက်လာတာ အခုလမ်းခရီးမှာ ကမ္ဘာမလေးလှုပ်လာလို့ ဟင်းတိမ်နဲ့ ကာထားတယ်။ အဲဒါအမျိုးသမီး အဖော်လည်း မရှိတော့ ဘယ်လို လုပ်ရမှန်းမသိဘူး"

လို့ပြောလိုက်တယ်။

သတို့သမီးရဲ့ယောက္ခမလောင်းကြီးက အမတ်ကြီး ကို ကြည့်ပြီးသနားသွားကာ

"ဘာမှ မပူပါနဲ့ ကျွန်ုပ်ကူညီပါ့မယ် ဒီမှာမိန်းကလေး တွေအများကြီးပါလာတယ်ဗျာ"

"ဒါဆိုရင် အဆင်ပြေတာပေါ့"

"ကဲ အမျိုးသမီးတစ်ယောက် ---"

"နေပါဦး မိတ်ဆွေကြီးရဲ့"

အမတ်ကြီးက သတို့သမီးရဲ့ ယောက္ခမစကားကို ဆုံးအောင်နားမထောင်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကူညီတာကိုဝမ်းသာတယ်ဗျာ သင်တို့လည်း မင်္ဂလာဆောင်တဲ့ ကိစ္စကြီးနဲ့ဆိုတော့ သတို့သမီးကို လွှတ်လိုက်ပါလားဗျ။ ဒါဆိုရင် သူလည်း သားသမီး ရတနာအတွက် နိမိတ်ကောင်းတာပေါ့"

ဟု အမတ်ကြီးက ပြောတော့ သတို့သမီးယောက္ခမ က အမတ်ကြီးစကားကို သဘောကျပြီးသတို့သမီးကို တင်း တိမ်အတွင်းသို့လွှတ်လိုက်ပါတယ်။

အမတ်ကြီးနဲ့ အခြွေအရံတွေက လှည်းလမ်းမှာစောင့် နေပါတယ်။ အသစ်စက်စက်သတို့သမီးလေးက တော့ဘုရင် ကြီးနှင့် နှစ်ပါးသွားဇာတ်စုံကိုကနေတာများ သက်လက်ကို ထလို့။

ဘုရင်ကြီးနဲ့ ကာမကိစ္စပြီးတဲ့အခါ သတို့သမီးဟာ လှည်းဆီကိုပြန်လာခဲ့တယ်။ သူမရဲ့မျက်နှာက နေရောင် ကြောင့် ပြန်သထားတဲ့ မနက်ခင်းတစ်ခုလို့ပဲ မနေက အတိုင်းပဲ။

လှည်းပေါ်က အမျိုးသမီးတွေက

"ဘာလေးမွေးလဲ"

"ယောကျ်ားလေးဟ အသားကိုဝင်းနေတာပဲ၊ ရွှေကျ နေတာပဲ"

ဟုပြောကာ သတို့သားအိမ်ကိုထွက်ခွာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့တဲ့ဘုရင်ကြီးမှာတော့ အတွေ့အကြုံအသစ်၊ နှုးညံ့မှုအသစ်တွေကြားမှာ "လောကကြီးမှာ မိန်းမတွေဟာ ဒီလိုပဲလား"ဟုအတွေးအခေါ်အသစ်တစ်ခု ပါးပါးလေးဝင် လာခဲ့ပါတယ်။

ဒီလိုနဲ့

သူတို့နှစ်ဦးဟာ အရပ်ဒေသတစ်ခုပြီးတစ်ခုရောက်ခဲ့တယ်။ မိန်းမတစ်ယောက်ပြီးတစ်ယောက်တွေ့တယ်။

အရပ်ဒေသတွေပြောင်းလဲသွားတယ်။ ရာသီဥတုတွေ ပြောင်းလဲသွားတယ်။ မိန်းမတွေ ပြောင်းသွားတယ်။ မပြောင်းလဲတာက မိန်းမတွေဟာ ကာမဂုဏ်နဲ့ပတ်သက်ရင် ဖောက်ပြန်တဲ့စိတ်ပဲ။

"နောက်ဒေသတစ်ခုသွားဦးမလားမင်းကြီး"

"တော်ပြီ အမတ်ကြီး ဓမ္မဒိပတစ်ကျွန်းလုံး လှည့်လည်သော်လည်း မိန်းမတွေအကုန်ဒီတိုင်းပဲ ဖြစ်လိမ့်မယ်။ ဒီလောက်ဆိုတော်ပါပြီ"

ဟုဆိုကာ နန်းတွင်းသို့ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

မိန်းမတွေရဲ့ သဘောတရားကို နားလည်သဘော ပေါက်သွားတဲ့ အရှင်ကြီးရဲ့စိတ်ဟာလည်း သူ့ရဲ့အဖြစ်ကို လက်ခံသွားတယ်။ အဲဒီအချိန်ကျမှ

"အရှင်မင်းကြီး မိန်းမတွေဟာ ဒီလိုမကောင်းမှုကို အခွင့်ရလျှင် ပြုကြတယ်ဆိုတာအရှင်မင်းကြီးသိလောက်ပြီ။ ဒါကြောင့်မိဖုရားခေါင်ကြီး ကိန္နရီဒေဝီကိုသည်းခံပါအရှား"

"သူက သေသွားပြီမဟုတ်လား"

"မသေသေးပါအရှား"

"ဘယ်လို"

"အရှင်မင်းကြီးမိန်းမကိစ္စနဲ့ပတ်သက်ပြီး မမှားသင့် သောအမှားကိုကျူးလွန်မိမှာစိုးလို့ ကျွန်တော်မျိုးမသတ်သေး ဘဲ ဖမ်းထားပါတယ်အရှား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဘာလုပ်မလဲ"

"တိုင်းပြည်က နှင်ထုတ်လိုက်မယ်ဗျာ။"

"ကောင်းသလိုစီမံလိုက်ပါ"

ဘုရင်ထံကအမိန့်စကားရတာနဲ့ အမတ်ကြီးက မိဖုရားနဲ့ သူတောင်းစားကို တိုင်းပြည်ကနှင်ထုတ်လိုက်ပါတော့တယ်။

သူတို့ထွက်ခွာသွားမှ အခြားမင်းသမီးတစ်ပါးကို မိဖုရားမြှောက်ပါတယ်။

မိဖုရားအသစ်တင်တဲ့နေ့မှာပဲ ဘုရင်ကြီးဟာ မိဖုရားဆောင်အနီးက ဖမ္မူသပြေပင်ကြီးကိုပါ တစ်ပါးတည်း ခုတ်လိုက်တယ်။

နောက်ထပ်ပြဇာတ်အသစ်တွေ ထပ်ပေါ်မှာကြောက်လို့သစ်ပင်ကို ခုတ်တာလားတော့မသိဘူး။

သပြေပင်ကတော့ ငုတ်တုတ်။

□□□



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ကိုယ်တိုင်ရေးကိုယ်ကျင့်စာရေး

ဂျပန်ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ ကျွန်တော်ရဲ့ ပထမ ဦးဆုံးတွေ့ရှိချက်များကို ပြောပြပါမယ်။ တိုကျိုမြို့မှာ နှစ်ရက် သုံးရက်နေပြီးနောက် ကျွန်တော်တို့ကို ကျေးလက်ဒေသဟို တယ်တစ်နေရာသို့ ခေါ်ဆောင်သွားပါတယ်။

ဗိုလ်မှူးကြီးဆူဇူးကီးက တိုကျိုလေယာဉ်ကွင်းမှာ ကျွန်တော်တို့ကို ကြိုဆိုလက်ခံစဉ်က သူဟာရုပ်ဖျက်ထားတဲ့ လုပ်သားတစ်ဦးဖြစ်ပြီး ဂျပန်–မြန်မာအသင်းအတွင်းရေးမှူးချုပ်ပဲ့မှာနာမီဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ပေးခဲ့ပေမယ့် ကျွန်တော့်ကို လက်ခံတဲ့အိမ်ရှင်က ဗိုလ်မှူးကြီးဆူဇူးကီး ဖြစ်ကြောင်းစကားမစပ်ခင်ဗျားတို့အား ပြောပြဖို့ မေ့သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို ကျေးလက်ဟိုတယ်မှာ မိန်းမတစ်စုံကစ်ရာ ခေါ်ယူ ဖို့ဆန္ဒရှိမရှိ ဗိုလ်မှူးကြီးဆူဖူးကီးက ကျွန်တော်တို့ကို မေးခဲ့တယ်။ (ကျွန်တော်ဟာ အဲဒီအချိန်အထိ တစ်ရာ ရာခိုင်နှုန်း လူပျိုဖြစ်ပါတယ်)ကျွန်တော်တို့ဟာ အဲဒီမေးခွန်း ကြားရတော့ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး

"ဟင့်အင်း"

လို့ပြန်ဖြေလိုက်တယ်

ဗိုလ်မှူးကြီးဆူဖူးကီးပြောတဲ့စကားအတိုင်း ကျွန် တော်မှတ်မိသလောက်ပြန်ပြောရရင်

"ရှက်စရာမရှိပါဘူး၊ အဲဒီကိစ္စဟာ ရေချိုးတာမျိုးပေါ့ ဗျာ၊ ဒီနေရာမှာ မိန်းမတွေသားတဲ့ရပ်ကွက်ရှိတယ်"တဲ့။

ကျွန်တော်တို့ဟာ သူ့ကို ကျေးဇူးတင်ကြောင်း ပြော ပြခဲ့တယ်။ ဒါပေမယ့် ဒီလိုအပျော်အပါးကိစ္စမျိုးကို ဆန္ဒမရှိ ကြောင်းငြင်းဆိုခဲ့တယ်။ ဒါကြောင့်

"ပထမဆုံးကျွန်တော့်အပေါ် ကိုယ်ကျင့်တရားပျက် ပြားအောင်လုပ်ဖို့ သူတို့မှာ ရည်ရွယ်ချက်ရှိနေသလား"

ဆိုပြီးကျွန်တော့်ဘာသာ ကျွန်တော်တွေးကြည့် တယ်။

ကျွန်တော်တို့ တိုကျိုမြို့ကို ထပ်မံပြန်ရောက်တဲ့ အခါမှာလည်း ကျွန်တော်တို့ကို အဲဒီရပ်ကွက်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွား ပြန်တယ်။

ဒါပေမယ့်

ခရီးတော်တော်လေးပန်းလာလို့ ကျွန်တော်တို့ဟိုတယ်ကို ပြန်ပြီးအိပ်ဖို့ပဲ ဆန္ဒရှိကြောင်း ဗိုလ်မှူးကြီးမှူဆူးကီးနဲ့ရေမှူးဆီကို ပြောပြလိုက်တဲ့အတွက် ကျွန်တော်တို့ကိုဟိုတယ်ကိုပြန်ပို့ပေးပါတယ်။

ဒါနဲ့အဲဒီ ဒုတိယအကြိမ်ငြင်းဆန် ပြီးကတည်းကစပြီး ကျွန်တော်မြန်မာပြည်ကို လှိုင်ဂုံပြန်လာတဲ့အထိ ကျွန်တော်တို့ကို မိန်းမတွေရှိတဲ့ရပ်ကွက်များသို့ ထပ်မံပို့မပေးတော့ဘူး။

(မင်းသုဝဏ်ဘာသာပြန်)

(ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့်ပြောခဲ့သော မိန်းခွန်းများစာအုပ်မှ)

မင်းလောက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်

လူတို့ရဲ့ယသဘာဝကို လေ့လာသုတေသနပြုခဲ့သည်မှာ နှစ်ပေါင်း(၃၀)ရှိပါပြီ။

သို့သော်

ကြီးကျယ်သောပြဿနာတစ်ရပ်ကို ကျွန်ုပ်ဖြေရှင်းနိုင်ခြင်း မရှိပါ။

အဲဒါကတော့

"အမျိုးသမီးရဲ့ဆန္ဒကဘာလဲ"

ဆိုတာကို မသိနိုင်ခြင်းပါဘဲ။

(ဆစ်မန်းဖရွိုဒ်)

(**Sigmund Freud**)

www.burmeseclassic.com

www.burmeseclassic.com



## အပျို၊ အပျိုစစ်နှင့် အပျိုစင်

အပျို၊ အပျိုစစ်နှင့်အပျိုစင်ဆိုတဲ့ ဒီပို့စ်လေးကို ညီမငယ်လေးတွေ ခွဲခြားသိမြင်အောင်လို့ ရေးလိုက်တာပါ။ မိန်းမဗျိုကာကြီးကိုကျေညက်လို့လည်းမဟုတ်ရပါ။

ပြီးခဲ့သောချစ်သူများနေ့။

ချစ်သူများနေ့ဆိုတာ မြန်မာတွေရဲ့ နေ့ထူးနေ့မြတ်တော့မဟုတ်ပါ။

ဒါပေမယ့်

ချစ်သူတွေရဲ့ကြား တစ်ဦးကိုတစ်ဦး ဂရုစိုက်ကြင်နာမှု၊ အပြန်အလှန်ပန်းစည်းလေးပေးပေး၊ ချော့ကလက်လေး တွေပေးနဲ့ ချစ်သူနှစ်ဦးအနေနှင့်ရော တွေ့မြင်ရသူတွေပါ ကြည်နူးစရာမြင်ကွင်းလေးမို့ကိုယ့်နိုင်ငံရဲ့ နေ့ထူးနေ့မြတ် မဟုတ်ပေမယ့် လက်ခံနိုင်ပါတယ်။

မင်းလက်ရုံစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲ ... လက်မခံနိုင်တာဘာလဲ။ ?

လက်မခံနိုင်တာက ချစ်သူတွေချင်းလက်ဆောင်ပစ္စည်းချင်းတွင်မကဘဲ ဘာချင်းပင်လဲယူကြတဲ့အထိဖြစ်ကြတာကိုပါ . . .။

ကိုကို၊ မောင်မောင်တွေကလည်း ချစ်သူများနေ့အထိမ်းအမှတ်ဆိုပြီး မတောင်းသင့် မတောင်းအပ်သည့်အရာများကိုတောင်း၊ လိုက်လျော်သူကလည်း လိုက်လျောနှင့် ကြည်နူးရသည်ထက်ကြေကွဲမှုရသည်က ပိုဆိုးသောအခြေအနေမျိုး ရောက်ရှိလာခဲ့ပါသည်။

ချစ်သူများနေ့မှာ ဟိုတယ်တွေ၊ မိုတယ်တွေဟာအရင် နေ့တွေထက် လူတွေပြည့်လို့အပြင်ကနေ တိုကင်နှင့်စောင့် ယူရသည့်အထိပင်တဲ့။

ဒါမြန်မာနိုင်ငံမှာနော် ---

တို့မြန်မာလူမျိုးတွေဖြစ်နေတာ ---။ ကဲ --- ရှိတော့ ထိန်းသိမ်းရန်ဆိုတဲ့ အခြေအနေတစ်ခုကို မေ့တတ်သူ ညီမငယ်လေးများအား သတိပေးရန် ရေးလိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပျို

အပျိုဆိုတာ ဘာကိုဆိုလိုသလဲ။

အားလုံးသိကြမှာပါ။ အပျိုဆိုတာ အိမ်ထောင်မရှိသေးတဲ့သူ၊ တရားဝင်လက်မထပ်ရသေးတဲ့သူဟာ အပျိုပါပဲ။ အိမ်ထောင်မရှိသူ၊ လက်မထပ်ရသေးသူ ဆိုပေမယ့် ချစ်သူ လည်းရှိခဲ့ဖူးချင် ရှိခဲ့ဖူးမယ်။

ချစ်သူရှိတယ်ဆိုတဲ့နေရာမှာတောင် သမီးရည်းစားဆိုတဲ့အခြေအနေတွေထက် လွန်ခဲ့ရင်လည်း ကျော်လွန်ခဲ့မယ်။

ဒါကို ကိုယ်တိုင်ကပဲ သိပါလိမ့်မယ်။

ဒါပေမယ့်

အားလုံးအမြင်မှာ သူဟာအပျိုပါပဲ။

ဒါကို အပျိုလို့ခေါ်ပါတယ်။ ဒီအပျိုဆိုတဲ့ စာရင်းထဲမှာ လက်မထပ်ရသေးသည့် အမျိုးသမီးအားလုံးပါဝင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုစစ်

အပျိုစစ်ဆိုတဲ့နေရာမှာတော့ လက်မထပ်ရသေးသူ အားလုံးမပါဝင်နိုင်တော့ပါဘူး။ သူဟာ ချစ်သူရှိခဲ့ဖူးသူဖြစ်ပေမယ် သာမန်သမီးရည်းစားဆိုတဲ့ အခြေအနေသာရှိပြီး လက်ရှိအပျိုရည်ကို ထိန်းသိမ်းထားနိုင်သူ၊ အမှားအယွင်းမရှိသူကိုဆိုလိုပါတယ်။

ချစ်သူနှုတ်ခမ်းနမ်းဖူးတယ်ဆိုတဲ့အခြေအနေမျိုးတော့ရှိနိုင်မှာပါ။ ဒါပေမယ့် သူမဟာ ကာမဆန္ဒဖောက်ပြားခဲ့ဖူးခြင်းမရှိသည့်အတွက် အပျိုစစ်လို့ခေါ်ဆိုနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အပျိုစင်

အပျိုစင်ဆိုတဲ့နေရာမှာတော့ အမျိုးသမီးငယ်တွေ အားလုံးမပါဝင်နိုင်တော့ပါဘူး။ ခုလိုအခြေအနေမှာ အတော်လေးကိုရှားပါးလာပြီလို့လည်းပြောလို့ရပါတယ်။

အပျိုစင်ဆိုတာဘာလဲ။

အပျိုစင်ဆိုတာ ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့ရင် ချစ်ခဲ့လိမ့်မယ်။ ဒါပေမယ့် ဘယ်ယောကျ်ားများနှင့်မှ ထိတွေ့ခဲ့ဖူးခြင်းမဆိုထားနှင့် သူမ၏စိတ်နှလုံးထဲတွင်ပင် ညစ်ညမ်းသောအတွေးအခေါ်မရှိ။ ပကတိဖြူစင်သော မိန်းမပျိုလေးများပင်ဖြစ်သည်။

ယနေ့လို့ အနောက်တိုင်းယဉ်ကျေးမှုတိုက်စားခံရသည့်အခြေအနေတွင် အတော်လေးကို ရှားပါးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပျိုစင်မပြောနှင့် အပျိုစစ်ဆိုလျှင်တောင် ကံကောင်းတယ်မှတ်ပါလို့များ သက်ပြင်းတွေ ရှိုက်ကုန်ကြပြီလား။ ကိုယ့် ကိုယ်ကိုထိန်းသိမ်းရမှာ ကိုယ်ကိုယ်တိုင်ရဲ့တာဝန်ပါ။ တခြား သူကမည်မျှပင် ထိန်းသိမ်းစေကာမူ ကိုယ်တိုင်မှ မထိန်းသိမ်းခဲ့လျှင် ဘာကြီးရေရှည်ပျော်ပြီ ပြောင်း။

ဒါကြောင့်

ညီမငယ်များအပျိုစင်ဆိုတဲ့ အခြေအနေမျိုးကို မပိုင်ဆိုင်ခဲ့ရင်တောင်မှ အပျိုစစ်ဆိုတဲ့အခြေအနေမျိုးကို ကိုင်ဆွဲထားနိုင်ဖို့ကြိုးစားစေချင်ပါတယ်။

ခုလို မြန်မာ့စီးပွားရေးကြီး ချွတ်ခြုံကျနေတဲ့အခြေအနေမှာ မိသားစုဝင်တွေမှာ မိဘနှစ်ပါးလုံးက အလုပ်တွေလုပ်နေရတော့ သားသမီးများအား ထိန်းသိမ်းစောင့်ရှောက်ရန် အချိန်တွေနည်းပါးလာခဲ့တယ်။

ရင်အုပ်မကွာ စောင့်ရှောက်မှုတွေလည်း နည်းပါးလာခဲ့သမျှ သားသမီးတွေဟာလည်း လွတ်ချင်တိုင်း လွတ်နေကြတာများလာပါပြီ။ ဒီအခြေအနေမှာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းကြပါ ညီမလေးတို့ရယ်။

ကိုယ်ကိုယ်တိုင်တန်ဖိုးထားမှ အခြားသူတွေကလည်း ကိုယ့်ကိုတန်ဖိုးထားမှာပါ။ အကြွေပန်းကို ကောက်နမ်းချင်တယ်ဆိုတဲ့ သူတွေရှားပါတယ်။ ခုရေပန်းလို



www.burmeseclassic.com

www.burmeseclassic.com



အကြွေကို ကောက်နှမ်းခံရဖို့က ခရေပန်းလိုကြွေခဲ့ပေမယ့် မွှေးရနံ့လေးရှိအောင် အရည်အချင်းတွေ ပြည့်စုံနိုင်ရမှာနော်။

ဒါပေါင် ... ဆယ်ပွင့်ကြွေလို့ တစ်ပွင့်အကောက်ခံရချင်မှ အကောက်ခံရမှာ။ ဘယ်သူမှ မကောက်မိဘဲ အခြောက်ခံသွားရတာနှင့် အနင်းခံသွားရကဲ့ ခရေပန်းတွေ အပင် အောက်မှာ အများကြီးကျန်ခဲ့ပါတယ်။

ကိုယ့်ချစ်သူဆိုတာနှင့်ပဲ ကိုယ့်ညီမတွေအစွမ်းကုန် အလိုမလိုက်ကြပါနှင့်။ ချစ်သူဆိုတာ လက်ထပ်ယာ့တဲ့သူ မဟုတ်သေးပါဘူး။ အချိန်မတန်ခင် မကြွေလိုက်ကြပါနှင့်နော်။

ကိုယ့်အပျိုစင်ဘဝလေး ငွားငွားစွင့်စွင့် မွှဲလယ်တင့်တဲ့ပန်းလေးတစ်ပွင့်ဖြစ်အောင် 'မေ့'ညီမတွေ ကြိုးစားကြပါ။ နေကြာပန်းလို နေရှိရာကို ကောက်ကောက်ပါ လိုက်မဲ့ အဖြစ်နဲ့ ဘဝကို ပုံမအပ်လိုက်ကြပါနဲ့။

ကိုယ့်ကိုစစ်မှန်စွာချစ်တဲ့သူဟာ ဥယျာဉ်မှူးလိုပန်း တစ်ပွင့်ကို ကိုယ်ကကြည့်ကြည့်ပြီး စောင့်ရှောက်ပေးမှာပါ။

အရိပ်နေနေ အခက်ချိုးချိုးဆိုတာမျိုးလို ကိုယ့်ဘဝကိုချိုးယူပြီး ချိုးစရာအကိုင်း အခတ်ကုန်သွားရင် အခြားအပင်ကို ကူးမည့်သူမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



'မေ့'ညီမတွေအချစ်နဲ့ ရာဂကိုခွဲခြားသိမြင်နိုင်ကြပါစေ။

ကိုယ်ကိုတိုင်အပျို၊ အပျိုစစ်နှင့်အပျိုစင်ဆိုတာခွဲခြားသိမြင်ပြီး ကိုယ်ပိုင်ဆိုင်ထားတဲ့ဘာလေးကို တန်ဖိုးထားတတ်ကြပါစေ။

မေသဇင်(အေးမြသာဝစည်ရွာ)
(၂၀၁၃-လှိုင်ယာမဂ္ဂဇင်းမှ)

မင်းသုဝဏ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗင်းလတ်ရှာစာပေ

www.burmeseclassic.com

www.burmeseclassic.com



A successful man is one who makes more money than his wife can spend.

A successful woman is one who can find such a man.

(Lana Turner)

အောင်မြင်သည့် အမျိုးသားဆိုသည်မှာ ဇနီးဖြုန်းသည်ထက် ပိုက်ဆံပို၍ရှာနိုင်သူဖြစ်သည်။

အောင်မြင်သည့်အမျိုးသမီးဆိုသည်ကား ထိုကဲ့သို့လူများကို ရအောင်ရှာနိုင်သူဟူသည်။

(လာနာတာနာ)



www.burmeseclassic.com

www.burmeseclassic.com



## ကာမရဲ့ဆွဲအား

တစ်ခါက 'သီရိမထိ'ဆိုတဲ့မြို့ကြီးမှာ 'သဗ္ဗတ္ထာသနကာဒမက'ဆိုတဲ့ မင်းကြီးတစ်ပါးရှိပါတယ်။

ဒါပေမဲ့

'သီရိမတီမြို့'သားတွေဟာ ဘုရင်ကြီးရဲ့ မူလအမည်ဖြစ်တဲ့'သဗ္ဗတ္ထာသနကာဒမက'ဆိုတဲ့အမည်ကို မခေါ်ဘဲ'ဂဇ ပ္ပိယ'လို့ပဲ ခေါ်ပါတယ်။ 'ဂဇ ပ္ပိယ'ရဲ့မြန်မာလိုအဓိပ္ပါယ်က 'ဆင်ချစ်သောသူ'လို့အဓိပ္ပါယ်ရပါတယ်။

ဘုရင်ကြီးဟာ 'ဂဇ ပ္ပိယ'ဆိုတဲ့အမည်ရလောက်အောင် ဆင်တွေကိုအရမ်းချစ်ပါတယ်။ ဘယ်တော့ ဘယ်အရပ်မှာ ဆင်ကောင်းရှိတယ်ဟုသာကြားပါစေ ဆင်ရိုင်းတွေကို အဖမ်းခိုင်းပြီး ယဉ်ကျေးအောင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နန်းတော်အနီးမှာလည်း ဆင်တွေနေတဲ့'ဆင်ဥယျာဉ်'ဆိုတာ ရှိပါတယ်။ ဆင်ဥယျာဉ်ထဲမှာ ဆင်တွေစားဖို့ အစားအသောက်များ၊ ရေကန်များကို ပြုလုပ်ထားပါတယ်။

ဒီလိုနဲ့

တစ်နေ့မှာတော့ အဲဒီတိုင်းပြည်မှာရှိတဲ့ မုဆိုးကြီးတစ်ယောက်ဟာ တောအတွင်းကိုလှည့်ပတ်သွားလာရင်း အလွန်လှပတဲ့ဆင်ကြီးတစ်ကောင်ကို တွေ့ခဲ့ပါတယ်။

ဆင်ကြီးရဲ့ အလှကို စာပေထဲမှာတင်စားထားတာကတော့ ကိုယ်ကမျက်စဉ်းညိုတောင်၊ အစွယ်က ငွေရောင်၊ ဦးကင်းက တောင်ထွက်၊ နှာမောင်းက ရောဝဏ်ဆင်မင်းရဲ့ နှာမောင်းနှင့်တူပြီးအမြီးက စာမရီရဲ့အမြီးနှင့်တူကာ၊ နှာအိုးတစ်လျှောက်မှာလည်း ရွှေအဆင်းနဲ့ဆိုတော့ အရမ်းလှပပြီး ထူးခြားနေတဲ့ဆင်ကြီးတစ်ကောင်ပေါ့။

ဆင်ကြီးကိုတွေ့တော့မုဆိုးက---

"ဒီဆင်ကိုသတ်ပြီးအစွယ်ကိုရောင်းရင် ပစ္စည်းဥစ္စာနည်းနည်းပဲရမယ်။ ဒီဆင်ရှိရာအရပ်ကို ဘုရင်ကြီးကို ပြောလိုက်ရင်ငွေအများကြီးရနိုင်တယ်"

ဟုတွေးကာ ဆင်ကြီးနေသောအရပ်ကို အသေအချာ အမှတ်အသားလုပ်ခဲ့ပြီး တောထဲက ထွက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုရောက်တော့ ဘုရင်နှင့်အကျွမ်းတဝင်ရှိသူ ကို အကူအညီတောင်းကာ နစ်ယောက်ကဲ့ဘုရင်ထံသွားပြီးဆင်ကြီးရဲ့အကြောင်းကိုပြောပြလိုက်ပါတယ်။

နဂိုကတည်းက ဆင်ချစ်တဲ့သူဖြစ်လေတော့ ဘုရင်ကြီးကမုဆိုးကြီးစကားဆုံးတာနဲ့ ဆင်ဖမ်းသမားတွေကိုတော ထဲသွားပြီးဖမ်းခိုင်းလိုက်ပါတယ်။

မင်းကြီးက ဆင်ကြီးရောက်လာတာနဲ့ မုဆိုးကြီးတို့နှစ်ယောက်ကို ဆုငွေတွေများစွာချီးမြှင့်ပြီး ဆင်ထိန်းကိုလည်း အလျင်အမြန်ဆင်ကြီးကို ယဉ်ကျေးအောင်သွန်သင်ဆုံးမဖို့ အထူးတာဝန်ပေးအပ်လိုက်ပါတယ်။

ဆင်ထိန်းဖြစ်သူဟာ နေ့နေ့ညညအထူးသင်ပြပေးလိုက်တာဆင်ကြီးဟာ(၁၀)ရက်မပြည့်ခင်မှာ လူစကားနားလည်သလောက်နီးပါးလိမ္မာယဉ်ကျေးသွားပါတယ်။

လိမ္မာယဉ်ကျေးသွားတာနဲ့ ဆင်ကြီးကိုဘုရင့်ထံဆက်သလိုက်ပါတယ်။ ဘုရင်ကြီးဟာ အဲဒီဆင်ကြီးကိုအကောင်းဆုံးအစားအသောက်များကျွေးမွေးပြီး အသေအချာ လိုလေးသေးမရှိအောင်ထားပါတယ်။

ဆင်ကြီးရဲ့ ပုံစံကိုကြည့်ပြီးလူတကာ ချီးကျူးကြတော့ ဘုရင်ကြီးက

"ဒီတစ်ခေါက်တိုင်းပြည့်လှည့်ရင် အဲဒီဆင်ကြီးစီး



www.burmeseclassic.com

www.burmeseclassic.com



မယ်" ဟု

မှာထားပါတယ်။

"ဒီလိုနဲ့"

တိုင်းပြည်ကိုလှည့်လည်တဲ့နေ့ရောက်တဲ့အခါမှာတော့ ဆင်ကြီးစီးပြီးမြို့အနှံ့လျှောက်သွားပါတယ်။

ဖြစ်ချင်တော့ အဲဒီညမှာပဲ ဘုရင်ကြီးရဲ့ 'ဆင်ဥယျာဉ်' အတွင်းကို တောကွင်းက ဆင်မတွေရောက်လာပြီး သောင်းကြမ်းသွားတော့ ဘုရင်ရဲ့'ဆင်ဥယျာဉ်' ကြီးဟာ ဖွဲ့စည်းပုံပျက်နေပါတယ်။

'ဆင်'ကိုစွဲဖြစ်တာကြောင့် တာဝန်ရှိတဲ့ အမတ်တွေက ဘုရင်ကြီးကို ချက်ခြင်းသတင်းပို့ပါတယ်။

"နန်းတွင်းအပြန်မှာ ဆင်ဥယျာဉ်ကိုဝင်ကြည့်မယ်"

ဟုပြောကာ တိုင်းခန်းလှည့်လည်အပြီးမှာတော့ "ဆင်ဥယျာဉ်"အတွင်းကို လှည့်ဝင်ခဲ့ပါတယ်။

ဆင်ဥယျာဉ်အတွင်းကို ဝင်လိုက်တာနဲ့ ဆင်ကြီးရဲ့ ပုံစံဟာတစ်ခုခုကို မြင်တွေ့လိုက်ရသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။

ညက ဆင်ဥယျာဉ်အတွင်းမှာ တောတွင်းကဆင်မတွေက သောင်းကြမ်းတော့ ဆင်မတွေရဲ့ အနံ့အသက်တွေဟာ ဆင်ဥယျာဉ်တစ်ခုလုံးမှာပျံ့လွင့်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးဟာ ဆင်မတွေရဲ့ အနံ့အသက်ရတော့ ရာဂတရားတွေ ထကြွလာကာ ဆင်မတွေနဲ့ ဂလျှံပါး ချင်တာနဲ့ ယဥ်ကျေးတဲ့ပုံစံတွေပျောက်ပြီး ဆင်မနဲ့ကာမဂုဏ် ခံစားနိုင်ဖို့ တောတွင်းကိုအတင်းပြေးသွားပါတော့တယ်။

ဆင်ကြီးရဲ့ ထူးခြားသောအခြေအနေကို ဆင်ထိန်း ဖြစ်သူက ထိန်းချုပ်ဖို့ကြိုးစားပေမယ့်လည်းရာဂမွှန်နေတဲ့ အတွက်ကြောင့် ဆင်ကိုကြိုးစားရင်းအောက်ကိုပြုတ်ကျသွား ပါတယ်။

ဒီတော့

ဆင်ကြီးရဲ့အပေါ်မှာ ဘုရင်ကြီးသာပါသွားပါတော့ တယ်။

တောအတွင်းရောက်လာတော့ သစ်ပင်တွေကထူ ထပ်လာတော့ ဆင်ကြီးရဲ့ပြေးအားဟာ သစ်ကိုင်းတွေ ကြောင့် တဖြည်းဖြည်းနှေးကွေးလာပါတယ်။

"ဒီအတိုင်းပါသွားလို့ ဆင်မတွေနဲ့တွေ့ရင်မလွယ် ဘူး"

ဟုဘုရင်ကြီးက တွေးမိတာကြောင့် ဆင်ကြီးရေသ ဖန်းပင်အောက်က ဖြတ်အသွားမှာတော့ ရေသဖန်းပင်ကိုင်း ကို ဆွဲပြီးနေခဲ့ပါတယ်။

ဘုရင်ကြီးရဲ့အနောက်ကို လိုက်လာတဲ့မှူးမတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့တော့ ဘုရင်ကြီးလည်း နန်းတွင်းကို ပြန်ရောက်လာပါတယ်။ နန်းတွင်းရောက်တဲ့အခါ ဆင်ဆရာကိုခေါ်ပြီး

"ဘယ်လိုလဲ ဆင်ထိန်းသင်ပြောတဲ့ ယဥ်ကျေးပါတယ်ဆိုတဲ့ ဆင်က လုပ်လိုက်တာ ငါတောင်ကံကောင်းလို့မသေတာ ဘယ်လိုဖြစ်တာလဲကွ"

"မှန်လှပါအရှင်မင်းကြီး ဒီဆင်ကြီးဟာ ယဥ်ကျေးနေ တာအမှန်ပါပဲဘုရား၊ အခုလိုဖြစ်ရတာကလည်း တခြားကြောင့်မဟုတ်ပါဘူးဘုရား၊ ဆင်မအပေါ်မှာ ကာမရာဂဖြင့် တပ်မက်သောစိတ်ကြောင့် ဖြစ်ရတာပါ။ သူ့ဆန္ဒတွေပြည့်ဝသွားရင် အဲဒီဆင်ကြီးဟာ နန်းတော်ကိုပြန်လာပါလိမ့်မယ်ဘုရား။

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်ဘုရား"

"စောင့်ကြည့်ရတာပေါ့"

ဒီလိုနဲ့

တစ်နေ့မှာတော့ ဆင်ကြီးဟာနန်းတော်အတွင်းကို တစ်ကောင်တည်း ပြန်လာပါတယ်။ ဆင်ကြီးပြန်ရောက်တော့ မင်းကြီးဟာဆင်ကြီးရဲ့နှာမောင်းကို လက်တော်နှင့် သုံးသပ်ပြီး ဆင်ဆရာကို

"ဘယ်လိုလဲဆင်ဆရာ အခုကျတော့ လိမ္မာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ဟိုကုန်းကချွန်းနှင့်ချိတ်ပြီးတအားဆွဲတာဘောင်မရှုာ၊ အဲဒီကုန်းကဘာဖြစ်တာလဲ"

"မှန်ပါတယ် အရှင်မင်းကြီး ရာဂဆိုတဲ့တရားဟာ ပကတိသောမျှန်းတွေထက် ပိုပြီးတော့ ထက်လွန်းပါတယ်။ ပကတိမီးထက်လည်းပိုမှတယ်။ ပကတိမြွေအဆိပ်ထက် လည်းပိုပြင်းထန်တယ်။ ပိုပြီးဆွဲအားကောင်းတယ်။ ဒါကြောင့်လည်း ဆင်ကြီးကို ဘယ်လိုမှထိမ်းလို့ မရတာ ပါဘုရား"

ဟုလျှောက်တင်လိုက်ပါတယ်။

ဘုရင်ကြီးဟာ 'ရာဂ'တည်းဟူသောမီးဟာလူကို သာမက တိရစ္ဆာန်တွေကိုပါ လောင်ကျွမ်းတတ်ပါသလားဟု သံဝေဂအသိဖြင့် တွေးမိသွားပါတော့တယ်။

မှတ်ချက်။ ။ဂဇပိုဒ်ယမင်းဝတ္ထုကိုမှီငြမ်းဖွဲ့ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ မိန်းမ၏အနံ့သည် ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည် သကဲ့သို့၊ ဤအတူ ယောကျ်ား၏စိတ် ကိုသိမ်းကျုံးယူငင်၍ တည်သောအခြား တစ်ခုသော အနံ့ကို မျှလည်းငါ မမြင်"

"ရဟန်းတို့ ယောကျ်ား၏အနံ့သည် မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍ တည်သကဲ့သို့ ထို့အတူမိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတစ်ခုသော အနံ့ကိုမျှလည်း ငါမမြင်"

(အင်္ဂုတ္တရ၊ ဧကနိပါတ်)

www.burmeseclassic.com

www.burmeseclassic.com



## လက်မထပ်ဘဲအတူနေခြင်းနှင့်ပတ်သက်၍

တစ်ချိန်ချိန်လက်ထပ်ကြမည်ဟု ယူဆသော ကြောင့် လက်မထပ်ဘဲအတူနေထိုင်ကြသူအချို့ အကြောင်း အမျိုးမျိုး ကြောင့်လက်မထပ်ဖြစ်ခဲ့ပါက အမျိုးသမီးများသာ နစ်နာကြရကြောင်း အသက်(၂၆)နှစ်ရှိ မပပက ၎င်း၏ အမြင်ကိုရှင်းပြသည်။

"ကံကိုယုံပြီး ဆူးပုံနင်းတာပဲ။ အနာဂတ်ကို ကိုယ်မှ မပိုင်တာ။ တစ်ခုခုဆို မိန်းကလေးကအရင် နစ်နာတာ"

ဟု၎င်းက ဆက်လက်ပြောဆိုသည်။

ထိုသို့အတူနေထိုင်ပြီး လက်မထပ်ဖြစ်ခဲ့လျှင် အမျိုး သမီးများတွင်သာမက အမျိုးသားများတွင်လည်း နစ်နာမှု များရှိကြောင်း၊ အမျိုးသမီးကို ဥပဒေအရလည်း အတော် အကွယ် ပေးထားသေးကြောင်း ကိုဝေယံကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ မယူဖြစ်ခဲ့ရင် အပေါင်းအသင်းတွေကြားထဲမှာ မိန်းမတစ်ယောက်ကို အတည်မယူနိုင်ဘဲအပျော်ကြံတယ်ဆိုပြီး နာမည်ပျက်တယ်။ ပတ်ဝန်းကျင်မှာ လူကြီးလူကောင်းလိုနေတတ်တဲ့သူဆို ပိုဆိုးတယ်"

ဟုအသက်(၂၄)နှစ်အရွယ် ကိုကျော်စွာ (အမည်လွှဲ) က ၎င်း၏အမြင်ကို ပြောဆိုသည်။

လက်မထပ်ဘဲအတူနေကြခြင်းဖြင့် အရွယ်မတိုင်ခင်ကိုယ်ဝန်ဆောင်ခြင်း၊ အရွယ်မတိုင်ခင် ကလေးမွေးဖွားခြင်း၊ ကာလသားရောဂါကူးစက်ခံရခြင်းတို့ဖြစ်ပွားနိုင်သည်။ ထိုသို့ ကိုယ်ဝန်ရှိလာမှ လက်ထပ်၍ပြင်ဆင်ကြသဖြင့် လိုအပ်ချက်တွေ များပြားကာ အိမ်ထောင်ဦးကာလမှာပင် အဆင်မပြေမှုများနှင့် တွေ့ကြုံကြရတော့ကြောင်း မပပက ဆိုသည်။

ထိုကဲ့သို့ လက်မထပ်နိုင်သူများသည် ရရှိလာသော ကိုယ်ဝန်ကို ဖျက်ချကြခြင်းကြောင့် အခြားသောရောဂါများဝင်လာနိုင်သည့်အပြင် အခန့်မသင့်ပါက မိခင်ပါအသက်ဆုံးရှုံးနိုင်သည်။

အခြေခံကျောင်းသင် 'အတွက်တာကျွမ်းကျင်စရာ' ဘာသာရပ်တွင် မိန်းကလေးများတရားဝင်အိမ်ထောင်မပြုမီ မိမိ၏အပျိုစင်ဘဝကို ထိန်းသိမ်းကြရန် ဆရာ/မများက



www.burmeseclassic.com

www.burmeseclassic.com



သွန်သင်ဆုံးမသင်ကြားလေ့ရှိကြောင်း အငြိမ်းစားကျောင်းဆရာမတစ်ဦးက ပြောပြသည်။

"အမေရိကမှာတောင် မိန်းကလေးတွေကအရင်ကတက်ပိုပြီး သူတို့ရဲ့အပျိုစင်ဘဝကို ထိန်းသိမ်းလာတယ်လို့ဖတ်လိုက်ရတယ်"

ဒီ(မြန်မာပြည်)မှာဆိုရင်တော့ ပိုပြီးထိန်းသိမ်းသင့်ပါတယ်။

ဟု မခိုင်လေးက ပြောဆိုသည်။

လက်မထပ်ဘဲ အတူနေထိုင်ခြင်းသည် ဗုဒ္ဓဘာသာအရ ကံငါးပါးထဲမှ တစ်ခုဖြစ်သောကာမေသုမိစ္ဆာစာရကံကိုချိုးဖောက်ခြင်းဖြစ်ပြီး ကိုယ်ဝန်ဖျက်ချခြင်းသည်လည်းပါဏာတိပါတကံကို ကျူးလွန်ရာရောက်ကြောင်း အငြိမ်းစား ကျောင်းဆရာမတစ်ဦးကဆိုသည်။

"မလေ့ထုံးစံအရ မိန်းကလေးတွေဟာ အိမ်ထောင်မကျမခြင်း မိဘဆွေမျိုးတွေရဲ့ အုပ်ထိန်းမှုအောက်ကမလွတ်ဘူး။ ဒါကိုအဲဒီလိုလက်မထပ်ဘဲအတူနေမယ်ဆိုရင် ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးတာပဲ။

ဟု ၎င်းဆက်လက်ပြောကြားသည်။

လက်မထပ်ဘဲ အတူနေထိုင်ပါက အမျိုးသမီးများဘက်မှ နစ်နာဆုံးရှုံးမှုရှိသကဲ့သို့ အမျိုးသားများဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



လည်းပြဿနာတစ်ခုံတစ်ရာဖြစ်လာပါက တရားဥပဒေပိုင်း ဆိုင်ရာအရ တရားစွဲခံရခြင်းများဖြစ်လာနိုင်ပါသည်။

ထိုသို့အတူနေပြီး လက်မထပ်ဖြစ်ကြပါက အမျိုးသမီးများသည် အမျိုးသားများကို တရားစွဲဆိုခွင့်ရှိကြောင်း၊ အရွယ်မရောက်သေးသူဖြစ်ပါက ပုဒ်မ(၂၆၆)အရ မိဘ သို့မဟုတ် အုပ်ထိန်းသူကတရားလိုပြုလုပ်၍ တရားစွဲဆိုနိုင်ကြောင်း၊ အရွယ်ရောက်ပြီးဖြစ်ပါက ပုဒ်မ(၄၁၇)လိမ်လည်ပြီး ကာမရယူမှုဖြင့် တရားစွဲဆိုနိုင်ကြောင်း ဥပဒေအကျိုးဆောင် တစ်ဦးကရှင်းပြသည်။

ယခုခေတ်ကဲ့သို့ ခေတ်မီမြန်ဆန်နေသော ခေတ်ကြီးတွင် စားဝတ်နေရေးကြောင့်သော်လည်းကောင်း၊ မိသားစု အရေးကိစ္စများကြောင့်သော်လည်းကောင်း၊ လက်မထပ်ဘဲအတူနေထိုင်လျက်ရှိကြသည်။

သို့သော်

မြန်မာ့ဓလေ့ထုံးတမ်းအရတွင်မူ ထိုသို့နေထိုင်ခြင်းကို အားမပေးပေ။ ထို့ကြောင့် လူငယ်များအနေဖြင့်လည်း အတတ်နိုင်ဆုံးလက်ထပ်ပြီးမှသာ အတူနေသင့်ကြပေသည်။

(သီရို)

(ချစ်သူတို့ချစ်ကြရာဝယ်ဆောင်းပါးမှ)



www.burmeseclassic.com

www.burmeseclassic.com



“ကာမရောဂါ၊
ကိုယ်တွင်းနာကား၊
ကုရာနတ္ထိ၊
ဆေးမရှိရှာ၊
မိမိပညာ၊
သတိသာလျှင်၊
မဟာဩသဓ၊
ဆေးမည်စွရှင့်”

www.burmeseclassic.com

www.burmeseclassic.com



## ကာမေသုမိစ္ဆာစာရကံအပွင့်

ငါတိယဆောက်တည်ရမည့်သိက္ခာပုဒ်မှာ "ကာမေသုမိစ္ဆာစာရဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ" ဟုဆိုပြီး ဆောက်တည်ရမည့် သိက္ခာပုဒ်ဖြစ်သည်။ မြန်မာပြန်အဓိပ္ပါယ်မှာ "မေထုန်အကျင့်(ဝါ)မေထုန်ဝတ္ထုတို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်တို့မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ဖြစ်၏။

(ကာမေသု = မေထုန်အကျင့်(ဝါ)မေထုန်ဝတ္ထုတို့၌၊
မိစ္ဆာစာရာ = တကယ်ကဲ့ရဲ့ထိုက်စွာယုတ်မာသော
အကျင့်)

မေထုန်အကျင့်ဆိုသည်မှာ မိန်းမယောကျ်ားနှစ်ဦးသားတို့ပျော်ပါးရွှင်မြူးကြည်နူးပေါင်းဖက်စပ်ယှက်ခြင်းပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ပေါင်းဖက်စပ်ယှက်မှုမပြုဘဲစင်စစ်ကြဉ်ကြဉ်နေနိုင်ကြမည်ဆိုလျှင် မြတ်သည့်အကျင့်(ဗြဟ္မစရိယ) ဖြစ်၍အလွန်ကောင်းပါ၏။

အကယ်၍ မနေနိုင်ကြသဖြင့် ပေါင်းဖက်စပ်ယှက်ကြမည်ဆိုလျှင်လည်း ကိုယ်ပိုင်ဇနီးမောင်နှံအချင်းချင်းပဲ မွေ့လျော်တင်းတိမ်ရောင့်ရဲသင့်ကြပါ၏။ ယောကျ်ားတို့အဖို့မိမိပိုင်ဇနီးမယားနှင့်ပျော်ပါးခြင်း၊ မိန်းမတို့အဖို့ မိမိ၏ကာမပိုင်လင်ယောကျ်ားများနှင့် ပျော်ပါးခြင်း၊ မိန်းမတို့အဖို့ မိမိ၏ကာမပိုင်ယောကျ်ားများနှင့် ပျော်ပါးခြင်းတို့ကာ လောကအလိုက် မကျဲ့ရဲ့ထိုက်သဖြင့် ယုတ်မာသည်ဟု မဆိုသာ၍ ကာမေသုမိစ္ဆာစာရမဖြစ်။

မိမိဇနီးမောင်နှံမှတစ်ပါး မဆိုင်ရာလူများနှင့် ပျော်ပါးခြင်းတို့ကား လောကအလိုက်ကဲ့ရဲ့ထိုက်၍ ယုတ်မာသော အကျင့်တို့ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရကံထိုက်သည်။

ဤနေရာ၌ 'မဆိုင်ရာလူများ' ဆိုသည်မှာ မိဘစသည်တို့ထိန်းသိမ်းစောင့်ရှောက်မှုရှိသည့် အမျိုးသမီးများနှင့်လူများ ပိုင်ဇနီးမယားတို့ဖြစ်သည်။

ထိုအမျိုးသမီးသဘောတူတူ၊ မတူတူ ပေါင်းသင်းဆက်ဆံသည့်ယောကျ်ားများမှာ ထိုက်ထိုက်သည်ဟုဆိုလို

www.burmeseclassic.com



ပေသည်။ အမှန်အားဖြင့်ယုတ်မာသော အလိုသဘောဖြင့် မသွားမလာထိုက်သောမိန်းမတို့၌ လွန်ကျူးကြောင်း ကာယကံစေတနာ ကာမေသုမိစ္ဆာစာရမည်၏။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ(၄)ပါး

ဤကာမေသုမိစ္ဆာစာရကံ၌ ကမ္မပထမြောက်သည့် အင်္ဂါ(၄)ပါးရှိ၏။ ဤအင်္ဂါ(၄)ပါးတို့မှာ–

(၁) မသွားလာထိုက်သော မိန်းမဆိုသည့် အဂမနီယ ဝတ္ထုဖြစ်ခြင်း။

(၂) ထိုဝတ္ထု၌ မှီဝဲပေါင်းသင်းဆက်ဆံလိုသည့် စိတ်ရှိခြင်း။

(၃) မှီဝဲမှုလုံ့လပယောဂပြုခြင်း။

(၄) မှီဝဲပေါင်းသင်းဆက်ဆံရာ၌ သာယာခြင်း။

တို့ဖြစ်၏။ ဤအင်္ဂါလေးပါးမညီလျှင် ကမ္မပထ မမြောက်ဘဲအလေးပါးညီမှသာလျှင် ကမ္မပထမြောက်၏။

www.burmeseclassic.com

www.burmeseclassic.com



အဂမနီယဝတ္ထု(၂၀)

(၁) အဂါ်အရ မသွားမလာထိုက်သော (အဂမနီယဝတ္ထု)အမျိုးသမီးပေါင်း(၂၀)ရှိ၏။ ထိုအဂမနီယ ဝတ္ထု(၂၀) တို့မှာ-

(၁) ဖခင်သော်၍ဖြစ်စေ၊ ကွဲ၍ဖြစ်စေ၊ မိခင်ချည်း စောင့်ရှောက်ထားသောမိန်းမ။(မာတုရက္ခိတာ)

(၂) ဖခင်စောင့်ရှောက်ထားသောမိန်းမ။(ပိတုရက္ခိတာ)

(၃) မိဘနှစ်ပါးလုံး စောင့်ရှောက်ထားသောမိန်းမ။ (မာတာပိတုရက္ခိတာ)

(၄) မောင်၊ အစ်ကိုအရင်းက စောင့်ရှောက်ထား သော မိန်းမ။ (ဘာတုရက္ခိတာ)

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၅) အစ်မ၊ ညီမတို့စောင့်ရှောက်ထားသောမိန်းမ။ (ဘဂိနီရက္ခိတာ)

(၆) ဝမ်းကွဲဆွေမျိုးက စောင့်ရှောက်ထားသော မိန်းမ။ (ဉာတိရက္ခိတာ)

(၇) အနွယ်တူသူ လူတို့က စောင့်ရှောက်ထားသော မိန်းမ။ (ဂေါတ္တရက္ခိတာ)အမ်ိနွယ်၌သာ အနွယ်ရှိ၏။ မြန်မာနိုင်ငံ၌ အနွယ်မရှိ။ လူမျိုးသာရှိ၏။ ထို့ကြောင့် စောင့်ရှောက်မည့်သူ မရှိ၍ ကရင်လူမျိုးက စောင့်ရှောက်ထားသော ကရင်မိန်းမ၊ ရှမ်းလူမျိုးကစောင့်ရှောက်ထားသော ရှမ်းမိန်းမစသည်တို့မှာ အနွယ်တူသူတို့က စောင့်ရှောက်ထားသော မိန်းမငယ်ဖြစ်သည်။

(၈) အတူတရားကျင့်ဖော်ဖြစ်သူတို့က စောင့်ရှောက်ထားသောမိန်းမ။ (ဓမ္မရက္ခိတာ) ယခုကာလမိဘစသည်တို့နှင့် ခွဲ၍သီလရှင်ရသေ့မစသည်ပြုလုပ်နေသူများသည်လည်း ဓမ္မရက္ခိတာပင်ဖြစ်သည်။

(ဤအမှတ်စဉ်(၈)မျိုးရှိသော မိန်းမတို့သည် ကာမပိုင်ယောကျ်ားမရှိသေးသော အပျိုမိန်းကလေးများ ဖြစ်ကြသည်။)

(၉) အစောင့်အရှောက်ရှိသောမိန်းမ။(သာရက္ခာ) အရွယ်မရောက်မီကပင် မယားပြုလုပ်ရန် တရှေးပင်

www.burmeseclassic.com

www.burmeseclassic.com



ဖေါင်းရှမ်းသတ်မှတ်ထားသော မိန်းမမျိုးဖြစ်သည်။ ဤအစဉ်အလာသည် အိန္ဒိယနိုင်ငံ၌ ရှိ၏။ မြန်မာနိုင်ငံ၌ လက်ထပ် ထိမ်းမြားခြင်းမပြုရသေးသော်လည်း စေ့စပ်ကြောင်းလမ်း ထားပြီးသောမိန်းမမျိုးကို အစောင့်အရှောက်ရှိသောမိန်းမ ဖြစ်၏။

(၁၀) မင်းပြစ်မင်းဒဏ်မကင်းသောမိန်းမ။ (သပရိဒဏ္ဍာ) မင်းစသော အာဏာပိုင်တို့က မိမိကိုယ်တိုင်သိမ်းပိုက်မည်ဖြစ်၍ သွားလာသူတို့အား အပြစ်ဒဏ်ပေးမည်ဟု အမိန့်ထုတ်ထားတတ်ကြ၏။ ထိုမိန်းမမျိုးကိုသာ မင်းပြစ်မင်းဒဏ်မ ကင်းသောမိန်းမဟုဆိုလို၏။

(၁၁) ဥစ္စာဖြင့် ဝယ်ယူထားသောမယား။ (ဓနက္ကီတာ) ကြွေးပြန်မဆပ်နိုင်သဖြင့် အသိမ်းခံရသောမိန်းမမျိုးတို့ ပါဝင်၏။

(၁၂) သူ၏မယားဖြစ်ဖို့ရန် သဘောတူသဖြင့် ယောကျ်ားအိမ်သို့သွားရောက်နေထိုင်သောမယား။ (ဆန္ဒဝါသိနီ) မိဘအသည်တို့က သဘောမတူ၍ နှစ်ဦးသဘောတူလွက် ပြေးပေါင်းသင်းနေထိုင်သောမယားမျိုးဖြစ်သည်။

(၁၃) ဆင်းရဲလှသဖြင့် မောင်း၊ ကျည်ပွေ့စသော အိမ်အသုံးအဆောင်ပေးသူယောကျ်ားထံ မယားအဖြစ်ခံယူသော မိန်းမ။ (ဘောဂဝါသိနီ)

www.burmeseclassic.com

www.burmeseclassic.com



(၁၄) အဝတ်အစား၊ ထဘီအသော အဝတ်တန်ဆာ ပေးသူယောကျ်ား၏မယားအဖြစ်ခံယူသောမိန်းမ။(ပဋဝါသိနီ)

(၁၅) ရေခွက်၌ လက်ဆုံချ၍ထိမ်းမြားထားသောမယား။(ဩဒပတ္တသိနီ)

ရေခွက်၌ နှစ်ယောက်စလုံး၏လက်ကိုချစေပြီး "ဤရေခွက်၌ ရေသည်မကွဲမပြားဘစ်သားတည်းတည်နေသကဲ့သို့ သင်တို့ဇနီးမောင်နှံလည်း မကွဲမပြားတည်နေကြပါစေ" ဟုလူကြီးများက ပြောဆိုထိမ်းမြားပေးသောမယားတည်း။

(၁၆) ချအပ်သောခေါင်းခုရှိသောမယား။ (ဩဘဋစုမ္ဗဋာ)

ဦးခေါင်းပေါ် ခေါင်းခုတင်ပြီး ထင်းစသည်ရောင်း၍ အသက်မွေးရသည့်ဆင်းရဲသူမကလေးကိုအချို့က မယားအဖြစ် အတည်ယူလိုက်သောအခါ ထမ်းရွက်ပြီးမရောင်းရတော့ပြီဖြစ်၍ ခေါင်းပေါ်က ခေါင်းခုကျသွားသောအမျိုးသမီး ဖြစ်သည်။

(၁၇) ကျွန်မကိုပင် ယူထားသောမယား။(ဩဘဋစုမ္ဗဋာ)

(၁၈) အစေခံမယား။ (ကမ္မကာရီ)

www.burmeseclassic.com

မင်းလက်ျာမေ

www.burmeseclassic.com



အိမ်မှာခိုင်းထားသည့် ကလေးမကိုမယားအဖြစ်ယူထားသည့် မိန်းကလေးဖြစ်သည်။

(၁၉) စစ်နိုင်သဖြင့် သုံ့ပန်းအဖြစ်သိမ်းပိုင်ထားသော မယား။(ဓဇာဟဋာ)

(၂၀) အခကြေးငွေပေး၍ ခဏခေတ္တမျှ ပေါင်းဖော်သောပြည့်တန်ဆာကဲ့သို့သော မယားမျိုး(မုဟုတ္တိကာ)တို့ဖြစ်ကြသည်။

မင်းလေးတိုင်းချစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားများနှင့်ကာမေသုမိစ္ဆာစာရကံ

ဤဖော်ပြခဲ့သော မသွားမလာကိုက်သည့် အမျိုးသမီး (အဂမနီယဝတ္ထု)နှစ်ဆယ်လုံးသည် ယောက်ျားများနှင့် သက်ဆိုင်သည်။ ယောက်ျားများသည် ထိုအမျိုးသမီးနှစ်ဆယ်အနက် မည်သည့်အမျိုးသမီးကိုမျှ အမျိုးသမီးက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပေါင်းဖက်စပ်ယှက်မှုမပြုရချေ။

ထိုအမျိုးသမီးတစ်ဦးဦးကို ပေါင်းဖက်စပ်ယှက်မှုပြုလျှင်ကာမေသုမိစ္ဆာစာရကံထိုက်တော့သည်။

အကြောင်းမှာ "သူတစ်ပါးတို့လုံခြုံစွာစောင့်ရှောက်တားမြစ်ထား၍ မိမိပိုင်ဥစ္စာမဟုတ်သောကြောင့်ဖြစ်သည်"ဟု ဝိမတိဝိနောဒနီဋီကာ၌ ဖွင့်ဆိုထား၏။ ထို့ကြောင့် "မိန်းမနှစ် ကျိုပ်ပျော်ကြောင်းသိပ်သည်း၊ မအိပ်လေရာ"ဟု ရှေးဆရာ တို့ဆုံးမခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့သည့် မိန်းမနှစ်ကိုယ်အနက် နောက်ဆုံးနှစ်ဆက်မြောက်ဖြစ်သည့် မုဟုတ္တိကာမယားဆိုသည်မှာ အတည်အမြဲမဟုတ်ဘဲ ရက်အနည်းငယ်မျှ တစ်ညမျှ တစ်ခဏမျှ ဥစ္စာ အခကြေးငွေပေးပြီးပေါင်းသင်းဆက်ဆံသည့် ပြည့်တန်ဆာကဲ့သို့သော ခေတ္တမယားမျိုးဖြစ်၏။

ထိုခေတ္တမယားမျိုးကို ရက်ပိုင်းညပိုင်းနှင့် အခကြေးငွေပေးကာ မယားပြုနေသူရှိခနစဉ်အတွင်း ကြားပေါက်ဝင် ရောက်ကျူးလွန်ခဲ့လျှင် ဤကံထိုက်သည်။ မယားပြုသူမရှိဘဲအားနေသည့်ပြည့်တန်ဆာမ မျိုးကိုမိန်းမ ထိန်းထံ အခကြေး ငွေပေးပြီးပျော်ပါးသူများမှာကံမထိုက်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ထား၏။

ရှုနေသည့်အမျိုးသမီးများနှင့် ပတ်သက်၍မိဘသည်တို့အုပ်ထိန်းမှုရှိနေသေးသည့်အရွယ်အမျိုးသမီးကိုပေါင်းသင်းဆက်ဆံလျှင် အမျိုးသားမှာကံထိုက်သည်။ အုပ်ထိန်းသူမရှိလျှင်ကံမထိုက်ဟု အဆုံးအဖြတ်ရှိပေသည်။

အလိုဆန္ဒတူမျှ၍ ပေါင်းသင်းနေထိုင်သောမယား (ဆန္ဒဝါသိနီ)နှင့် ပတ်သက်၍ နှစ်ဦးသဘောတူချစ်ကြိုက်နေကြသောအမျိုးသမီးကို ရည်စားဘာဖြင့် ပေါင်းသင်းဆက်ဆံလျှင် မိန်းကလေးက သဘောတူသော်လည်း မိဘသည် စောင့်ထိန်းသူများရှိနေသောကြောင်း ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာကံထိုက်၏။

မိန်းကလေးက ဆန္ဒတူသဖြင့် ထွက်ပြေးပြီးပေါင်း သင်းနေထိုင်ကြရာ၌မှု မိဘတို့သဘောမတူစေကာမူ 'ဆန္ဒဝါ သိနီ'မယားအရာမြောက်သောကြောင့်ကံမထိုက်ပါချေ။

မင်းလက်ရိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမများနှင့်ကာမမေသုမိစ္ဆာစာရင်း

ယောကျာ်းများမသွားမလာထိုက်သောမိန်းမ (အဂမနီယဝတ္ထု)နှစ်ဆယ်တွင် မိခင်စောင့်ရှောက်ထားသည့် မိန်းမမှစ၍တရားအတူကျင့်ဖက်တို့စောင့်ရှောက်ထားသူမိန်းမအထိ (၈)ယောက်တို့ကား ကာမပိုင်လင်ယောကျာ်းများ မရှိသေးသောအပျိုမိန်းကလေးများ ဖြစ်ကြသည်။

ထိုအပျိုမိန်းမကလေးများကို စောင့်ရှောက်နေကြသည့် အမိ၊ အဖ၊ ညီ၊ အစ်မ၊ မောင်ကြီး၊ မောင်ငယ်စသည်တို့မှာ ယောကျာ်းတစ်ပါးတို့နှင့် မှောက်မှောက်မှားမှား မဖြစ်မှားရန် ကာကွယ်စောင့်ရှောက်ရသည့် တာဝန်သာ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပျို(၈)မျိုးတို့၏ ဖောက္ခပ္ပာရုံကာမတွေ့အထိကို ပိုင်ဆိုင်သူများလည်း မဟုတ်၊ ထိုကာမအတွေ့အထိကို ခံစားဖို့ စောင့်ရှောက်ကြသည်လည်း မဟုတ်၍ ထိုအပျို(၈) မျိုးတို့သည် မိမိတို့ ကာမအတွေ့ကို မိမိတို့သာ ပိုင်ဆိုင်ကြရကား ကာမပိုင်ဆိုင်သူမရှိကြသောကြောင့် "အသာမိက" များဖြစ်ကြသည်။

တို့ကြောင့် ထိုအပျို(၈)မျိုးတို့သည် မိမိတို့ပိုင်ဆိုင်သောကာမအတွေ့အထိကို မိမိတို့ သဘောဆန္ဒအတိုင်း ပေးပိုင်ခွင့်ရှိ၍ ယောကျ်ားတစ်ဦးဦးနှင့် ပေါင်းသင်းဆက်ဆံရာ၌ ထိုအပျို(၈)မျိုးတို့ကား ကာမေသုမိစ္ဆာစာရကံ မထိုက်ချေ။

သို့ရာတွင်

အပျိုများနှင့်ပေါင်းသင်းဆက်ဆံသူ ယောကျ်ားတို့မှာကား အမိ၊ အဖစသည်တို့က စောင့်ရှောက်ထား သူကလေးများဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရကံ ထိုက်ကြသည်ဟု "ဝိပတ္တိနောဒနီဋီကာ"စသည်တို့၌ မိန့်ဆိုထား၏။ ဤသည်မှာ အပျိုမိန်းကလေးများကာမေသုမိစ္ဆာစာရကံ မထိုက်ပုံဖြစ်၏။

အမှတ်(၉)မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမမှ စ၍ အမှတ်(၂၀) ခဏခေတ္တပေါင်းသင်းရသော ပြည့်တန်



www.burmeseclassic.com

www.burmeseclassic.com



ဆာကဲ့သို့သော မယား(၁၂)ယောက်တို့ကား မိမိတို့ကာမ အတွေ့ကို ပိုင်ဆိုင်သည့်လင်ယောကျ်ားများ အသီးသီးရှိကြပြီးဖြစ်ပါသည်။

မင်းပြစ်မင်းဒဏ်မကာင်းသော မိန်းမနှင့်အစောင့်အရှောက်ရှိသောမိန်းမနှစ်မျိုးတို့မှာ ကာမပိုင်လင်ယောကျ်ားအထင်အရှားမရှိသေးသော်လည်း မယားအဖြစ်သိမ်းပိုက်ရန် ရည်ရွယ်ထားပြီးဖြစ်၍ မယားမျိုးတွင် ပါဝင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့်

ထိုမယား(၁၂)မျိုးတို့သည် မိမိပိုင်လင်ယောကျ်ားတို့နှင့်သာဆက်ဆံပေါင်းသင်းပျော်ပါးခြင်း အခွင့်ရှိကြသည်။ အခြားယောကျ်ားများနှင့် လွန်ကျူးပျော်ပါးလျှင် မိမိယောကျ်ား ပိုင်သောကာမအတွေ့အထိကို ခိုးယူရာ ရောက်သောကြောင့် ပျော်ပါးကြသူ မိန်းမယောကျ်ားနှစ်ဦးသားလုံး ကာမေသုမိစ္ဆာစာရကံထိုက်ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ မန်လည်ဆရာတော်ဘုရားကြီးက ပဟေဠိဆန်ဆန်မေးမြန်းလျှောက်ထားသည်ကို မင်းကွန်းအလယ်တော်ရဆရာတော်ကြီးဖြေဆိုထားပုံမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## မန်လည်ဆရာတော်အမေးများ

(၁) ကိုယ့်ဟာကိုကိုယ်ပေးလျက်၊ လေးပါယ်ဝကျူ သူ၊ ဘယ်လူတို့လေသိ။

(၂) ကိုယ့်ဟာကိုကိုယ်ခိုးလို့၊ အကျိုးမဲ့အပါယ်ဝင်၊ အကယ်ပင်မလွဲ၊ သည်းအရာ၊ ဘယ်ပုဂ္ဂိုလ် ဘယ်စေတနာနှင့် ဘယ်ဟာကိုဘယ့်နှယ် ခိုးသာမို့၊ ဆိုးရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



## မင်းကုန်းဆရာတော်အဖြေများ

(၁) ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝ ကျသူ၊ ဤသူတို့ပင်ပဲ၊ ဆန်းတစ်ဖြာ၊ တစ်ခန်းငယ် တစ်ပုံ သာပ၊ ကျမ်း ဂန်လာအိမ်ရှင်မတို့မှာ ထူးနိုင်မျှနဲ့။

(၂) ကိုယ့်ဟာကို ကိုယ်ခိုးလို့ အကျိုးမဲ့အပါယ်ဝင်၊ အကာယ်ပင်မလွဲ၊ သည်နည်းတွင် သည်အိမ်ရှင်၊ ဟိုစေတနာ နှင့်၊ ဟိုဟာကိုတိတ်တိတ်ခိုးသာလို့ ဆိုးရသပဲ။

လင်ရှိသော အိမ်ရှင်မတို့သည် ကိုယ့်ကာမ ကိုယ့်ဖ သာကို မိမိလင်မှတစ်ပါး အခြားသောသူအားပေးလျှင် အပါယ်သို့ ကျသည်။ ကျကြောင်းကိုလည်း နိဗ္ဗိတ္တိဝတ္ထုမှ သည်ကို ထောက်၍သိအပ်၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါရာစိကထော် အင္ဂုကထာ၊ နိဒါနဝဂ္ဂ၊ လက္ခဏာသံယုတ် အဋ္ဌကထာတို့၌ "နိဗ္ဗိဝိတ္တိဝဏ္ဏန၌ အိမ်ရှင်မတို့မည်သည့် မိမိ၏ ကာမအတွေ့ကို အစိုးမရ မပိုင်ဆိုင်ကြသောကြောင့် ထိုအိမ်ရှင်မသည် ခင်ပွန်းသည်ပိုင်ဆိုင်သော ကာမအတွေ့ကို နိုး၍အခြားယောကျ်ားတို့နှင့် ပျော်ပါးခဲ့လျှင်ကျူးလွန်ခဲ့သော ကံနှင့် သဘောတူစွာဒုက္ခအတွေ့အထိကို ခံစားရန်အတွက် အရေ မရှိသောမိန်းမဖြစ်ရသည်"ဟု မိန့်ဆိုထားကြသည် စသည်ဖြင့် ဖော်ပြထားပေသည်။

ဤမယား(၁၂)မျိုးတို့သည် လူ့စာတ်မဟုတ်သော တိရစ္ဆာန်ထီးတို့နှင့် ကျူးလွန်လျှင်လည်း မလ္လိကာမိဖုရားကြီးစသည်တို့ကဲ့သို့ ကာမေသုမိစ္ဆာစာရကံထိုက်သည်။

ပသေနဒီကောသလမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မလ္လိကာသည် တစ်နေ့တွင် ရေချိုးခန်းထဲဝင်၍ မျက်နှာသစ်ပြီးသောအခါ ရှေ့သို့ကုန်းပြီးနှာခေါင်းကိုရေဆေးနေစဉ် မိမိအလွန်ချစ်သောအိမ်မွေးခွေးကြီးက နောက်ကျောပေါ်ဟက် ၍ပေါင်းသင်းစပ်ယှက်ပြုသည်။ မိဖုရားကြီးကလည်း ထိုကာမအတွေ့ကို သာယာပြီးငြိမ်ခံနေသည်။

www.burmeseclassic.com



ထိုမလ္လီကာမိဖုရားကြီးသည်ကွယ်လွန်ခါနီးတွင် ထိုမကောင်းမှုဒုစရိုက်ကို အောက်မေ့မိသဖြင့် အဝီစိငရဲကြီးတွင် လူတို့အရေအတွက်အားဖြင့်(၇)ရက်ခံရသည်။ ခုနစ်ရက်ကျော်မှ တုသိတာနတ်ပြည်၌ ဖြစ်သည်ဟု ဓမ္မပဒအဋ္ဌကထာ၌လာ၏။

သူရိုဒတ်နဂါးမင်းကြီး ယုန်၊ ဖျံ၊ မြွေ၊ မျောက်တို့ သီလဆောက်တည်ကြကြောင်း ကျမ်းဂန်တို့၌ပါရှိသော ကြောင့် တိရစ္ဆာန်တို့မှာလည်း ငါးပါး၊ ရှစ်ပါးစသော သီလများ ရှိကြသည်ပင်ဖြစ်၏။

ထို့ကြောင့်

တိရစ္ဆာန်အချင်းချင်းသော်လည်းကောင်း၊ လူစသည်တို့၌သော်လည်းကောင်း၊ မသွားမလာအပ်သော အဂမနီယဝတ္ထု၌ သွားလာလွန်ကျူးလျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏ဟု ပရမတ္ထသံခိပ်၌ကာ၌မိန့်ဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၃)အင်္ဂါပြသသနာ

မိုဝဲမှု လုံ့လပယောဂပြုခြင်းဟူသော အမှတ်(၃) အင်္ဂါနှင့်ပတ်သက်၍ ကျမ်းဂန်များ၌အယူအဆအမျိုးမျိုးကို ပြဆိုထားသည်ကို တွေ့ရ၏။

အချို့ဆရာများက

"မိမိက ပယောဂမပြု ကြောင့်ကြမစိုက်ဘဲအိမ်ရှင်မ တစ်ယောက်ရောက်လာပြီး မိမိအပေါ်မှောက်ကာ သူကျွမ်း ကျင်တိုင်း ပယောဂနိုက်၍ ကျူးလွန်ရာတွင် သာယာ၍ မှီဝဲ လိုသော စိတ်ရှိစေကာမူ လုံ့လပယောဂမရှိသောကြောင့် ယောကျ်ားအား ကံမထိုက်ဘဲ လုံ့လပယောဂပြုသူ အမျိုး သမီး၌သာ အင်္ဂါလေးပါးညီ၍ ကံထိုက်၏"ဟု ဆိုကြ၏။ (ဘော)



www.burmeseclassic.com

www.burmeseclassic.com



အချို့ကမူ

"ဓမ္မတာအားဖြင့် ပေါင်းသင်းဆက်ဆံကြရာ၌မိန်းမတို့မှာများသောအားဖြင့် ပယောဂရှိမြဲ မဟုတ်သောကြောင့် ပယောဂကိုပမာထားမပြုသင့်။ အကယ်၍ ပယောဂ ကို ပမာဏပြုလျှင် မှီဝဲလိုသောစိတ်ရှိသော မိန်းမအား ပယောဂမရှိသောကြောင့် မိစ္ဆာစာရမဖြစ်ဟူသော အပြစ်ရောက်ပေလိမ့်မည်"။

အမှန်စင်စစ်ယောကျ်ားတို့အားသာလျှင်ပယောဂရှိမြဲဖြစ်သောကြောင့် ယောကျ်ားတို့ကို ရည်၍ အင်္ဂါလေးပါးကို ဥက္ကဋ္ဌသနည်း (အလွန်ဆိုသောနည်း)ဖြင့် အရှင်မဟာဗုဒ္ဓဃောသ မိန့်ဆိုထားခြင်းဖြစ်သည်။ မှီဝဲလိုသောလည်းပယောဂကို ပယ်၍အင်္ဂါသုံးပါးဖြင့်ပင် ကာမေသုမိစ္ဆာစာရဖြစ်နိုင်သည်ဟုဆို ကြပြန်၏။(ဇကေ)

တစ်ပါးသောဆရာတို့ကမူ နှစ်ဦးသဘောတူပေါင်းသင်းဆက်ဆံမှီဝဲသောသူတို့အား မှီဝဲသောပယောဂအင်္ဂါပင်လျှင် မှီဝဲလိုသောစိတ်ဟူသောအင်္ဂါပါဝင်ပြီးဖြစ်ရကား မှီဝဲလိုသောစိတ်ရှိခြင်းဆိုသည့် အင်္ဂါကိုပယ်၍ ကျန်အင်္ဂါသုံးပါးသင့်မြတ်၏။

ဤသို့ မိမိတို့အလိုအားဖြင့် ပေါင်းသင်းမှီဝဲသူတို့အား အင်္ဂါသုံးပါးအတင်းကျင့်ခံရ သူအား အင်္ဂါသုံးပါး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်၍ မတူသည့် အင်္ဂါရပ်ကိုဘဇယူ သော(အင်္ဂဟိတ ဂ္ဂပဏ)နည်းအားဖြင့် ထိုက်၍ အင်္ဂါလေးပါးဟု အဋ္ဌကထာ ဆရာပြုတော်မူ သည်ဟုဆိုကြသည်။(အပရေ)

ထိုအယူအဆသုံးမျိုးတွင် နောက်ဆုံးဖြစ်သည့်ဟာစ်ပါး ဆရာတို့၏အယူအဆသည်သာ မှတ်သားအပ်သည့် အယူအဆဖြစ်သည်ဟု သီလက္ခန်ဋီကာသစ်၌ သန္နိဋ္ဌာန ဝိနိစ္ဆယ ပြုထားပေသည်။

ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း

"မိဝရာ၌ လုံ့လပယောဂပြုမှုကို အများအားဖြင့် ရသင့် ရထိုက်သောကြောင့် မိန့်ဆိုထားခြင်းဖြစ်သည်။ အမှန်စင်စစ် အင်္ဂါဖြစ်သောကြောင့် မိန့်ဆိုထားခြင်း မဟုတ်ချေ။ အကယ်၍ အင်္ဂါတစ်ပါးအနေဖြင့် ယူခဲ့လျှင်မိန်းမများအား အများအားဖြင့် ပယောဂကိစ္စမရှိသောကြောင့် မိစ္ဆာစာရ ဖြစ်နိုင်ခဲ၏ဟူသော အပြစ်ဖြစ်နိုင်သည်ဟု ဆရာတို့ဆိုကြ၏"

ဟုပရမတ္ထဒီပနီခေါ်သင်္ဂြိုလ်မဟာဋီကာ၌ မိန့်ဆိုထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဤကံနှင့်စပ်၍မှတ်သားစရာပြဿနာများ

## အထင်မှားသော ယောကျ်ားမိန်းမများ

အရပ်တစ်ပါးမှ ရောက်လာသည့် လင်ရှိမိန်းမကို လွတ်လပ်သောမိန်းမဟု အထင်မှားကာ ပေါင်းသင်း ဆက်ဆံ မှုကိုပြုသောယောကျ်ားအား အဂါလေးပါးစုံသော ကြောင့် မိန်းမယောကျ်ားနှစ်ဦးသားလုံးပင် ကာမေသု မိစ္ဆာစာရကံထိုက်၏ ။

ထို့အတူ

အမိုက်အမှောင်ကျ၊ ခန်းဆောင်စတွင် အိပ်နေစဉ် မသူတော်ယောကျ်ားဝင်၍ ပြစ်မှားရာ မိမိယောကျ်ားမှတ် ထင်ပြီး သာယာငြိမ်ခံနေသောမိန်းမသည်လည်းကောင်း၊ ညအခါ မိမိ မိန်းမနှင့်အခြားမိန်းမတစ်ယောက်တို့ ယှဉ်တွဲ

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရာ အခြားမိန်းမကို မိမိမယားထင်မှတ်၍ လွန်ကျူးသောဝယောကျ်ားအားလည်းကောင်း၊ ကာမေသုမိစ္ဆာစာရကံထိုက်ကြ၏။

ဥပမာ

ရျုယဲဝင်အောင်းနေသောဆိတ်ကို သတ်မည်ဟုလာသောသူသည် ဆိတ်နေရာတွင် နေသောအမိရင်းကိုဆိတ်ထင်ပြီး သတ်မိရာ အမိသေဆုံးသွားလျှင် မာတုလာတကပါ ဏာတိပါတကံထိုက်သကဲ့သို့ သူတစ်ပါး သားမယားကို အထင်မှား၍ ကျူးလွန်ရာ၌လည်း ကမ္မပဝ အင်္ဂါမြောက်သည်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြလေ၏။

သို့သော်

နိုးယုလိုသောစိတ်မပါဘဲ အထင်မှား၍ ဖြစ်ရသောကြောင့်အပြစ်ကြီးလှမည်မထင်၊ မှန်၏။ အချို့နေရာ၌ကံထိုက်တိုင်းလည်းအပြစ်မကြီး၊ ကံမထိုက်သော်လည်းအဘိ ဓမ္မာသဘောအရစေတနာယုတ်မာလှသဖြင့် အပြစ်ကြီးလေးသောအရာများစွာ ရှိပေသည်ဟု အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီး မိန့်ဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



## သမီးကိုကျူးလွန်သောဖခင်

သမီးငယ်မှာ ဖခင်ကသာ ထိန်းသိမ်းစောင့်ရှောက်ထားသူဖြစ်၏။ ဖခင်မှတစ်ပါး အခြားမိခင်၊ မောင်ကြီး၊ မောင်ငယ်၊ အစ်မ၊ ညီမစသည်တို့တွင် တစ်ဦးတစ်ယောက်မျှ စောင့်ရှောက်ထားသူမဟုတ်၊ ထိုသမီးငယ်ကို စောင့်ရှောက်နေသူဖခင်ကပေါင်းသင်းဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ မထိုက်ချေ။

အကြောင်းမှာ ဖခင်သည် ပေါင်းသင်းဆက်ဆံချိန်၌ပင်စောင့်ရှောက်အုပ်ထိန်းခြင်းမှ ကင်းရှင်းသွား၍ ကာမနိယ ဝတ္ထုနှစ်ဆယ်မှ ကင်းလွတ်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်

စေတနာမှာ အလွန်ယုတ်မာလှသဖြင့် အဘိဓမ္မာသဘောအားဖြင့် အပြစ်မသေးသောကြောင့် ယုတ်မာသည့် တိရစ္ဆာန် ဖခင်မဖြစ်အောင် စောင့်ထိန်းကြရမည်ဖြစ်သည်။

မင်းလေတ်ရာတာ

www.burmeseclassic.com

www.burmeseclassic.com



## လူနှင့်တိရစ္ဆာန်

တိရစ္ဆာန်မရှိ အမြဲလင်ဖြစ်သော တိရိစ္ဆာန်ထီးရှိနေလျှင် သော်လည်းကောင်း၊ နဂါးစသည်တို့ကဲ့သို့ ဆိုင်ရာမိဘက စောင့်ရှောက်ထားလျှင် သော်လည်းကောင်း လူယောကျ်ားတို့ ပေါင်းသင်းဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရဖြစ်၏။

ထိုကဲ့သို့ စောင့်ရှောက်သူမရှိလျှင် ကံမထိုက်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ား ယောကျ်ားချင်း

ယောကျ်ား၊ ယောကျ်ားချင်း ဝစ္စမဂ်(စဟို)မုစ်မဂ်(ပါးစပ်)တို့၌ မေထုန်မှုကို ပြုခြင်းသည် မသွားမလာထိုက်သောမိန်းမနှစ်ကျိပ်(အာဂန္တုယဝတ္ထု)တွင် မပါဝင်သောကြောင့် ကာမေသုမိစ္ဆာစာရကံမထိုက်ဟု ဆရာတော်ကြီးများဆုံးဖြတ်ကြ၏။

ဆရာတော်ကြီးများက သုတ်ပါဠိထေယျအဋ္ဌကထာ စတ္တဝတ္ထိသုတ်အဖွင့်၌

"ယောကျ်ားယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း၊ မေထုန်မှီဝဲမှုကို ကာမေသုမိစ္ဆာစာရကံထိုက်သည်ဟု မပြဆို။ မှားသော မိစ္ဆာဓမ္မမျှသာဖြစ်သည်"

ဟုပြဆိုတော်မူသည်ကိုလည်း အထောက်အထားသာဓကပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သူများလင်ခိုးသောမိန်းမ

သူများလင်ကိုခိုးယူသောမိန်းမသည် ကာမပိုင်လင်ရှိမိန်းမဖြစ်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏။ အပျိုဖြစ်လျှင် သူများလင်ကိုပဲ ခိုးခိုး၊ လူပျိုကိုပဲခိုးခိုး ကာမေသုမိစ္ဆာစာရကံ မထိုက်ဟု ကျမ်းဂန်နှင့်အညီ ဆုံးဖြတ်ကြ၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အပြစ်ကြီးငယ် အသွယ်သွယ်

ဤကံ၌အပြစ်ကြီးငယ်ကွာခြားပုံမှာ ပေါင်းသင်းဆက်ဆံမှု(ဝါ) ကျူးလွန်ပြစ်မှားမှုကို ခံရသူတို့ သီလရှိ မရှိကိုလိုက်ပြီးကွာခြားခြင်းဖြစ်၏။

သီလမရှိသူကို ကျူးလွန်သည်ထက် သီလရှိသူကို ကျူးလွန်ခြင်းက ပို၍အပြစ်ကြီးသည်။ ဂုဏ်မရှိချင်းတူသော်လည်း သဘောမတူသူကို နိုင်ထက်ကလူနှိပ်စက်ပြုမူ၍ကျင့်သောသူအားအပြစ်ကြီး၏။ နှစ်ယောက် အလိုဆန္ဒတူမျှရာ၌ အပြစ်နည်း၏ဟု အဋ္ဌသာလိနီစသော အဋ္ဌကထာများ၌ ပြဆို ထား၏။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ကား ကာမေသုမေ

www.burmeseclassic.com

ခင်းလတ်မှာစာပေ

www.burmeseclassic.com



စ္ဆာစာရသည် သီလမရှိသော မိန်းမ၌ကျူးလွန်ခြင်းသည် အပြစ်နည်း၏။ ထိုသီလမရှိသူကို လွန်ကျူးခြင်းထက် နွားကဲ့သို့စိတ်သဘောထားကောင်းသော မိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက်သရဏဂုံတည်သော မိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက်ငါးပါးသီလရှိ သောမိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။

ထို့ထက် သာမဏေမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက်ပုထုဇဉ်ရဟန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက်သောတာပန်မိန်းမ၊ ထို့ထက်သကဒါဂါမ်မိန်းမ၊ ထို့ထက်အနာဂါမ်မိ မိန်းမတို့ထက် ရဟန္တာထေရီမကို လွန်ကျူးခြင်းက (တစ်ဆင့်ထက်တစ်ဆင့်)ပို၍အပြစ်ကြီးသည်ဟု အသေးစိတ်ဖွင့်ဆိုထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နန္ဒလှလင်နှင့်ဥပ္ပလဝဏ်ထေရီမ

ဤနေရာ၌ ရဟန္တာထေရီမကို ကျူးလွန်ရာ၌ အပြစ်ကြီးပုံကို သာကေဆောင်ပြပါဦးမည်။

ဥပ္ပလဝဏ်ကား သာဝတ္ထိမြို့သူ၊ သူဋ္ဌေးသမီးတစ်ဦးဖြစ်သည်။ ကမ္ဘာတစ်သိန်း ကာလကပင်ဖြည့်ခဲ့သည့် ပါရမီရှိ၍ဆုတောင်းပြည့် သူဖြစ်၏။ ထိုသူဋ္ဌေးသမီးကလေး၏ကိုယ် အရေအဆင်းသည် မပြင်မဆင် ပကတိပင်ကို အားဖြင့် ကြာညိုပန်းအဆင်းရှိ၍ အလွန်ရှုချင့်စဖွယ် တင့်တယ်လှပေ၏။

ထိုကဲ့သို့ ကြာညိုပန်းအစင်းရှိသောကြောင့် 'ဥပ္ပလဝဏ္ဏာ'ဟုအမည်တွင်ခဲ့၏။ ရဟန္တာထေရီမ ဖြစ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်၌မူ ခန္ဓာကိုယ်အတွင်းရှိ ကိလေသာမီးပုံများ ကင်းငြိမ်းသွား ရကာအချောတွင် အယာဉ်အဆင့်ဆိုသကဲ့သို့ ရှေးကထက် လှပတင့်တယ်လျက်ရှိလေသည်။

လှူဘာကပင် ထိုသူဌေးသမီးကလေးကို တစ်ဖက်သတ်ချစ်ကြိုက်နေသည့် နန္ဒခေါ်သည့်ဆွေမျိုးတော်စပ်သူ လုလင်ပျိုတစ်ယောက်ရှိခဲ့သည်။

တစ်နေ့တွင် မောင်နန္ဒသည် ဥပ္ပလဝဏ်ရဟန္တာထေရီ မလေးရွာထဲ ဆွမ်းခံသွားချိန်တွင် ထိုထေရီမကလေး၏ ကျောင်းထဲဝင်ပြီး ပုန်းအောင်းနေ၏။

ထေရီမကလေးဆွမ်းခံရာမှ ပြန်လာပြီး ကျောင်းတံခါးပြန်ပိတ်၍ ခုတင်ကလေးပေါ် အမောဖြေ ခေတ္တထိုင်နေ၏။ အပြင်မှဝင်လာသူ ထေရီမကလေးအဖို့ ကျောင်းခန်းတွင်း၌ မျက်စိမမြင်အမှောင်ဝင်နေ၏။

ထိုအချိန်တွင် အကြံသမားမောင်နန္ဒသည် ထေရီမကလေးကို ဖက်လှဲကာ အဓမ္မပြုကျင့်လေတော့၏။ ထေရီမကလေးကား ကိလေသာကုန်ခမ်း ရဟန္တာမဖြစ်သည့်တိုင် တစ်စုံတစ်ရာသာယာမှု မရှိခဲ့ချေ။

မောင်နန္ဒကား မိမိအလိုဆန္ဒပြည့် သွားပြီဖြစ်၍ ကျောင်းကလေးပေါ်မှ တဖြည်းဖြည်းဆင်းသွားလေသည်။ သူသည်ထေရီမကလေးမျက်စိမမြင်ရာ အရပ်သို့ရှောင်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်တစ်ပြိုင်နက်မြေမျိုကာ အဝီစိငရဲသို့ ကျရောက်သွားသည်ဟု ပါရာဇိကာဏ်ပါဠိတော်၊ အဋ္ဌကထာတို့၌ ဟောကြားမိန့် ဆိုထား၏။ ထိုကား ရဟန္တာထေရီမကို လွန်ကျူးရာ၌ အပြစ်အလွန်ကြီးမားပုံဖြစ်သည်။

မင်းလေဟိရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ကာမေသုမိစ္ဆာစာရကံနှင့်ပရဒါရကံ

ကာမပိုင်လင်ယောကျ်ားရှိသည့်သူများအား တိတ်ဝှက်ခိုးပေါင်းသင်းဆက်ဆံခြင်းကို 'ပရဒါရကံ'ထိုက်သည်ဟု နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာက 'ပရဒါရိက ပြိတ္တာဝတ္ထု'တို့၌ ဆို၏။

ဓမ္မပဒအဋ္ဌကထာသူဌေးသားလေးယောက်ဝတ္ထု၌လည်း 'ပရဒါရကံကို ပြုသောကြောင့်' (ပရ ဒါရိက ကမ္မကတ္တာ)ဟု မိန့်ဆိုထား၏။ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟုကား မဆိုကြချေ။

ထို့ကြောင့် 'ပရဒါရကံ'သည် ကာမေသုမိစ္ဆာစာရကံမှအလွတ်ဖြစ်သည့် ကံလား၊ ထိုကံက ကာမေသုမိစ္ဆာစာရကံ

www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီးအပြစ်ကြီးသလားဟု မေးလေ့ရှိကြ၏။ အဖြေကား ကာမေသုမိစ္ဆာစာရကံမှ သီးခြားအလွတ်ဖြစ်သည့်ကံ မဟုတ်ပါ။ အတူတူပင်ဖြစ်ပါသည်ဟု ဖြေရပါသည်။

မှန်ပါ၏။

ပရဒါက ဆိုသည်မှာ သူတစ်ပါးတို့၏ မယားဟု အဓိပ္ပာယ်ရ၏။ (ပရ=သူတစ်ပါးတို့၏၊ + ဒါရ=မယား) ယောကျာ်းများသွားလာပေါင်းသင်းဆက်ဆံလျှင်ကာမေသုမိစ္ဆာစာရကံထိုက်သည့် မိန်းမ(အဂမနီယဝတ္ထု)နှစ်ကျိပ်တွင် အပျို(၈)မျိုးနှင့်သူများမယား(၁၂)မျိုးပါဝင်ပါသည်။

ထို့တွင် အပျို(၈)မျိုး၌ လွန်ကျူးသွားလာလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟု သာဆိုပါသည်။ "သူများမယား(၁၂)မျိုး၌ လွန်ကျူးသွားလာလျှင်မူ ကာမေသုမိစ္ဆာစာရကံ"ထိုက်သည်ဟုဆိုနိုင်သကဲ့သို့ 'ပရဒါရကံ' ထိုက်သည်ဟုလည်း ဆိုနိုင်သည်။ ကျမ်းဂန်၌ လည်း သုံးသည်။

စတုတ္ထအရှုံ့ဩဂ္ဂိုရ်ပါဠိတော် 'နိရယ သုတ်နှင့် ပဥ္စက အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေရသုတ်တို့၌ စုဏ္ဏိယပါဠ်တွင် ကာမေ သုမိစ္ဆာစာရ'ဟုဟောကြားတော်မူပြီး နဂုံးဂါထာများ၌ 'ပရဒါ ရူပဂစ္ဆတိ'ဟုဟောကြားတော်မူထားပေသည်။ ကံနှစ်မျိုး အတူတူပင်ဖြစ်၍ အပြစ်ပိုကြီးခြင်းမရှိပါ။ ရှေ့တွင် ဖော်ပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် အတိုင်းအလွန်ကျူးခံရသူသီလရှိ၊ မရှိကိုလှိုက်ပြီး
အပြစ် ထိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကာမေသုမိစ္ဆာစာရကံ၏ဆိုးကျိုးများ

ကာမေသု မိစ္ဆာစာရကံကို လွန်ကျူးသူသည် ယခုလက်ရှိဘဝ၌ပင် ဘေးရန်အမျိုးမျိုး တို့နှင့်တွေ့ကြုံရတတ်သည်။ ကိုယ်စိတ်နှစ်ပါးဆင်းရဲဒုက္ခများကို ခံစားရတတ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေရသုတ်၌ဟောကြားတော်မူထား၏။

တမလွန်ဆိုးကျိုးများကား ပဋိသန္ဓေကျိုးပေးသည့် မူရင်းမုချဆိုးကျိုးနှင့် ပဝတ္တိကျိုးပေးသည့် ဆိုးကျိုးဆက်၊ ဆိုးကျိုးများဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ကာမေသုမိစ္ဆာစာရကံကိုလွန်ကျူးသူသည် နောင်ဘဝတွင် အပါယ်လေးဘုံတို့တွင် တစ်ဘုံဘုံ၌ သွားဖြစ်ရခြင်းကား ပဋိသန္ဓေဆိုးကျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်လာသည့်အခါ၌လည်း ရန်သူတို့၏ရန်ငြိုးဖွဲ့မှုကို ဖြစ်ပွားစေခြင်းသည် ပဝတ္တိအကျိုးဆက် အကျိုးများဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် (ဒုဒ္ဒရိတဝိပါကသုတ်) စသည် တို့၌ ဟောကြားထား၏။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကလည်း အကျိုးဆက်၊ အကျိုးများနှင့်ပတ်သက်၍ အပါယ်လေးခုံတို့မှ လွတ်၍ လူဖြစ်လာပြန်လျှင်လည်း –

(၁) မလိုမုန်းထားသူပေါ်များခြင်း၊

(၂) ရန်သူများခြင်း၊

(၃) လာဘ်လာဘအစွည်းများ ရှားပါးခြင်း၊

(၄) ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကင်းခြင်း၊

(၅) မိန်းမဖြစ်ရခြင်း၊

(၆) မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် နပုံးပဏ္ဍုတ် ဖြစ်ခြင်း၊

(၇) ယောကျ်ားဖြစ်သော်လည်း ယုတ်ညံ့သည့်အမျိုး၌ ဖြစ်ခြင်း၊

(၈) မျက်နှာပျက်ပြီးအရှက်ကွဲရခြင်း၊

(၉) စိုးရိမ်ကြောင့်ကြမှုအားကြီးခြင်း၊

(၁၀) ချစ်သူနှင့်ကွဲကွာရတတ်ခြင်း၊

စသည်ဆိုးကျိုးဆက်များကို ခံစားရတတ်သည်ဟု မိန့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကာမေသုမိစ္ဆာစာရကံမှ ရှောင်ကြဉ်ရကျိုး

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်လျှင် ဖော်ပြခဲ့သည့် ဆိုးကျိုးများကို ခံစားရသကဲ့သို့ ရှောင်ကြဉ်စောင့်ထိန်းလျှင်လည်း ကောင်းကျိုးများကို ခံစားရပေသည်။ ထိုကောင်းကျိုး များမှာ –

(၁) ရန်သူကင်းခြင်း၊
(၂) လူအပေါင်းတို့ချစ်ခင်မြတ်နိုးခြင်း၊
(၃) စားဝတ်နေရေးအဆင်ပြေခြင်း၊
(၄) ချမ်းသာစွာအိပ်နိုးရခြင်း၊
(၅) မိန်းမ၊ နပုံး ပဏ္ဍုတ်တို့မဖြစ်ခြင်း၊
(၆) အမျက်ဒေါသနည်းခြင်း၊
(၇) ဇနီးမောင်နှံအချင်းချင်းချစ်ခင်ကြင်နာခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(၈) ကိုယ်အင်္ဂါလက္ခဏာပြည့်စုံခြင်း၊

(၉) စိုးရိမ်ကြောင့်ကြမှုနည်းခြင်း၊

(၁၀) ဘေးရန်ကင်းခြင်း၊

(၁၁) ချမ်းသာစွာနေထိုင်ရခြင်း၊

(၁၂) ချစ်သူနှင့်ကွဲကွာမှုမရှိခြင်း စသည်တို့ဖြစ်သည် ဟု ခုဒ္ဒက ပါဠိ အဋ္ဌကထာ၌ မိန့်ဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ညှိကံကြောင့် စေ့ကြသူ(၄)ဦး

ဤလောက၌ ထိုကံကို လွန်ကျူးသူတို့အလွန်များကြ၏။ ထို့ကြောင့် ညှိကံကို လွန်ကျူးသဖြင့် ဆိုးကျိုးများခံစားရပုံကို ဝတ္ထုသာဓကအနည်းငယ်တင်ပြပါဦးမည်။

ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင်လက်ထက်တော်၌ကုဋေလေးဆယ်စီကြွယ်ဝချမ်းသာကြသော ဗာရာဏသီပြည်သားသူဌေးသားလေးဦးရှိသတဲ့။

ထိုသူဌေးသားလေးဦးတို့သည် ဒါန၊ သီလစသော ကုသိုလ်တရားတို့ကို မဆည်းပူး မပွားများခဲ့သူတစ်ပါး မယားတို့ကိုသာ ဥစ္စာများစွာပေးကာ လွန်ကျူးပျော်ပါးနေကြသည်။ ထိုကာမေသုမိစ္ဆာစာရကံကြောင့် ထိုသူလေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် လုံးသေဆုံးကြသောအခါ အဝီစိငရဲသို့ကျရောက်ကြသည်။

အဝီစိငရဲမှ လွတ်မြောက်ကြသောအခါ ယူဇနာခြောက်ဆယ်ရှိသော လောကကုမ္ဘီငရဲတွင် ဦးခေါင်းဇောက်ထိုး ကျရပြန်၏။ နစ်မြုပ်ရာတွင် အနှစ်သုံးသောင်းကြာသကဲ့သို့ ပြန်ပေါ်လာရာ၌လည်း အနှစ်သုံးသောင်းကြာ၏။

ပြန်ပေါ်လာ၍ ငရဲအိုးသို့ ရောက်လာသောအခါ မိမိတို့မှားခဲ့ပုံ၊ ယခုခံစားရပုံ၊ သံဝေဂရပုံတို့ကို တစ်ဦးလျှင် တစ်ဂါ ထာစီဖြင့် သတိပေးပြောကြားကြသည်။ သို့ရာတွင် သူတို့ လေးဦးလုံးဂါထာဆုံးအောင် ရွက်ချိန်မရဘဲ ဂါထာ၏အစ တစ်လုံးစီကိုသာ "ဒု-သ-န-သော" ဟုအသီးသီး ရွတ်ဆိုစဉ်ပင် တစ်ဖန်ပြန်၍နစ်မြုပ်သွားကြသည်။

ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ရွှေကျင်ဂိုဏ်းကို တည်ထောင်တော်မူသော ပထမရွှေကျင်ဆရာတော်ကြီးက

(၁) ကုဋေလေးဆယ်၊ ဥစ္စာကြွယ်၊ မိုက်ခေါင်ထက်သည့်သူဌေးသား။

(၂) လေးယောက်လုံးပင်၊ ရှုးစိတ်ဝင်၊ လူ့မယားတွင်ကာလလျား။



www.burmeseclassic.com

www.burmeseclassic.com



(၃) လောက ကုမ္ဘီ၊ ကြေးအိုးနိဗ္ဗ၊ ဘောကြီးကျိုက်၊ မိုက်ပြစ်မဟုတ်လား။

(၄) [illegible]ညွှန်တရား၊ နှလုံးသား၊ ပရဒါရရှာလေ လော့ဟုဆို၊ မဟော်မူမဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤကံကြောင့်မိန်းမစသည်ဖြစ်ရသူများ

အရှင်အာနန္ဒာအလောင်းသည် တစ်ခုသောရှေးပန်းထိမ်သည်သားဘဝ၌ မိတ်ဆွေဆိုးနှင့်ပေါင်းမိပြီး ကာမေသုမိစ္ဆာစာရကံကိုလွန်ကျူးခဲ့၏။

ထိုအကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ငရဲဒုက္ခကို ခံစားရ၏။ ငရဲမှ လွတ်သည့်အခါ ဆိတ်ဘဝ၊ မျောက်ဘဝ၊ နွားဘဝတို့၌ ဖြစ်ကာဝှေးစေ့ထုတ်ခံရ၏။ ထို နောက် ဝဇ္ဇီတိုင်း၌ နပုံးပဏ္ဍုက်တစ်ကြိမ်၊ တာဝတိံသာ၌ သိကြားမင်း၏ မိဖုရားလေးကြိမ်၊ စဝနနတ်သား၏ နတ်မိဖုရားကြီးတစ်ကြိမ်၊ မိတ္ထိလာပြည်၌ အင်္ဂတိမင်းကြီးသမီးတော် တစ်ကြိမ်ဖြစ်ရသည်။

www.burmeseclassic.com

မင်းလေးကိုစာပေ

www.burmeseclassic.com



ထိုရှစ်ဒေဝီဘဝတွင် ရှေးဖြစ်ခဲ့ဖူးသည့်ဘဝများကို ပြန်မြင်ပြီး "ယောကျ်ားဖြစ်လိုသူများသည် ဖြစ်လေရာ ဘဝတိုင်းတို့၌ မရှေ့ါရက်ကိုရှောင်ကြဉ်ရမည်၊ မိမိလင်ယောကျ်ားကိုရိုသေစွာပြုစုလုပ်ကျွေးရမည်"ဟု လမ်းညွှန်ခဲ့ကြောင်း မဟာနာရဒကဿပဇာတ်တော်ကြီး၌ ဟောကြားတော်မူခဲ့ပေသည်။

ကျွန်ုပ်တို့မြတ်စွာဘုရားရှင် လက်ထက်တော်၌လည်း "ဣသိဒါယီထေရီမ"သည် အဆူဆူသော ရှေးဘုရားရှင်တို့၏ အထံတော်၌ ယောကျ်ားဘဝတို့ဖြင့် ပါရမီဖြည့်ကျင့်ခဲ့သူ ဖြစ်ပါသည်။

ထိုသို့ဖြစ်ပါလျက်လွန်ခဲ့သည့် ခုနစ်ဘဝမြောက်၌ ရွှေပန်းထိမ်သည် ဖြစ်ခဲ့လေရာ မကောင်းသောမိတ်ဆွေနှင့် ပေါင်းမိပြီးသူတစ်ပါးမယားကို လွန်ကျူးမိခဲ့၏။

ထိုယုဒါရအကုသိုလ်ကံကြောင့် ငရဲသို့ကျရောက်ပြီး ငရဲမှလွတ်သည့်အခါ၌လည်း တိရစ္ဆာန်ဘဝတွင် သုံးကြိမ်သင်းကွပ်ခံရ၍ ထိုမှလွတ်လျှင်ကျွန်မဝမ်း၌ နပုံးပဏ္ဍုတ်ဖြစ်ရသည်။ ယခုကျွတ်တမ်းဝင်သည့်နောက်ဆုံးဘဝ၌လည်း မိန်းမဘဝဖြင့်ပင်ကျွတ်တမ်းဝင်ရရှာသည်ဟုဂေါ်ရီအဋ္ဌကထာ၌လာသည်။

ထို့ပြင်ဘုရားရှင်လက်ထက်တော်က အိမ်ထောင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သောရေယျသူဌေးသားသည် အလွန်ချောမောလှပသည့် အရှင်မဟာကစ္စည်းရဟန္တာမထေရ်မြို့တွင်းသို့ ဆွမ်းခံဝင်လာသည်ကို အမှတ်မထင်တွေ့မြင်လိုက်ရသည့်အခါ–

"ဒီမထေရ်ဟာ ငါ့မိန်းမဖြစ်လျှင်ကောင်းမှာပဲ ငါမိန်းမနဲ့အသားအရောင်ဟာ ဒီမထေရ်ရဲ့အသားရောင်အတိုင်း ဖြစ်လျှင်ကောင်းမှာပဲ"

ဟုမတော်မလျှော် နှလုံးသွင်းချော်ကာ ပြစ်မှားမိ၏။ ယင်းအကုသိုလ်မနောကံကြောင့်ပင် ခဏချင်းယောကျ်ားဘာမှ မိန်းမဘာသို့ ရောက်ခဲ့ရရှာသည့်ဟု ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

ဤသို့ကာမဂုဏ်နှင့်ပတ်သက်ရာ၌ ကာယကံမြောက် လွန်ကျူးပစ်မှားသည်ကို မဆိုထားဘိ ရဟန္တာမထေရ်မြတ်ကို ယောကျ်ားအချင်းချင်းစိတ်ဖြင့် ပြစ်မှားမိရုံမျှဖြင့်ပင် ယောကျ်ားဘာမှ မိန်းမဘာသို့ ပြောင်းလဲသွားရကာ အလွန် ကြောက်ဖွယ်ရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါနှင့်အပြစ်ပြကာဗျာ

ရှောင်ရှားအပ်သူ မိန်းမများ၌
ရာဂစိတ်ထား ပေါင်းဖော်လို့၊
လုံ့လပြုကာ ကျူးလွန်ပြုက
ကာမေသုတ္တံ အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲကျမည်ဆို။
လွတ်လာပြန်က နပုံးမ၊ မိန်းမဖြစ်သံကို၊
အဲဒါကြောင့် မိစ္ဆာစာရ ရှောင်ကြပါစေလို့။

ဤဖော်ပြပါ အကြောင်းအရာများအရ ဤကာသည် အလွန်ကြောက်ဖွယ်ရာကောင်းလှ၏။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့၍ အခြားသာဝကများနှင့်မတူ ထူးခြားစွာ တေဒဝ်ငါးတန်ရရှိခဲ့သည့် ဘုရားညီတော် အရှင်အာနန္ဒာကဲ့သို့သော ပါရမီရှင်ကြီးများကိုပင် အလွတ်မပေးဘဲကမ္ဘနိယာမအတိုင်း မကောင်းကျိုးပေးတတ်သည့်အတွက် အမျိုးသား၊ အမျိုးသမီးတိုင်း အထူးသဖြင့်အမျိုးသားတိုင်း မကျူးလွန်မိအောင် အထူး ရှောင်ရှားသင့်ကြသည်။

မဟာစရိယ ဦးအေးနိုင်(ဘီအေ)
(ဗုဒ္ဓဘာသာဂုဏ်ရည်စာအုပ်မှ)

www.burmeseclassic.com